www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မောင်ညိုဩး (ပန်းတော)

## ချစ်သက်ဆယ်ပြုန့်မိုး

www.burmeseclassic.com

www.burmeseclassic.com

**ထုတ်ဝေသူ**
ဦးနိုင်မျိုးထွန်း (အင်ပါယာစာပေ)
တိုက် ၂၁၊ အခန်း ၁၁၊
စိပ္ပွားကူးသန်းဝန်ထမ်းအိမ်ယာ၊
ဦးဝိစာရလမ်း၊ မြောက်ဒဂုံ။

**ပုံနှိပ်သူ**
ဦးမောင်မောင်လွင် (သဝိရတနာအော့ဖ်ဆက်)
၂၀၄၊ လမ်း ၃၀၊ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com

# အင်ပါယာစာပေ

-တိုက် ၂၁၊ အခန်း ၁၁
စီးပွားကူးသန်းဝန်ထမ်းအိမ်ယာ
ဦးဝိစာရလမ်း၊ မြောက်ဒဂုံ။

-တိုက် ၉၊ တတိယထပ် (ဝဲ)
ယုဇနလမ်း၊ စစ်တောင်းရိပ်မွန်
ယုဇနဥယျာဉ်မြို့တော်။
ဖုန်း - ၅၉၃၂၆၅

-E-mail: EPC@mail2world.com
-P.O.Box - 234

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်

၃၉/၂၀၀၄(၁)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၁၆၃/၂၀၀၄(၂)

ထုတ်ဝေခြင်း

ပထမအကြိမ်

၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီ

အုပ်ရေ

၅၀၀

တန်ဖိုး

၁၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# ချစ်သကာဆပါပြန်

မောင်ညိုအေး [ပန်းတော]

www.burmeseclassic.com

www.burmeseclassic.com

တွေဆုံခြင်းအတွက်

အိပ်မက်တိုင်း ရင်ခုန်ဖော်

သံယောဇဉ် အကြောင့်ကျ

တောင့်တ,လင့်မျှော် . . . ။

တမ်းတရင် အနီးလေး

လွမ်းရရင် ခရီးဝေး . . . ။

မြတ်နိုးမှု နောက်တော်ပါး

နှလုံးသားရဲ့စေရာကျွန်

အနွံတာ ဟူသမျှ

ယုယချင်သေး . . . ။ ။

www.burmeseclassic.com

www.burmeseclassic.com

# ( ၁ )

လင်းသန့်မျက်နှာလေး ခပ်ငယ်ငယ်ဖြစ်နေ၏။

ကားမောင်းနေရင်းကပင် ဟိုးလေးတကျော်ဖြစ်ခဲ့သော ဇာတ်လမ်းမှာ မပါဝင်ကြောင်းကို ရှင်းပြနေ၏။

"လွင်မောင့်ကောင်မလေးလို့ပြောပြီး တစ်ပတ်နှစ်ခါလောက် လာအိပ်တာ မမေမိုး၊ ဒီလိုဖြစ်လိမ့်မယ်လို့ မထင်ထားတာအမှန်ပဲ၊ အားလုံးကတော့ ကျွန်တော့်ကို နီတိုးတို့ လွင်မောင်တို့နဲ့ တစ်ဂိုဏ်းတည်းလို့ မြင်နေကြတာ၊ ဒီ့ပြင်လူတွေ ထင်တာ မြင်တာထက် မမေမိုး အထင်မြင်သေးသွားမှာကို အကြောက်ဆုံးပဲ၊ သူတို့

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာမှာ ကျွန်တော် လုံးဝ မပတ်သက်ရပါဘူး မမေမိုးရယ်”

လင်းသန့်စကားကိုတော့ သူမ အကြွင်းမဲ့ယုံသည်။ မိန်းမ ကိစ္စ အရှုပ်အရှင်းမှာ မပတ်သက်မှန်းလည်း သိ၏။

လွင်မောင်နှင့်နီတိုးတို့ မိန်းကလေးတစ်ယောက်ကိုခေါ်ပြီး ပျော်ပါးနေတာကို ကုမ္ပဏီပိုင်ရှင်ကရော၊ မန်နေဂျာဖြစ်သူကပါ သတင်းရထားတာ ကြာပြီ . . . ဟုဆို၏။ ဒီပြဿနာမဖြစ်ခင်က တည်းက လွင်မောင်နှင့်နီတိုးကို မန်နေဂျာလုပ်သူက မျက်မုန်းကျိုး နေခဲ့၏။

“လွင်မောင့်ကောင်မလေးလို့ပဲ ပြောတယ် ထားဦး၊ တစ်ကြိမ်တစ်ခါလည်း မကဘူး၊ ဒီ့ပြင်လူတွေကို မပြောဖြစ်တောင်မှ ငါ့ကိုတော့ နင် အသိပေးသင့်တယ် လင်းသန့်၊ ပြဿနာဖြစ်ပြီဆို တော့ နင်က ကြားထဲက ကန့်လန့်ပါလာရပြီ၊ စိတ်ရှုပ်တယ်ဟာ”

လွင်မောင်တို့ပြဿနာအရှုပ်အရှင်းမှာ လင်းသန့်က ကြားညပ်နေရပြီ။ စည်းကမ်းအရ အရေးယူကြကြေးဆိုရင်တော့ လင်းသန့်ပါ အဖျားခတ်ပြီး ပါတော့မည်။

“သူတို့နှစ်ယောက်က မကြာခင် ယူကြတော့မှာ . . . လို့ လွင်မောင် ပြောတာပဲ မမေမိုး၊ ပြီးတော့ လွင်မောင်က ဒေါ်ခင် သက်ချိုနဲ့ ဆွေရိပ်မျိုးရိပ်မကင်းတဲ့သူ၊ မိန်းကလေးနဲ့ယောကျ်ားလေး

www.burmeseclassic.com

www.burmeseclassic.com



ညအိပ်ညနေကိစ္စမျိုးကို ဘယ်လိုလုပ်ပြီး မမေမိုးသိအောင် ပြောဝံ့မှာလဲ”

“အဲဒါခက်တာပေါ့ လင်းသန့်၊ စတိုခန်းက မီးစက်အသစ်တစ်လုံးရယ် စတီးချောင်းတွေရယ်ပါ ပျောက်နေတာ”

“ဟာ . . . ပြဿနာပဲ”

“မိန်းမကိစ္စမှာ နင့်အနေနဲ့ သိသိကြီးနဲ့ အလိုတူအလိုပါပုံစံမျိုး သက်ရောက်သလိုပဲ၊ ပစ္စည်းပျောက်တဲ့ကိစ္စမှာလည်း တိုက်ရိုက်တာဝန်ရှိနေတယ် လင်းသန့်”

“ဒါဆိုရင်တော့ ဒုက္ခပါပဲ မမေမိုး၊ ဒီကောင်တွေ ဒီလောက်တောင် လက်ရဲဇက်ရဲနိုင်မှာ မဟုတ်ဘူးလို့ ကျွန်တော် လျှော့တွက်မိတာ မှားတာပဲ”

ပစ္စည်းပျောက်ခြင်းကိစ္စမှာရော မိန်းမကိစ္စမှာပါ လင်းသန့် မပါဘူးဆိုတာကို ယုံကြည်နေ၏။ သို့ပေမယ့် အများအမြင်မှာ အဖြစ်အပျက်တွေထဲကတော့ လင်းသန့် ရုန်းထွက်လို့ မရပေ။

“ဖြစ်ပြီးမှတော့ ဘာမှလုပ်လို့ ပြင်လို့ မရတော့ဘူး လင်းသန့်၊ တစ်ခုခုအတွက် နင် ကြိုတင်ပြင်ဆင်ထားပေါ့ဟာ”

သူမအနေဖြင့် ဘာဆုံးဖြတ်ရမည်ကို ပါးစပ်မှ ပြောမထွက်ချင်။ အခုအဖြစ်အပျက်မှာတော့ လင်းသန့်ကို သူမ, မကယ် နိုင်

www.burmeseclassic.com

www.burmeseclassic.com



တော့ပြီပဲ။

"ကုသိုလ်ကံပဲပေါ့ မမေမိုးရယ်"

အိမ်ရှေ့ရောက်တော့ အရင်နေ့တွေကလို ကားပေါ်မှ လင်းသန့် မဆင်းဘဲနေ၏။

သူမကလည်း လင်းသန့်ကို မခေါ်မိ။ လင်းသန့်ကားလေး မောင်းထွက်သွားတော့ စိတ်မကောင်းဖြစ်ရသေး၏။

♍

BURMESE CLASSIC .com

"ဖြစ်ပျက်ခဲ့တဲ့ကိစ္စကို မေမိုးကိုယ်တိုင် ကိုင်တွယ်ဖြေရှင်းပါ၊ ဒီသုံးယောက်စလုံးကို မေမိုး ဘယ်လိုလုပ်မလဲဆိုတဲ့ အဖြေကို သိချင်တယ်"

တကယ်ဆို အခုပြဿနာကို မန်နေဂျာဖြစ်သူက ကိုင်တွယ်ဆုံးဖြတ်ရမှာဖြစ်၏။ အခုတော့ မန်နေဂျာလုပ်သူရှေ့မှာပင် ကုမ္ပဏီပိုင်ရှင် ဒေါ်ခင်သက်ချိုက သူမဆီ ဦးတည်နေသည်။

"ဟုတ်တယ် မေမိုး၊ သူတို့သုံးယောက်နဲ့ပတ်သက်ပြီး ဘာလုပ်သင့်တယ် ဘာလုပ်ရမယ်ဆိုတာကို မေမိုး သိမှာပါ၊ မေမိုးက မညံ့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



လွင်မောင်က ဒေါ်ခင်ချိုသက်နှင့် ဆွေရိပ်မျိုးရိပ်မကင်း သူ။ နီတိုးက လွင်မောင်၏သူငယ်ချင်း။ ပြီးတော့ လင်းသန့်က သူမနှင့်တွဲသွားတွဲလာများပြီး မောင်အရင်ပမာ ခင်မင်နေသူ။

အိမ်ပေါ်သို့ ရောက်ရောက်ချင်းမှာပင် အဝတ်အစားမလဲ သေးဘဲ ခြေပစ်လက်ပစ်ထိုင်ရင်းက လင်းသန့်တို့ကိစ္စကို စဉ်းစား နေမိ၏။ ပြဿနာအားလုံးကတော့ သူမခေါင်းပေါ်သို့ ပုံကျခဲ့တာ သေချာနေပြီ။

"အဝတ်အစားတွေ ဘာတွေ မလဲသေးဘဲ ဒီတိုင်းကြီး ထိုင်နေပါလား၊ မောင်လင်းသန့်ရော သမီး"

"ဖေဖေတို့ကို မျက်နှာချင်းဆိုင်ရမှာ မျက်နှာပူလို့ အိမ်ပေါ် မတက်တော့တာနေမှာပေါ့၊ အခုလည်း သူတို့ကိစ္စတွေကြောင့် အဝတ်အစားမလဲနိုင်သေးဘဲ ခေါင်းရှုပ်နေရတာ"

နေ့စဉ်နေ့တိုင်းလိုလို သူမကို ပြန်ပို့ရင်းက ရေမိုးချိုး ထမင်းစားပြီးမှ လင်းသန့် ပြန်နေကျပင်။

လင်းသန့်မှာ မိဘနှစ်ယောက်စလုံးမရှိတော့။

နယ်မြို့လေးမှနေ၍ ရန်ကုန်တက်လာသည်။ သူမတို့ ကုမ္ပဏီမှာ ဒရိုင်ဘာလုပ်နေတာ နှစ်အတော်ကြာခဲ့ပြီ။

မျက်စိရှေ့မှာပင် ဆယ်တန်းအောင်ပြီး အပေးသင်

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယနှစ် တက်နေသူဖြစ်၏။

နေစရာအတွက် လွင်မောင်နှင့်အတူတူ ကုမ္ပဏီပိုင် စတိုခန်းမှာ နေရသူဖြစ်၏။

"ဘာတွေများ ထပ်ထူးလို့လဲ သမီး"

ဖြစ်ပျက်ခဲ့သော မိန်းမအရှုပ်အရှင်းကိစ္စကိုတော့ ဖေဖေတို့ သိထားကြသည်။ သူမလိုပင် ဖေဖေတို့ကပါ လင်းသန့် မပတ်သက်ဘူးဆိုတာကို ယုံနေကြ၏။

"ထူးတယ် ဖေဖေ"

မီးဖိုခန်းမှ ထွက်လာသော မိခင်ဖြစ်သူကပါ မေးပြန်၏။

"ပြောစမ်းပါဦး သမီး၊ မန်နေဂျာကိုရော ပိုင်ရှင်ကိုပါ မောင်လင်းသန့်ရဲ့ ကိုယ်ကျင့်သိက္ခာအတွက် သမီးက အကာအကွယ် မပေးဘူးလား"

သံယောဇဉ်စိတ်ဖြင့် မေမေက လွယ်လွယ်ကူကူ ပြောနေ၏။

လင်းသန့်တစ်ယောက် အိမ်မှာ အဝင်အထွက်များသလို အိမ်နှင့်ပတ်သက်သောကိစ္စအဝဝတို့မှာလည်း လင်းသန့်၏ ခြေရာလက်ရာတွေက မကင်းပြန်။

"ဘယ်လိုလုပ်ပြီး အကာအကွယ်ပေးနိုင်မှာလဲ မေမေရယ်၊

www.burmeseclassic.com

www.burmeseclassic.com



အခုကိစ္စက မိန်းမကိစ္စပါ မဟုတ်ဘူး၊ စတိုခန်းက ပစ္စည်းတွေပါ ထပ်ပျောက်နေတာ”

“ဒါဆို ဟိုနှစ်ယောက်ရဲ့လက်ချက်ပဲ နေမှာပေ့ါ”

လင်းသန့်ကို အကာအကွယ်ပေးသော စကားမျိုး မေမေ ချက်ချင်းပြော၏။ ဖေဖေကတော့ တွေးတွေးဆဆဖြင့် ဝင်ပြောသည်။

“ဒီအထိဖြစ်လာရင်တော့ မောင်လင်းသန့်အတွက် အခြေအနေ မကောင်းဘူးပေ့ါ . . . ဟုတ်လား သမီး”

“ဟုတ်တယ်ဖေဖေ . . . ဒီနေ့ပဲ မန်နေဂျာနဲ့ ပိုင်ရှင်က သူတို့သုံးယောက်နဲ့ပတ်သက်ပြီး သမီးကို ခေါ်တွေ့တယ်၊ ဒီကိစ္စကို ရှင်းဖို့ သမီးခေါင်းပေါ် ပုံကျလာတယ်၊ သူတို့သုံးယောက်စလုံးကို ပြတ်ပြတ်သားသား အရေးယူပေးဖို့ တာဝန်ပေးတယ်”

“ဒါဆိုသမီးက မောင်လင်းသန့်နဲ့ပတ်သက်ပြီး ကာကွယ်တဲ့ စကားမျိုး မပြောခဲ့ဘူးပေ့ါ”

“ဘယ်လိုလုပ်ပြောမှာလဲ မေမေ၊ အလုပ်ထဲမှာက သမီးနဲ့ လင်းသန့်က အခင်ဆုံး”

“သမီးကို အရေးယူခိုင်းပြီဆိုတော့ ဟိုနှစ်ယောက်ကို အလုပ်ထုတ်ပစ်လိုက်ရုံပဲပေ့ါ”



www.burmeseclassic.com

www.burmeseclassic.com



မိခင်ဖြစ်သူကတော့ ရိုးစင်းစွာတွေးပြီး ပြောနေပြန်၏။

"အခုအခြေအနေမှာတော့ လင်းသန့်ကိုပါ အလုပ်ထုတ်ပစ်ရမှာ မေမေ၊ သုံးယောက်စလုံးကို သုံးလစာ လခကြိုပေးပြီး အလုပ်ထုတ်ပစ်ရတော့မှာ"

သူမဆုံးဖြတ်ချက်ကို ဖေဖေက ဘာမှမပြောသော်လည်း မေမေကတော့ အားချင်းကန့်ကွက်လေသည်။

"မဟုတ်တာဘဲကွယ် . . . မောင်လင်းသန့်အကြောင်းကို သမီးသိနေတာပဲ၊ ဟိုနှစ်ယောက် လော်မာတဲ့အတွက် မောင်လင်းသန့်က ခားစာခံဖြစ်ရရှာတာပဲ"

"မဟုတ်သေးဘူး အမကြီး၊ သမီးကို တာဝန်ပေးမှတော့ ဒီလိုဆုံးဖြတ်တာ သဘာဝကျတယ်၊ မောင်လင်းသန့် မပါဘူးဆိုတာ သိနေပေမယ့် ဆက်နွှယ်နေသလိုမျိုး တာဝန်ရှိနေတာ၊ သမီးဆုံးဖြတ်တာ မှန်တယ်၊ သမီးနေရာမှာ ဖေဖေဆိုလည်း ဒီလိုပဲ အဆုံးအဖြတ်ပေးမိမှာ"

လင်းသန့်ကို ငဲ့ကွက်ခဲ့ရင် သူမဆုံးဖြတ်ချက်က မှားမှာသေချာသည်။ လင်းသန့်အဖြစ်ကတော့ အကုသိုလ်အလုံးအရင်းဝင်သလိုမျိုး ဖြစ်နေသည်။

"ဒါဆိုမောင်လင်းသန့်လေးတော့ ဒုက္ခပဲ၊ လောလောဆယ်



www.burmeseclassic.com

www.burmeseclassic.com


နေစရာ မရှိသလို အလုပ်ကကိုင်လက်မဲ့ဖြစ်သွားမှာ၊ သူက မိမဲ့ဖမဲ့ တစ်ကောင်ကြွက်မဟုတ်လား”

လင်းသန့်ကို သနားပေမယ့် ဘာမှမတတ်နိုင်။

“မတတ်နိုင်ဘူး မေမေ၊ သမီး ဒီလိုလုပ်ရတာကို လင်းသန့် နားလည်မှာပါ”

လင်းသန့်ကိုတော့ ကူပြီး နှိပ်စက်သလို ဖြစ်နေမှာ သေချာ၏။

ဒီပြဿနာအရှုပ်အရှင်းနှင့်ပတ်သက်ပြီး အခြေအနေအရ လင်းသန့်အပေါ် အကာအကွယ်မပေးနိုင်ခဲ့ပေ။

“သမီးအနေနဲ့ အလုပ်စည်းကမ်းနဲ့ပတ်သက်ပြီး မဖြစ်မနေ ဆုံးဖြတ်မှတော့ မေမေကလည်း တစ်ခုတောင်းဆိုရလိမ့်မယ်”

“ဘာများတောင်းဆိုမှာလဲ မေမေ”

သူမ မလိုက်လျောနိုင်သည့် ကိစ္စတစ်ခုခုကို တောင်းဆိုလေမည်လားဟု တုန်လှုပ်မိပြန်၏။

“အလုပ်အကိုင် မရှိ နေစရာမရှိဖြစ်တော့မယ့် မောင်လင်းသန့်လေးကို မေမေတို့အိမ်မှာပဲ ခေါ်ထားလိုက်မယ် . . . ဘယ်လို သဘောရလဲ အဖေကြီး”

မေမေ့တောင်းဆိုမှုက သူမ,ဆုံးဖြတ်ချက်ကို ပုံမပျက်စေခဲ့


www.burmeseclassic.com

www.burmeseclassic.com



၍သက်ပြင်းမောချမိသည်။

"အမေကြီးပြောတာ မှန်တယ် . . . မောင်လင်းသန့်မှာ လောလောဆယ် နေရေးထိုင်ရေး အခက်အခဲရှိမှာ သေချာတယ်၊ သူ မလုပ်ရဘဲနဲ့ အခြောက်တိုက်ခံရတဲ့ အဖြစ်မျိုးဆိုတော့ မောင်လင်းသန့် စိတ်လေပြီး မဖြစ်သင့်တာတွေ ထပ်ဖြစ်မှာ စိုးရတယ်၊ မောင်လင်းသန့်ကို အိမ်မှာပဲ ခေါ်ထားကြတာပေါ့"

လင်းသန့် အိမ်ပေါ်ရောက်လာမည့်ကိစ္စအတွက်တော့ သူမအနေဖြင့် ဝင်ပြီး ကန့်ကွက်စရာအကြောင်း မရှိပေ။

လောလောဆယ်မှာ မေမေပြောသလိုပင် လင်းသန့်ကို အိမ်ပေါ်ခေါ်တင်ထားတာ အကောင်းဆုံးပဲ . . . ဟု သဘောတူလိုက်မိသည်။

Q C R

www.burmeseclassic.com

www.burmeseclassic.com

# (၂)

သူမ၏ အရေးယူမှုကြောင့်ပင် လင်းသန့်နှင့်တကွ လွင်မောင်နှင့်နီတိုးတို့ အလုပ်မှထွက်သွားကြရသည်။

သူမ,မိဘတွေကတော့ လင်းသန့်ကို အိမ်ပေါ်ခေါ်တင်ထား၏။

"လွင်မောင်တို့ မွှေသွားတာ ပြဿနာက အခုထိ မအေးသေးပါလား မမေမိုး"

အလုပ်ပိတ်ရက်မို့ စုစုရှိရာအဆောင်သို့ သူမ ရောက်သွားခြင်းဖြစ်သည်။ အိပ်မက်တွေ မကောင်းသလို၊ စိတ်တွေလေးနေ၍

www.burmeseclassic.com

www.burmeseclassic.com



စုစုကိုအဖော်လုပ်ပြီး ရွှေတိဂုံဘုရားတက်ဖို့ ထွက်လာခဲ့ခြင်း ဖြစ်သည်။

အဆောင်မှထွက်ပြီး အငှားကားပေါ်ရောက်တော့ စုစုက ကောက်ခါငင်ကာ ပြောလိုက်သည်။ စုစုစကားကြောင့်ပင် စိတ်ဝင်စားပြီး မေးလိုက်မိသည်။

"ဘာများဖြစ်လို့လဲ စုစု၊ လွင်မောင်တို့ပြဿနာရှာသံများ ကြားလို့လား"

"ဒီနှစ်ကောင်ကတော့ အရိပ်အယောင် မတွေ့ရဘူး၊ လူတွေ ပြောနေကြတာရယ်၊ ပြီးတော့ မန်နေဂျာဦးတင်မြင့်ပြောတဲ့ လေသံကို စုစုမကြိုက်ဘူး မမေမိုး"

"ဘာများမို့လဲ စုစု"

"မမေမိုးနဲ့လင်းသန့်တို့ဆက်ဆံရေးကို အစောကြီးကတည်းက လူတွေ ထင်ကြေးပေးနေကြတာအသိပဲ၊ လွင်မောင်တို့ မွှေလို့ လင်းသန့် အလုပ်ထွက်ရတာကို မမေမိုးမိဘတွေက အခြေအနေအရ အကူအညီပေးကြတာကို စုစုသိတယ်၊ အခု လင်းသန့်က မမေမိုးတို့အိမ်ပေါ်ကိုတောင် ရောက်နေပြီလို့ လူတွေ ပြောလာကြတယ်၊ ဒါတွေထားလိုက်ပါ၊ အဲဒီစကားကို မန်နေဂျာဦးတင်မြင့်က ဘာလို့ တစ်လေသံတည်း နင်းလိုက်ရတာလဲ၊ လင်းသန့်ကို ပြန်ပြ

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ထုတ်ပစ်ပြီး အိမ်ပေါ်ခေါ်တင်ထားတာ ဘာသဘောလဲတဲ့၊ ဒီစကားက ဒေါ်ခင်သက်ချိုနားကို ရောက်မှာသေချာတယ်"

မန်နေဂျာဦးတင်မြင့်အနေနှင့်တော့ ဒီစကားမျိုး နှုတ်မှ မထွက်သင့်ပေ။

"ဒီစကားကို တကယ်ပြောရိုးအမှန်ဆိုရင်တော့ ဦးတင်မြင့် အနေနဲ့ တစ်ခုခုကို ရည်ရွယ်နေတာ သေချာနေပြီ"

"ပြောတာမှ စုစုရှေ့မှာ ပြောတာ၊ မမေမိုးဆီ ပြန်ရောက် မယ်ဆိုတာကို သိသိကြီးနဲ့ ပြောတာ၊ သူ့တူမ ဇာခြည်က စီးပွားရေး ဘွဲ့ရထားစဆိုတော့ မမေမိုးနေရာကို ပေးချင်လို့များလားမသိဘူး၊ ဒေါ်ခင်သက်ချိုရဲ့ စတိန်းလက်စတီးနဲ့ သံပန်းလုပ်ငန်း၊ အရောင်း အဝယ်လုပ်ငန်း နာမည်ရလာတယ်ဆိုတာ မမေမိုး ကြိုးစားအား ထုတ်ခဲ့တာ အများကြီးပါတယ်၊ စေတနာထားပြီး လုပ်ငန်းတွေကို ရော အလုပ်သမားတွေကိုပါ ကျွမ်းကျွမ်းကျင်ကျင် ဦးစီးခဲ့တာ မဟုတ်လား၊ အခုလို ကုမ္ပဏီကြီးဖြစ်လာမှ မမေမိုးကို ဖယ်ချင်တာ ကတော့ တရားလက်မဲ့နိုင်လွန်းတယ်"

စုစုပြောလိုက်မှပင် အခြေအနေအရပ်ရပ်ကို သူမ သဘောပေါက်သွားခဲ့၏။

"ဒေါ်ခင်သက်ချိုကတော့ စိတ်ထားမှန်တယ်လို့ ယူဆထား

www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ အေးလေ . . . ဒေါ်ခင်သက်ချိုကိုယ်တိုင်က လုပ်ငန်းတွေ အောင်မြင်လာပြီဆိုတော့ ဦးတင်မြင့်စကားကို နားယောင်ရင် ငါ့ကံပဲပေါ့ စုစုရာ”

“အနေအထားက မကောင်းတာအမှန်ပဲ၊ ဒေါ်ခင်သက်ချို အနေနဲ့ လုပ်ငန်းကလည်း အောင်မြင်၊ သူ့မောင်အရင်းနဲ့ အမွေခွဲကြတဲ့အချိန်၊ ဦးတင်မြင့်ရဲ့ အကြံဉာဏ်တွေကြောင့် ဒီအလုပ်ကနေ မမေမိုး ထွက်သွားရရင် ဘယ်လိုလုပ်မလဲ”

သူမအိပ်မက်တွေ၊ သူမစိတ်တွေ လေးလံနေတာ ဒီကိစ္စနှင့် ပတ်သက်နေမည်လား . . . ဟု တွေးမိပြန်၏။

ဦးတင်မြင့်က ဒေါ်ခင်သက်ချို၏ ယောက်ျားပဲလေ။

ရွှေတိဂုံစေတီတော်မြတ်မှာ ဦးခိုက်အပြီး သူမစိတ်ထဲမှာ ဖြစ်လာသည်တို့ကို စုစုအား ပြောပြမိသည်။

“ငါ့ကို စိတ်မခိုင်ဘူးလို့ နင်ထင်ရင်လည်း ထင်တော့၊ ဒီရက်ပိုင်းမှာ ငါမပျော်ဘူး၊ နင်ကပါ ဒီအကြောင်းတွေ ပြောလိုက်တော့ ငါ အနာဂတ်ကို ကြိုပြီး သိချင်တဲ့စိတ် ဖြစ်မိတယ်၊ ဗေဒင်၊ လက္ခဏာ၊ အကြားအမြင်ဆိုတာတွေကို ငါ့ဘဝမှာ တစ်ခါမှ အားမကိုးခဲ့ဖူးဘူး၊ ဒီတစ်ခါတော့ မေးချင်းမြန်းချင်တဲ့စိတ်ဖြစ်မိတယ် စုစု”

“ကောင်းတာပေါ့ မမေမိုး၊ ကျွန်မ မေးနေကျ အကြား



www.burmeseclassic.com

www.burmeseclassic.com



အမြင်ဆရာမဆီ အခုပဲ သွားရအောင်”

ဒီတစ်ခါတော့ သူမဘဝ၏ အနာဂတ်စာမျက်နှာကို ကြိုပြီး သိချင်မိသည်။

အကြားအမြင်ဟုခေါ်သော အနာဂတ်ဟောသူကို သူမ ယုံကြည်ရတော့မည်ပဲ။

# ၄

ပေဒင်၊ လက္ခဏာ၊ အကြားအမြင်ဆီ ရောက်လာကြသူများမှာ ယာယီအားဖြင့် စိတ်ဓာတ်ကျသူတွေ၊ စိတ်မခိုင်သူတွေ၊ အပူသည်တွေပဲ . . . ဟု နားလည်ထားမိသည်။ အပူကြောင့် ရောက်လာကြသူများကို မိမိအတတ်ပညာဖြင့် တကယ်ကူညီသည့် လူများ ရှိသလို၊ ရေနစ်ရာ ဝါးကူးထိုး ဆိုသလို စီးပွားရှာနေသူများကလည်း ဒုနဲ့ဒေး။

အကြားအမြင်ဆရာမလေးကတော့ အသက်သိပ်မကြီးသေးပေ။ ကိုယ့်အလှည့်မရောက်ခင် သူများတွေကို ဟောတာ၊ ပြောတာ နားထောင်ရင်း . . . မဆိုးဘူးဟု စိတ်ထဲမှာ အမှတ်ပေးမိသည်။

“အချို့အကြားအမြင်တွေ မှန်ကောင်းမှန်မယ်၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ချဲ့ကားပြီး ယတြာတို့ ဘာတို့မှာ ပိုက်ဆံယူကြတယ်၊ ဒီဆရာမလေးကတော့ နင့်မျက်မြင်ပဲ၊ သူခိုင်းတဲ့ ယတြာတွေကို ကိုယ့်ဘာသာလုပ်ရုံပဲ”

စုစုကလည်း အကြားအမြင် ဆရာမလေးနှင့်ပတ်သက်ပြီး ပြောပြန်သည်။

သူမအနေဖြင့် သိပ်များများစားစား မသိချင်။ အလုပ်နှင့်ပတ်သက်ပြီး ဖြစ်လာနိုင်မည့်အကျိုးဆက်များကိုသာ သိချင်၏။

သူမအလှည့်သို့ရောက်သောအခါ လက်ဝါးနှစ်ဖက်ဖြန့်ပြပြီး မွေးရက်နှင့်အသက်ကို ပြောရသည်။

“အိမ်မှာ ဗုဒ္ဓဟူးသား ခြေနှစ်ချောင်းဝင်တာ လုံးဝမကောင်းဘူး၊ အလုပ်အပြောင်းအရွှေ့ ရှိတယ်၊ အခုအလုပ်မှာရက်ပိုင်းအတွင်း ပြဿနာတက်လိမ့်မယ်”

ဆရာမလေး၏ စကားကြောင့်ပင် စုစုနှင့်သူမတို့အကြည့်ချင်း ဆုံဖြစ်ကြသေး၏။

မဆီမဆိုင်ဖြင့် လင်းသန့်အကြောင်းက အဓိကနေရာမှာ ပါလာသည်။

“ဆရာမရယ် ဒီအလုပ်က ထွက်ရမယ်ဆိုတော့ အခြားအလုပ်ရောရဖို့ အဆင်ပြေပါ့မလား”

ဒင်ပါယာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူမကိုယ်စား စုစုက ဝင်မေးလိုက်သည်။

ဆရာမလေးကတော့ အာရုံတစ်ချက်ပြုပြီး ပြန်ပြောလိုက်၏။

"ဒီထက်ကောင်းတဲ့အလုပ်၊ ကိုယ့်အပေါ် လုံးဝယုံကြည်မယ့် အလုပ်ရှင်မျိုးနဲ့ တွေ့လိမ့်မယ်၊ အဓိက ပြောချင်တာကတော့ မင်းဘဝမှာ အိမ်ပေါ်ရောက်နေတဲ့ ဗုဒ္ဓဟူးသားကြောင့်ပဲ ရှင်းရလင်းရတာတွေ ဖြစ်နေလိမ့်မယ်၊ အခုဖြစ်နေတာက အစပဲ၊ နောက်ဖြစ်လာမယ့် ပြဿနာတွေက ပိုရှုပ်ထွေးလိမ့်မယ်"

ဆရာမလေးကတော့ လင်းသန့်အကြောင်းကိုသာ အထူးပြုပြီး ဟောနေတော့၏။

"မေးချင်တာ မေးဦးလေ မမေမိုး"

"ရပါပြီဟာ"

သူမစိတ်ထဲမှာတော့ လင်းသန့်ကို အဓိကနေရာက မထားချင်တာ အမှန်ပင်။ လင်းသန့်နှင့်ပတ်သက်ပြီး ထပ်မမေးတော့။ ဆရာမလေးကလည်း ပြောဆိုခြင်းမရှိတော့ပေ။

၄

www.burmeseclassic.com

အင်ပါယာတာဒီ

www.burmeseclassic.com



"အဲဒီဆရာမလေးပြောတာ မှန်တတ်တယ်၊ မကောင်းတဲ့ ကိစ္စဆို ပိုမှန်တတ်တယ် မမေမိုး၊ ဗုဒ္ဓဟူးသားဆိုတာ လင်းသန့်ပဲ၊ အခု အလုပ်ထဲမှာ မမေမိုးကြုံနေရတာလည်း လင်းသန့်နဲ့ ပတ်သက်နေတယ်"

စုစုကတော့ လင်းသန့်ကိစ္စကို ဂရုထားပုံ တိုက်တွန်းချင်နေပုံ ရသည်။

သူမသဘောထားကို စုစုသိအောင် ပြောပြလိုက်၏။

"မတတ်နိုင်ဘူးဟာ . . . ငါ့အမြင်မှာတော့ လင်းသန့် ဟာ လူကောင်းတစ်ယောက်ပဲ၊ သူ့မှာ မိဘမရှိဘူး၊ နေစရာ မရှိဘူး၊ အလုပ်လက်မဲ့ဖြစ်နေတာ၊ မေမေတို့ကလည်း လင်းသန့်အပေါ် သံသယောဇဉ်ရှိနေကြတာဆိုတော့ ငါ ဘယ်လိုပြောရမလဲဟာ"

"အခု လင်းသန့် ဘာလုပ်နေလဲ"

"ဖေဖေ့အသိတစ်ယောက်ရဲ့ အငှားကားကို မောင်းနေတယ်၊ ဖေဖေ့မိတ်ဆွေဆိုတော့ ဒို့ပြင်လူတွေလောက်တော့ စပေါ်တွေ ဘာတွေ ပေးမထားရဘူး၊ မနေ့ကပဲ သူ စမောင်းတာ စုစု"

"အင်းလေ . . . လင်းသန့်နေရာမှာ တခြားယောက်ျား တစ်ယောက်ဆိုရင်တော့ စုစုကိုယ်တိုင် ကန့်ကွက်မိမှာပဲ၊ လင်းသန့်ရဲ့ စိတ်နေစိတ်ထားနဲ့ သူ့အကြောင်းကို အစကအဆုံး သိနေတော့



www.burmeseclassic.com

www.burmeseclassic.com



ပြောရဆိုရခက်တာ အမှန်ပဲ”

“ပြောပါ စုစု၊ နင်မြင်တာကို ပြောပါ”

စုစုဆီမှာ စကားကျန်သေးတယ်ဆိုတာကို သိနေ၏။ စုစု စကားတွေ အန်ထွက်လာအောင် လမ်းဖွင့်ပေးမိသည်။

“ဆရာမလေး ပြောလိုက်တာက အခုဖြစ်ပျက်နေတဲ့ ပြဿနာကို ပြောရုံတင်မကဘူး၊ မမေမိုးဘဝနဲ့ ပတ်သက်ပြီး လင်းသန့်က ကြောက်စရာဖြစ်လာမယ့်ပုံမျိုးပဲ၊ စုစု တွေးတာနော်၊ မမေမိုးတို့ချင်း အနေနီးပြီး အိမ်ထောင်တွေဘာတွေကျသွားမှာကို ပြောတာများလား မသိဘူး”

စုစုစကားကိုတော့ အလေးအနက်မထားချင်။ သူမစိတ်ထဲ မှာတော့ လင်းသန့်နှင့် ပတ်သက်ပြီး လိပ်ပြာသန့်နေတာတော့ သေချာ၏။

“ဟာ . . . နင်ကလည်း လင်းသန့်နဲ့ငါ အနေနီးခဲ့တာ ကြာပြီပဲ၊ ငါ့စိတ်ထဲမှာ နင်ပြောသလိုမျိုး တွေးလို့မရတာတော့ သေချာတယ်၊ လင်းသန့်ကလည်း ငါ့အပေါ် ဖြူဖြူစင်စင်ပါပဲ . . . ထားလိုက်ပါဟာ၊ အကြားအမြင်ကိစ္စတွေကို နင်ပဲသိပစေ၊ မေမေတို့ လင်းသန့်တို့ မသိစေနဲ့နော်”

“အင်းပါ၊ စုစု ပါးစပ်လုံပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကနေ ဒီရက်ပိုင်းအတွင်း ထွက်ရမည်ဆိုသော စကား မှန်မမှန်ကိုတော့ စောင့်ကြည့်ရဦးမည် ဖြစ်၏။

**Q C R**

www.burmeseclassic.com

www.burmeseclassic.com

# ( ၃ )

ထုံးစံအတိုင်း အလုပ်ထဲသို့ စောစောစီးစီး ရောက်နှင့် နေပြီး ပစ္စည်းအဝင်အထွက်စာရင်းများကို စစ်နေမိသည်။ အလုပ်လုပ်နေရသော်လည်း စိတ်ထဲမှာ မပါချင်။ အနာဂါတ်ကို ကြိုသိနေခြင်းက မကောင်းခြင်းတစ်ခုပါလားဟု တစ်ယောက်တည်း ပြုံးဖြစ်သေး၏။

"မမေမိုးရေ . . . မန်နေဂျာက အစည်းအဝေးခန်းကို ခဏလာပါဦးတဲ့"

အနားသို့ မရောက်မီမှာပင် စုစု လှမ်းပြော၏။

www.burmeseclassic.com

www.burmeseclassic.com



စုစုစကားအရဆိုရင်တော့ အစည်းအဝေး မဟုတ်တာတော့ သေချာနေသည်။ အစည်းအဝေးသဘောမျိုးဆိုရင်တော့ သူမကတစ်ဆင့် အလုပ်သမားအားလုံးကို ဆော်သြရမှာဖြစ်သည်။

သေချာအောင်ပင် အနားသို့ရောက်လာသော စုစုကို ထပ်မေးလိုက်ရသည်။

"အစည်းအဝေးလုပ်ရမှာလို့ပြောလား စုစု"

"မဟုတ်ဘူး မမေမိုး၊ မမေမိုးတစ်ယောက်တည်းကိုပဲ ခေါ်ခိုင်းလိုက်တာ၊ ဒေါ်ခင်သက်ချိုလည်း ရောက်နေတာမြင်လိုက်တယ် မမေမိုး"

တစ်ခုခုထူးတာတော့ သေချာနေ၏။

အရေးကြီးကိစ္စမရှိဘဲ ဒီလိုအချိန်မျိုးမှာ ဒေါ်ခင်သက်ချိုရောက်လာစရာအကြောင်း မရှိပေ။

တိုက်ဆိုင်ခြင်းနှင့် စိတ်ကထင်နေခြင်းကြောင့်ဟုသာ ပေါ့ပေါ့တွေးလိုက်မိသည်။ သူမ သွားခါနီးမှာပင် စုစုက တိုးတိုးလေး ကပ်ပြောလိုက်၏။

"ကျွန်မတို့ ကြိုသိထားတာတွေက ကွက်တိမှန်တော့မယ်ထင်တယ် မမေမိုး၊ ကံကောင်းပါစေလို့ စုစု ဆုတောင်းပါတယ်"

စုစုကတော့ မျက်နှာလေးငယ်ပြီး ကျန်ရစ်ရှာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်သက်ချိုနှင့် မန်နေဂျာ ဦးတင်မြင့်တို့ဆိုတာ သူမ ရင်ဆိုင်နေကြသူများပင်။

သူမဘက်မှ အမှားအယွင်းကင်းသောကြောင့် မျက်နှာ ချင်းဆိုင်ဖို့ ခြေလှမ်းတွေ လေးလံခြင်းရှိမနေပေ။

## ၎

အစည်းအဝေးခန်း မှန်တံခါးကို တွန်းဖွင့်လိုက်သည်နှင့် စားပွဲမှာထိုင်နေကြသော ဦးတင်မြင့်နှင့် ဒေါ်ခင်သက်ချိုတို့ကို တွေ့ လိုက်ရသည်။

မျက်နှာအမူအရာ၊ စကားလုံးတွေကတော့ ခပ်ကြမ်းကြမ်း တွေပင်။

"တံခါးကို အပြင်လူမဝင်နိုင်အောင် အသေအချာ ပြန်ပိတ် လိုက်ပါ မေမိုးလှိုင်"

ဒေါ်ခင်သက်ချိုကတော့ အရယ်အပြုံးမဲ့စွာဖြင့် သူမကို ကြည့်နေ၏။

ဦးတင်မြင့်၏နာမည်အခေါ်အဝေါ်နှင့် လေသံကတော့ သိသာစွာ ပြောင်းလဲနေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူမအမည်မှာ 'မေမိုးလှိုင်' ဖြစ်သော်လည်း ဦးတင်မြင့်က အစ အလုပ်ထဲကလူတွေအဆုံး လှိုင်ကိုဖြုတ်ပြီး မေမိုးဟုသာ အမြဲတစေ ခေါ်ဆိုကြ၏။

"အရေးတကြီးကိစ္စရှိလို့ ရောက်လာတာလား အစ်မ"

ဒေါ်ခင်သက်ချိုကိုတော့ ခေါ်ပြောနေကျအတိုင်းပင် ရင်းရင်းနှီးနှီး နှုတ်ဆက်စကားဆိုလိုက်သည်။

ဒေါ်ခင်သက်ချို၏မျက်နှာအမူအရာသည် သိသိသာသာ တင်းမာနေ၏။

"ဟုတ်တယ်၊ မင်းနဲ့ပတ်သက်ပြီး ရှင်းစရာ၊ လင်းစရာလေး နည်းနည်းပါးပါး ရှိနေလို့ပဲ"

"ပြောပါ အစ်မ၊ မှားတာရှိရင် အပြစ်ရှိတယ်ဆိုရင် ဝန်ခံ တတ်ဖို့ ဝန်မလေးဘူးဆိုတာ အစ်မ အသိဆုံးပါ"

သူမဘက်ကတော့ တစ်စက်လေးမျှ တုန်လှုပ်မှု မပြဖြစ်ပေ။ ဒါကိုပင် ဒေါ်ခင်သက်ချို မကျေမချမ်း ဖြစ်သွားပုံရ၏။

"အကြီးကျယ်ဆုံး အမှားကြီးတစ်ခုကို ကျူးလွန်မိတာ မင်း သိရဲ့လား"

"ဘာအမှားများလဲ အစ်မ"

"ဘာရှိဦးမလဲ၊ လွင်မောင်တို့ လင်းသန့်တို့ဟာ လူမှုရေး

www.burmeseclassic.com

www.burmeseclassic.com



စည်းကမ်းကို ဖောက်ဖျက်ရုံတင်မကဘူး ငွေပစ္စည်းတွေကိုပါ အလွဲသုံးစားလုပ်ပစ်ခဲ့ကြတာ၊ သူတို့သုံးယောက်စလုံးကို မင်းကိုယ်တိုင် အလုပ်ကနေ ထုတ်ပစ်ခဲ့တာနော်”

“ဟုတ်ပါတယ် အစ်မ”

“ဒါဆိုရင် ဘာဖြစ်လို့များ လင်းသန့်ကို မင်းအိမ်ပေါ်မှာ ခေါ်တင်ထားရတာလဲ”

ဦးတင်မြင့်ကတော့ အောင်နိုင်သူပမာ ပြုံးပြုံးကြီး ကြည့်နေ၏။

စိတ်ထဲမှာ ဒေါသထောင်းခနဲ ဖြစ်သွားရသေးသည်။

“ဒါကတော့ အစ်မရာ၊ လင်းသန့်အနေနဲ့ လွင်မောင်တို့နဲ့ ရောထွေးနေလို့ အလုပ်က ထုတ်ပစ်တာ အမှန်ပဲ၊ ဒါပေမဲ့ ဖြစ်တဲ့ ကိစ္စမှာ လင်းသန့်က ရိုးသားစွာ မှားယွင်းခဲ့တဲ့သူပါ၊ အိမ်ပေါ်ခေါ်ထားရတာကလည်း သူ့လူမှုရေးကြောင့်ပါ၊ အလုပ်ပိုင်း စည်းကမ်းပိုင်းနဲ့ မပတ်သက်ပါဘူး အစ်မ”

သူမစကားများကို နားထောင်ပြီး ဒေါ်ခင်သက်ချို က ဝင်မပြောသော်လည်း ဦးတင်မြင့်က တမင်ဆွပေးပြန်၏။

“ဘယ်လိုလူမှုရေးမျိုးလဲ မေမိုးလှိုင်”

“ဦးတင်မြင့် . . . ဦးတင်မြင့်မှာ သားသမီးတွေ ရှိနေတာ

www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ သားသမီးချင်း ကိုယ်ချင်းစာစိတ်တော့ ထားပေးပါ။ လင်းသန့် အကြောင်းနဲ့ လင်းသန့်စာရိတ္တကို ကျွန်မတို့အားလုံး သိနေကြတာပဲ၊ သူ့မှာ မိဘမရှိဘူး၊ ကျွန်မနဲ့ခင်နေသလို ကျွန်မမိဘတွေနဲ့လည်း ခင်နေတာပါ၊ အလုပ်စည်းကမ်းနဲ့ ငြိစွန်းလို့သာ လင်းသန့်ကို အလုပ်ထုတ်ပစ်ရတာ၊ တကယ်ဆို လင်းသန့်မှာ အပြစ်မရှိဘူး၊ ဒီအတွက်ကြောင့်ပဲ ကျွန်မမိဘတွေကိုယ်တိုင်က လင်းသန့်ကို ခေါ် ထားတာပါ"

သူမစကားတွေကြောင့်ပင် ဦးတင်မြင့် ပါးစပ်ပိတ်သွား၏။

ဒေါ်ခင်သက်ချို့အလှည့်မှာတော့ အခြေအနေက အတော် လေး တင်းမာသွားခဲ့သည်။

"မင်းတို့ လူမှုရေးပိုင်းကို ငါမပြောချင်ဘူး၊ မင်းဆိုလိုချင် တာက မိန်းမနဲ့ ပျော်ပါးတဲ့ကိစ္စမှာရော ပစ္စည်းတွေပျောက်တဲ့ကိစ္စ မှာပါ လင်းသန့်မပါဘူးလို့ ပြောချင်တာလား"

"ဖြစ်ခဲ့တဲ့ကိစ္စတွေမှာ လင်းသန့် တာဝန်မကင်းတာ မှန် ပေမယ့် ကိုယ်ထိလက်ရောက် ကျူးလွန်မှာ မဟုတ်ဘူးဆိုတာကို တော့ သူ့ကိုယ်ကျင့်သိက္ခာအတွက် ရဲရဲအာမခံဝံ့တယ်"

"တော်ပြီ၊ ဒီကိစ္စကို မင်းဆက်မပြောနဲ့တော့၊ လင်းသန့်မှာ အပြစ်ရှိတယ်၊ မရှိဘူးလို့ ထုချေခိုင်းနေတာ မဟုတ်ဘူး၊ ငါ့အနေနဲ့

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ထဲမှာ စိတ်မချရ၊ မယုံကြည်ရတော့ဘူးလို့ သတ်မှတ်ပြီး ဘူး၊ အိမ်ပေါ်အထိ ခေါ်တင်ထားတာ ဘာသဘောလဲ၊ ဖြစ်ခဲ့တဲ့ ကိစ္စတွေမှာ မင်းပါ ကြံရာပါလို့ ငါစွပ်စွဲရင် မင်းဘာပြောမလဲ”

ဦးတင်မြင့်စကားတွေ အောင်နေတာတော့ သေချာ သလောက် ရှိနေပြီ။

“ကောင်းပြီလေ အစ်မ၊ အစ်မအနေနဲ့ အခုလိုစွပ်စွဲယူဆ လာရင်တော့ ကျွန်မလည်း အပြစ်ရှိနေတဲ့ လူစာရင်းထဲ ဝင်သွား သလိုပါပဲ”

“ဒါဆိုရင် မင်းအနေနဲ့ ဘာလုပ်သင့်သလဲဆိုတာကို ဆုံး ဖြတ်လို့ရမှာပါ”

ဒေါ်ခင်သက်ချိုကိုရော ဦးတင်မြင့်ကိုပါ ခံပြင်းစွာကြည့် ဖြစ်၏။

ရင်ထဲမှာမကောင်းပေမယ့် အံတင်းရင်းကပင် ပြောလိုက် မိသည်။

“အလုပ်ကနေ ကျွန်မသဘောနဲ့ ကျွန်မ ထွက်ပေးပါ့မယ်”

ဇာတ်လမ်းကတော့ လုံးဝပြီးဆုံးသွားပြီ ဖြစ်၏။

ထိုင်နေရာမှ ချက်ချင်းပင် ထထွက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မှန်တံခါးကို ဆွဲဖွင့်သည်အထိ သူမကို လှမ်းခေါ်သံ မကြားရ။

ရင်ထဲမှာတော့ အတော်လေး ထိခိုက်ခဲ့ရသည်ပဲ။

## င

"အလုပ်ကနေ မမေမိုး အစောကြီး ပြန်လာပါလား"

အငှားကားဖြင့် အိမ်ကို ချက်ချင်း ပြန်ခဲ့၏။

အိမ်အပေါ်လှမ်းအတက်မှာပင် မေမေတို့ ထမင်းဝိုင်းစားနေသည်ကို မြင်၏။

စောစောကခြံရှေ့မှာ ရပ်ထားသောကားသည် လင်းသန့်မောင်းသောကား . . . ဟု တွေးမိလိုက်သေး၏။

"ဟုတ်တယ်၊ နေမကောင်းဖြစ်ချင်တာနဲ့ ခွင့်တိုင်ပြီး ခပ်စောစောပဲ ပြန်လာခဲ့တာ လင်းသန့်"

ရင်ထဲမှာတော့ ခံစားချက်တွေ တင်းကျပ်နေ၏။

တစ်စုံတစ်ယောက်ကို ရင်ဖွင့်ချင်ပေမယ့် ပြောပြ၍မရသော အခြေအနေ . . . ဟု နားလည်လိုက်ရပြန်သည်။

"လက်စနဲ့ ထမင်းဝင်စားလိုက်ပါလား သမီး"

www.burmeseclassic.com

www.burmeseclassic.com



မေမေကတော့ အလိုက်မသိစွာဖြင့် လှမ်းခေါ်နေ၏။

သူမအနေဖြင့် စိတ်ရောလူပါ နုံးခွေနေသည့်အခြေအနေ။

"မစားချင်သေးဘူး မေမေ၊ အိပ်ရာထဲမှာ ခဏလှဲနေလိုက်ဦးမယ်"

သူမရုပ်ကိုက နေမကောင်းသည့်သဏ္ဌာန် ပေါက်နေ၍လားမသိ . . . ဖေဖေကပါ ဝင်ပြီး ပြောသည်။

"မောင်လင်းသန့်ကတောင် လမ်းကြုံတယ်ဆိုပြီး ဘဲကင်ဝယ်လာပေးတာ၊ သမီးက ဘဲကင်ကြိုက်တယ် မဟုတ်လား"

အားလုံးကတော့ ပုံမှန်အတိုင်းပင် ဆက်ဆံနေခြင်းပဲ။

ရင်ထဲမှာဖြစ်နေသော အကြိတ်အခဲသည် ဝုန်းခနဲ တက်ဆောင့်လိုက်သည် ထင်၏။

အိပ်ခန်းအတွင်းသို့ ဝင်ရာ လမ်းခုလတ်မှာပင် ပစ်လဲကျသွားတော့၏။

"ဝုန်း"

"ဟာ . . . မမေမိုး မူးလဲသွားပြီ"

"သမီးလေး"

သူမ ပစ်လဲကျသည်နှင့် သူမအနားသို့ အားလုံး အပြေးရောက်လာကြ၏။

www.burmeseclassic.com

www.burmeseclassic.com


ခံစားမှုပြင်းထန်ခြင်းကြောင့်ပင် သူမစိတ်တို့ အစိုးမရဖြစ်ခြင်းပင်။

“ဘယ်လိုနေလဲ သမီး . . . သတိရလား”

“ရပါတယ်”

“ဒီအတိုင်းနေလို့ ဘယ်ဖြစ်မလဲ၊ နီးစပ်ရာဆေးခန်းတစ်ခုခုကို သွားပြမှ ဖြစ်မယ်”

လင်းသန့်ကတော့ ပျာပျာသလဲပင် ဝင်ပြီး အကြံပေး၏။

လင်းသန့်အကြံကို အားလုံး လက်ခံကြလေသည်။

Q C R

အင်ပါယာစာအုပ်

www.burmeseclassic.com

( ၄ )

သေသေချာချာ ပြန်တွေးကြည့်လေ ဒေါ်ခင်သက်ချိုနှင့် ဦးတင်မြင့်တို့ကို အခဲမကြေနိုင်လေဖြစ်၏။

လင်းသန့်ကိစ္စသည် သာမညဖြစ်ပြီး သူမကို အလုပ်ထုတ်ပစ်ချင်သည်က အဓိကအကြောင်းအရာ ဖြစ်နေ၏။

"မမေမိုး"

"ဩော် . . . စုစု"

ခုတင်ပေါ်မှာ ခေတ္တမှေးနေခိုက် စုစု ဝင်လာ၏။

"မနေ့က မူးလဲပြီး ဆေးခန်းပို့လိုက်ရသေးတယ်ဆို အခု

www.burmeseclassic.com

www.burmeseclassic.com


ရော သက်သာရဲ့လား မမေမိုး"

"သက်သာတယ် စုစု၊ ဘာမှကြီးကြီးမားမားဖြစ်တာ မဟုတ်ပါဘူး၊ ဝမ်းနည်းတာရယ် မခံချင်တာရယ် ပေါင်းပြီး ဖြစ်သွားတာ၊ နင်အလုပ်မဆင်းဘူးလား စုစု"

"ဆင်းတယ် မမေမိုး၊ အလုပ်ကိစ္စနဲ့ အပြင်ထွက်ရင်းက လမ်းကြုံတာနဲ့ လှည့်ဝင်လာတာလေ၊ မမေမိုးကို တမင်အလုပ်ထုတ်ပစ်တာ ဦးတင်မြင့်ရဲ့ လက်ချက်ပဲ၊ ဒီနေ့ဆို မမေမိုးနေရာမှာ ဇာခြည် အလုပ်စဆင်းနေပြီ"

စိတ်မြန်ကိုယ်မြန်ဖြင့် ချက်ချင်း အလုပ်ထွက်လိုက်တာ စောသွားသည်။ ဒီလိုမှန်းသိခဲ့ရင် သူတို့တွေကို စိတ်ကသိကအောက်ဖြစ်အောင် လုပ်ပစ်လိုက်ချင်သေး၏။

"အေးဟာ၊ မလုပ်ကောင်းတဲ့အရာကို တမင်လုပ်ခဲ့ကြတာ၊ ဒေါ်ခင်သက်ချို့အနေနဲ့ ဦးတင်မြင့်ရဲ့စကားကို လုံးဝယုံကြည်နေတော့ ဘာမှလုပ်လို့မရဘူး၊ အစတုန်းကတော့ ဦးတင်မြင့် ဘယ်လိုပဲကုလားဖန်ထိုးထိုး၊ ဒေါ်ခင်သက်ချို ငါ့ဘက်မှာ ရှိနေမှာပဲလို့ တွေးခဲ့တာ အခုအခြေအနေမှာ ငါမရှိလို့ သူတို့အလုပ်တွေ ဘာမှမထိခိုက်နိုင်ဘူး၊ ငါအလုပ်ထွက်လိုက်တာ အကောင်းဆုံးပဲ၊ နှစ်ရှည်လများ အမှားအယွင်းမရှိဘဲ လုပ်ခဲ့ကိုင်ခဲ့တာတွေကို ကောင်းမှ


www.burmeseclassic.com

www.burmeseclassic.com



မထောက်ထားကြဘူး”

ပထမတုန်းက ဦးတင်မြင့်၏လက်ချက်ပဲ . . . ဟု ဖြေလို့ ရသေး၏။ ဒေါ်ခင်သက်ချိုကပါ သူမကို အလိုမရှိမှန်း သိလိုက်ရတော့ အတော်လေး ခံပြင်းမိသည်။

“မမေမိုး အလုပ်ထွက်လိုက်တာကို အိမ်ကလူကြီးတွေ သိလား၊ လင်းသန့်ရော သိလားဟင်”

စုစုမေးလိုက်မှပင် စိုးရိမ်သွားမိသည်။ သူမနှင့် မတွေ့ခင်မှာ စုစုပြောလိုက်သေးလား မသိ။

“ဘယ်သူမှ မသိသေးဘူး စုစု၊ နင် ပြောမိလိုက်သေးလား”

“စကားမစပ်မိပါဘူး၊ အခန်းထဲမှာ ရှိနေတယ်လို့ ဒေါ်ဒေါ်ပြောလိုက်တာနဲ့ စုစု ဝင်လာခဲ့တာပဲ”

အလုပ်ထွက်လိုက်သည့်ကိစ္စကို မေမေတို့သာ သိသွားရင် စိတ်ကောင်းကြမှာ မဟုတ်ပေ။

နေထိုင်မကောင်းဖြစ်ခြင်းကြောင့် အလုပ်မဆင်းခြင်း . . . ဟု မေမေတို့ ထင်နေကြ၏။

“နင်လည်း အနေအထိုင် အပြောအဆို ဆင်ခြင်ဦးနော် စုစု၊ ငါနဲ့ အနီးဆုံးလူဆိုပြီး နင့်ကိုပါ ပြဿနာရှာရင် ရှာကြဦးမှာ”

“မမေမိုး မရှိတော့ စုစုလည်း အလုပ်ထဲမှာ မပျော်တော့



www.burmeseclassic.com

www.burmeseclassic.com


ဘူး၊ မမေမိုး အလုပ်ထပ်ရှာမှာ မဟုတ်လား၊ စုစုလည်း ဒီကထွက်ပြီး နောက်အလုပ်တစ်ခုကို ဝင်မလားလို့"

အလုပ်ထဲမှာ စုစုက သူမကို အားကိုးသလို သူမအတွက်လည်း စုစုက လက်ရုံးတစ်ဆူလို ဖြစ်ခဲ့၏။

"လောလောဆယ်မှာတော့ နင် မေးလုပ်နေဦးစုစု၊ တစ်ခုခု စီစဉ်ကြတာပေါ့"

စုစုကို အားပေးလိုက်မိပေမယ့် ဘယ်နေရာသွားပြီး ဘာအလုပ်ရှာရမှန်း မသိ။ သူမဘဝမှာ ဒေါ်ခင်သက်ချိုဆီမှာ ပထမဆုံး အလုပ်ဝင်လုပ်ခဲ့ခြင်း ဖြစ်သည်။

"မမေမိုးတို့အိမ်ပေါ်ကို လင်းသန့်ရောက်လာတာနဲ့ အားလုံးက အနှုတ်လက္ခဏာတွေပဲနော်"

"ဘယ်တတ်နိုင်မလဲ စုစုရာ၊ ဒီအချိန် ဒီအခါမှာ ဒီလိုဖြစ်ရမယ့်ဇာတာ ရှိလို့နေမှာပေါ့၊ ဒါပေမဲ့ ငါအလုပ်ထွက်တာကို ကြာကြာဖုံးထားလို့မှမရဘဲ၊ မကြာခင်မှာ လင်းသန့်ရော မေမေတို့ ပါ သိကြမှာပဲ"

အလုပ်ထွက်ရသည့်အကြောင်းကို သိရင်တော့ လင်းသန့်က ပိုစိတ်မကောင်းဖြစ်မှာ သေချာသည်။

ကိုယ့်ကြမ္မာ ကိုယ့်ကုသိုလ် နည်းနေချိန်မို့ လင်းသန့်ကြောင့်


www.burmeseclassic.com

www.burmeseclassic.com



. . . ဟု တွေးမနေချင်တော့ပေ။

## ၄

"မမေမိုးအိပ်နေလား ဒေါ်ဒေါ်"

"စုစုရောက်လာလို့ အခန်းထဲမှာ စကားပြောနေကြတာကွဲ့"

"မောင်လင်းသန့် ပြန်လာတာ စောလှချည်လား"

အပြင်မှစကားသံတွေကို သူမရော၊ စုစုပါ အတိုင်းသားကြားနေရ၏။ စုစုနှင့်အတူ အခန်းအပြင်သို့ ထွက်လာမိသည်။

"မမေမိုး"

တွေ့တွေ့ချင်းမှာ သူမအမည်ကိုခေါ်ပြီး စကားဆက်မပြောနိုင်လောက်အောင်ပင် လင်းသန့်မျက်နှာ အမူအရာပျက်လွန်းနေ၏။

"ငါ့နာမည်ကိုခေါ်ပြီး ဒါက ဘယ်လိုဖြစ်သွားရတာလဲ လင်းသန့်"

"မနေ့ကပဲ မမေမိုးကို သူတို့ အလုပ်ထုတ်ပစ်လိုက်ပြီဆို"

အလုပ်ထွက်လိုက်သည့်သတင်းကို ဘယ်ကနေဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



လင်းသန့်သိသွားသည်မသိပေ။

လင်းသန့်စကားကြောင့်ပင် မေမေရော၊ ဖေဖေပါ ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။

"ဘယ်လို မောင်လင်းသန့် . . . သမီးလေး အလုပ်က ထွက်လိုက်ရပြီ ဟုတ်လား"

"ဟုတ်တယ် ဦး၊ ကျွန်တော့်ကို အလုပ်က ထုတ်ပစ်ပြီး အိမ်ပေါ်ခေါ်တင်ထားတာကို မန်နေဂျာရော ဒေါ်ခင်သက်ချိုကပါ အမြင်မကြည်ဘူး၊ မမေမိုးနဲ့ အချေအတင်စကားများပြီး မနေ့ကပဲ အလုပ်က ထုတ်ပစ်လိုက်တာဦး"

"မဆိုင်တာပဲကွယ်"

ဖေဖေကတော့ ဘာမှဝင်မပြောသေးဘဲ သူမမျက်နှာနှင့် လင်းသန့်မျက်နှာတို့ကို တစ်လှည့်စီကြည့်နေ၏။

"ကျွန်တော် လုံးဝမကျေနပ်နိုင်ဘူး၊ ကျွန်တော့်အလုပ်က ထွက်ရတာ ကျွန်တော်ညံ့လို့ ခံရတာလို့ ဖြေလို့ရတယ်၊ ကျွန်တော့် အနေနဲ့ ဘာမှတုန်လှုပ်စရာ မလိုဘူး၊ မမေမိုး အလုပ်ထွက်လိုက်ရတာက အသားလွတ်ကြီးပဲ၊ ပြီးတော့ ကျွန်တော့်ကြောင့် ဖြစ်ရတာ"

လင်းသန့်ကတော့ ရုပ်ပျက်ဆင်းပျက် ပေါက်ကွဲပြနေ၏။

"မင်းကိစ္စတစ်ခုတည်းကြောင့်တော့ မဟုတ်ဘူး လင်းသန့်၊



www.burmeseclassic.com

www.burmeseclassic.com



အဓိကအကြောင်းကတော့ ဦးတင်မြင့်တူမ ဇာခြည်ကို ငါ့နေရာမှာ ထားချင်လို့ပဲ၊ မင်းတို့ကိစ္စ မပေါ်လာလည်း တစ်နည်းနည်းနဲ့တော့ ဒီနေရာကနေ ငါဖယ်ပေးရမှာပဲ လင်းသန့်”

လင်းသန့် စိတ်မကောင်းဖြစ်ရတာကို နားလည်သည်။ လင်းသန့်ဒေါသတွေ ပြေရာပြေကြောင်း ရှင်းပြမိ၏။

စုစုကလည်း သူမနည်းတူ ဝင်ပြောသည်။

“မမေမိုး ပြောတာ ဟုတ်တယ်၊ ငါလည်း ဒ္ဒီပြင်အလုပ် အဆင်ပြေတာနဲ့ ဒီအလုပ်ကနေ ထွက်တော့မှာ၊ နင်မရှိတော့ပေမယ့် မမေမိုး ရှိသေးတယ်လို့ အောက်မေ့နေတာ၊ နင်တို့ငါတို့ လက်တွဲလာတာ ကြာပြီပဲ၊ နင်တို့နှစ်ယောက်စလုံး မရှိမှတော့ အလုပ်ထဲမှာ ငါမပျော်နိုင်တော့ဘူး”

စုစုပြောပေမယ့် လင်းသန့်ဒေါသက အရောင်မပြောင်း သေးပေ။

“မဟုတ်သေးဘူး မစု၊ ကျွန်တော့်ကို ထုတ်ပစ်တာက စည်းကမ်းအရ လုပ်တာ၊ မမေမိုးကိုတော့ ကျွန်တော်ကြောင့် တမင် ထုတ်ပစ်သလိုမျိုး ဖြစ်နေတာ၊ မန်နေဂျာနဲ့ရော ဒေါ်ခင်ချိုသက်ကို ပါ တွေ့ပြီး ပွဲကြမ်းမှဖြစ်တော့မယ့်အနေအထားပဲ”

“မဆိုင်တာပဲ လင်းသန့်၊ အခုချိန်မှ သွားတွေ့လို့ ဘာထူး



www.burmeseclassic.com

www.burmeseclassic.com


မှာလဲ၊ တစ်ပူးပေါ် နှစ်ပူးဆင့်ပြီး မလိုလားအပ်တာတွေပဲ ထပ်ဖြစ်မှာပေ့ါ”

လင်းသန့်စိတ်ကို သူမ သိနေသည်။

အခုအနေအထားမှာ သူမကို ထိပါးလာပြီမို့ လင်းသန့် တကယ်လုပ်မှာ သေချာနေ၏။

“မရဘူး၊ ဒါ သက်သက်မဲ့ ဦးတင်မြင့် အကောက်ကြံတာပဲ၊ ဒီကိစ္စကို ပေါ်အောင် ရှင်းရမယ်”

“ဟုတ်တယ် သမီး၊ မောင်လင်းသန့် ပြောတာ မှန်တယ်၊ ဒီလို လူပါးဝတာမျိုးတော့ ခေါင်းငုံ့ခံလို့ မဖြစ်ဘူး”

မီးလောင်ရာလေပင့်ပေးသလိုမျိုး ဖေဖေကပါ ဝင်ပြီး ပြောလာ၏။

“မဟုတ်သေးဘူး ဖေဖေ၊ သူတို့အလုပ်မထုတ်ပစ်ခင်မှာ သမီးဘာသာ ထွက်မယ်လို့ ပြောပြီး ထွက်လာခဲ့တာ၊ လင်းသန့် သွားရှင်းမှ သိက္ခာပိုကျမယ်၊ သမီးအနေနဲ့လည်း ဒီအလုပ်ကို ဆက် မလုပ်ချင်တော့ဘူး၊ ဦးတင်မြင့် အကွက်ဆင်ပေမယ့် ဒေါ်ခင်သက်ချိုက ဖြောင့်မတ်လိမ့်မယ်လို့ သမီးတွက်ထားခဲ့တာ၊ တကယ်တော့ ဒေါ်ခင်သက်ချိုဟာ အတ္တကြီးတဲ့ စီးပွားရေးသမားစစ်စစ်ပဲ၊ သမီး လုပ်ပေးခဲ့တဲ့ အောင်မြင်မှုတွေကိုတောင်မှ အသိအမှတ်မပြုချင်


www.burmeseclassic.com

www.burmeseclassic.com



တော့တာပဲ ဖေဖေရယ်၊ ဒီလိုအလုပ်ရှင်မျိုးနဲ့ ဆက်ပြီး လက်တွဲရမှာ ငရဲကျသလိုပဲနေမှာပေါ့”

“သမီးပြောတာ မှန်တယ် အဖေကြီး၊ မောင်လင်းသန့် သွားရှင်းဖို့ မလိုတော့ဘူး”

လင်းသန့်ဒေါသကိုကြည့်ပြီး စိုးရိမ်၍လားမသိ။ ဒီတစ်ခါ တော့ မေမေက ဆင်ဆင်ခြင်ခြင်ဖြင့် ဝင်ပြော၏။

“နင်သွားမရှင်းနဲ့ လင်းသန့်၊ ဒီအတိုင်းပဲထားလိုက်၊ နင် သွားရှင်းလည်း လာရမ်းကာတာလို့ သူတို့ပြောမှာပဲ၊ ဒီအတိုင်းထား လိုက်တာက ငါတို့ဘက်က အမြတ်ကျန်နိုင်သေးတယ်၊ နင်သွားရှင်း မှ ငါ လုံးဝရှုံးနိမ့်သွားမှာ လင်းသန့်”

“ဟုတ်ပါတယ် ဦး၊ လင်းသန့်ကို မသွားခိုင်းတာ အကောင်း ဆုံးပဲ၊ လင်းသန့် သွားဖြစ်ခဲ့ရင်လည်း တစ်ခုခုပြဿနာထပ်ဖြစ်ပြီး လင်းသန့်ပဲ ဒုက္ခရောက်ဖို့ရှိတယ်”

အသေအချာရှင်းပြကြတော့မှ ဖေဖေ သဘောပေါက်သွား ပုံရသည်။

လင်းသန့်တစ်ယောက်ကတော့ သဘောပေါက်ကောင်း ပေါက်ပေမယ့် ဒေါသတွေတော့ မပြယ်သေးတာ သေချာ၏။

Q C R

www.burmeseclassic.com

www.burmeseclassic.com
www.burmeseclassic.com

( ၅ )

"ဘယ်လိုလဲ မမေမိုး၊ ဒီနေ့သွားဖြေတဲ့ အင်တာဗျူးက အဆင်ပြေရဲ့လား"

"ထုံးစံအတိုင်းပဲပေါ့ လင်းသန့်ရယ်၊ ဒေါ်ခင်သက်ချိုတို့နဲ့ ဖြစ်တဲ့ကိစ္စကိုပဲ အမေးခံရတာပဲ အဖတ်တင်တယ်၊ ငါတော့ အလုပ် လုပ်စားလို့ မရတော့ဘူး ထင်ပါတယ်ဟာ"

စိတ်ပျက်စရာ၊ စိတ်ညစ်စရာတွေက အုံကျင်းဖွဲ့ပြီး လာခဲ့လေသလားမသိ။ ဒေါ်ခင်သက်ချိုတို့ကို မခံချင်စိတ်ဖြင့် အလုပ် တွေ လျှောက်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရေးရာဇဝင်ကိုကြည့်ပြီး အလုပ်ထွက်ခဲ့ခြင်းအပေါ် အမေးခံ၊ အာရုံစိုက်ခံခဲ့ရတာပဲ အဖတ်တင်၏။

"စိတ်ဓာတ်မကျပါနဲ့ မမေမိုးရာ၊ စုစုနဲ့ မမေမိုးတို့ ကြံကြတဲ့ အထည်ဆိုင်လေး ဖွင့်ကြည့်ပါလား၊ ကိုယ့်ခြေကိုယ့်လက် လုပ်ရကိုင် ရမှာဆိုတော့ ဘယ်သူ့ဆီမှ အောက်ကျခံစရာမလိုတော့ဘူး မဟုတ် လား"

စုစုနှင့်သူမတို့ ကြံစည်တာကို လင်းသန့်သိထား၏။

လင်းသန့်အားပေးစကားပြောတာကိုတော့ ကျေးဇူးတင် မိသည်။

"ဒီအလုပ်ကလည်း စိတ်ကူးသက်သက်ပဲဖြစ်မှာ လင်းသန့်၊ အထည်ဆိုင်ဖွင့်မယ်ထားဦး၊ ဘယ်မှာလဲ အရင်းအနှီး၊ ပြီးတော့ ဆိုင်ခန်းနဲ့နေရာက စကားပြောသေးတယ်"

အလုပ်ထွက်လိုက်ရတာချင်းအတူတူ လင်းသန့်က အငှား ကားမောင်းနေတော့ သူမထက် ငွေဝင်သူ ဖြစ်နေ၏။

ရသမျှပိုက်ဆံကိုလည်း သုံးဖို့အနည်းငယ်သာချန်ပြီး မေမေထံ အကုန်အပ်သည်။

"မမေမိုး ပြောတာလည်း ဟုတ်သားပဲ၊ ကျွန်တော် ထီထိုး ထားတယ်၊ ထီပေါက်ရင်တော့ ကိုယ်ပိုင်လုပ်ငန်းတစ်ခုခုကို မမေမိုး



www.burmeseclassic.com

www.burmeseclassic.com



တို့နဲ့အတူတူ လုပ်မယ်”

လင်းသန့်ကတော့ စိတ်ကူးတွေ၊ အိပ်မက်တွေဖြင့် သူမ စိတ်ညစ်နေမှုကို ဖြေသိမ့်ပေးနေပြန်၏။

“ငါတော့ အလုပ်အင်တာဗျူးတွေကို ဖြေဖို့ အတော်စိတ်ကုန်သွားပြီ လင်းသန့်”

“ကိုယ်က ရလိုဇောနဲ့လိုက်နေရင် ပိုဝေးတတ်တယ် မမေမိုး၊ ဒီတိုင်းလေးပဲ ထိုင်နေကြည့်လိုက်ပါလား”

လင်းသန့်ကတော့ သူမ အလုပ်မရှာဖို့ ပြောနေသည်။

“အလုပ်အကိုင်မရှိဘဲ အမြဲတမ်းကြီးနေလို့ မဖြစ်သေးဘူး လင်းသန့်၊ စုထားဆောင်းထားတာလေးတွေ တစ်စစနဲ့ ကုန်လိုက်လာမှာပေါ့”

“အိမ်စရိတ်က ကျွန်တော်ရှာလို့ ရနေတာပဲဗျာ၊ မမေမိုး အလုပ်လက်မဲ့ဖြစ်ရတာ ကျွန်တော်က တရားခံပဲဥစ္စာ”

“လောလောဆယ်မှာ အလုပ်ရှာမရလည်း ရှိတာလေးနဲ့ အိုးမကွာ အိမ်မကွာ အိမ်ဆိုင်သေးသေးလေးဖွင့်မှ ဖြစ်မယ်”

လင်းသန့်က အားမနာဖို့ ပြောပေမယ့် လိပ်ပြာမသန့်ချင်။

လင်းသန့်ရှာသမျှတွေက အိမ်စရိတ်ထဲ ပါ ပါသွားရင် ရေရှည်မှာ မကောင်းပေ။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ဆိုင်ဆိုလည်း မဆိုးပါဘူး"

"ဒါနဲ့လင်းသန့် . . . မနက်ဖြန်ဆို တန်ဆောင်တိုင်အစပဲ နော်၊ အလုပ်ကထွက်ရတာနဲ့ပဲ ကထိန်ကို မေ့နေလိုက်တာ၊ အလုပ်ထဲမှာတုန်းက နှစ်တိုင်း ကထိန်ကိစ္စမှာ အားတက်သရောပါပြီး ကုသိုလ်ယူဖြစ်ခဲ့တာ၊ ဒီနှစ်ရော အလုပ်ကလူတွေ ကထိန်လုပ်ဖြစ်လား မသိဘူးနော်"

"လုပ်ဖြစ်တယ်လို့ အသံကြားတာပဲ၊ ဦးဆောင်မယ့်သူမရှိတော့ အဖြစ်ပဲလုပ်တယ်လို့ ကြားတယ်၊ အလုပ်သမားတွေအားလုံးကတော့ ကထိန်ရောက်မှ မမေမိုးကို ပိုတမ်းတကြမှာ သေချာတယ်"

အလုပ်ထဲမှာတုန်းက ကထိန်စည်စည်ကားကားဖြစ်ဖို့ သူမဦးဆောင်ခဲ့သလို ဒေါ်ခင်သက်ချိုကလည်း အတော်လေးပံ့ပိုးပေးခဲ့၏။

## ၄

"ရေမိုးချိုးပြီး အသင့်စောင့်နေ၊ ကျွန်တော်တို့နှစ်ယောက်မီးထွန်းပွဲလျှောက်လည်ကြတာပေါ့ မမေမိုး"

လင်းသန့်မှာထားခဲ့သည့်အတိုင်းပင် အဆင်သင့်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အောင် ပြင်ပြင်ဆင်ဆင်လုပ်ထားမိသည်။

နေဝင်ချုပ်စမှာပင် လင်းသန့် ပြန်ရောက်လာ၏။

"ဘာတွေများ ဝယ်လာတာလဲ လင်းသန့်"

"သီတင်းကျွတ်တုန်းက ဦးနဲ့ဒေါ်ဒေါ်ကို ဝတ်ကျေတန်းကျေပဲ ကန်တော့ဖြစ်ခဲ့တာ၊ တန်ဆောင်တိုင်မှာတော့ မမေမိုးကိုပါ ကန်တော့မှာလေ"

လင်းသန့်ဝယ်လာသည်က တစ်ပုံတပင်။ စားစရာမုန့်တွေရော၊ အဝတ်စတွေပါ စုံနေ၏။

လင်းသန့်ကောင်းမှုကြောင့်ပင် သူမလည်း ကန်တော့ခံစာရင်းထဲသို့ အလိုလို ဝင်သွားတော့၏။

"ဦးနဲ့ဒေါ်ဒေါ်တို့အတွက်ကတော့ မုန့်တွေ၊ မမေမိုးအတွက်ကတော့ ကျွန်တော့်စိတ်ကူးနဲ့ ဝယ်ခဲ့တဲ့ အဝတ်စတွေပဲ"

မေမေတို့ကတော့ လင်းသန့်၏သိတတ်မှုကြောင့် ပီတိတွေ ဝေဖြာနေ၏။

မေမေနှင့်ဖေဖေကတော့ လင်းသန့်အတွက် ဆုတွေ အသီးသီးပေးကြသည်။

"မောင်လင်းသန့်အတွက် ဆုတွေဘာတွေ ပေးလိုက်ဦးလေ သမီး"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ သမီး"

ရုတ်တရက်ကြီးဆိုတော့ ဘာလုပ်ရမှန်းမသိ။

ပထမဦးဆုံး အတွေ့အကြုံမို့ပင် တတ်သမျှ မှတ်သမျှဖြင့် ဆုပေးလိုက်သည်။

"လင်းသန့်ရေ . . . နင်လုပ်မှပဲ ငါလည်း လူကြီးစာရင်း ဝင်သွားပြီ၊ နင့်ရဲ့ကောင်းတဲ့ မျှော်လင့်ချက်မှန်သမျှ ပြည့်စုံပါစေ ဟာ"

ကန်တော့ခြင်းအစီအစဉ် ပြီးဆုံးမှပင် သူမနှင့်လင်းသန့် တို့ မီးထွန်းပွဲလျှောက်လည်ဖြစ်ကြသည်။

"နင့်ကားကို ပိုင်ရှင်ဆီထားပြီးမှ ငါ့တို့ သွားကြမှာ မဟုတ် လား"

"ဒီညတော့ ကားကို ယူထားလိုက်မှာ၊ မမေမိုးကို နေရာ စုံအောင် တမင်လိုက်ပို့ပေးချင်လို့လေ"

လင်းသန့်အစီအစဉ်က သဘောကျချင်စရာ ကောင်းနေ သေးသည်။ အလုပ်ထဲမှာ ရှိစဉ်တုန်းကတော့ အပြင်သိပ်မထွက် ဖြစ်။ တစ်ခါတလေလောက်သာ စုစု အတင်းခေါ်သောကြောင့် ရုပ်ရှင်တွေ ဘာတွေကြည့်ဖြစ်တာပဲ ရှိ၏။

စိတ်ပြေလက်ပျောက်သဘောမျိုးဖြင့် ဒီတစ်ညတော့ တဝ



www.burmeseclassic.com

www.burmeseclassic.com



ကြီး လည်ပစ်လိုက်မည် . . . ဟု တွေးလိုက်မိတော့သည်။

## င

"ကျွန်တော်တို့နဲ့ တစ်ဝိုင်းကျော်မှာထိုင်နေတဲ့လူကို မမေမိုး သိလား၊ ကျွန်တော် သတိထားဖြစ်နေတာ၊ ရွှေတိဂုံတက်ကတည်းက ကျွန်တော်တို့နောက်ကနေ တကောက်ကောက်နဲ့ နောက်ယောင်ခံ လိုက်နေတာ"

ထိုလူမှာ သူမနှင့် တစ်စုံတစ်ရာပတ်သက်လိမ့်မည်ဟု . . . ထင်ပြီး လင်းသန့် မေးလိုက်ခြင်း ဖြစ်ဟန်တူသည်။

သူမအနေနှင့်လည်း ထိုလူနှင့်ပတ်သက်ပြီး အထူးအဆန်း သဖွယ် သတိထားဖြစ်တာ တစ်ကြိမ်နှစ်ကြိမ်မကတော့ပြီ။

"ဟုတ်တယ် လင်းသန့်၊ သူဘယ်သူဘယ်ဝါလဲဆိုတာကို ငါ တကယ်မသိဘူး၊ သူ နောက်ယောင်ခံလိုက်တာ ဒါ ပထမဆုံး အကြိမ်လည်း မဟုတ်ဘူး၊ မနေ့ကတောင် ငါတို့ခြံရှေ့မှာ သူ့ကား ရပ်ပြီး အကဲခတ်တာကို တွေ့ဖြစ်သေးတာ၊ ဒီတစ်ခါနဲ့ဆို ငါသတိ ထားဖြစ်တာ လေးကြိမ်မြောက်ပဲ လင်းသန့်"

သူမအနေဖြင့် အသိမိတ်ဆွေ ယောကျ်ားလေးဟူ၍ များ



www.burmeseclassic.com

www.burmeseclassic.com



များစားစား မရှိမှန်းကို လင်းသန့် အသိဆုံးပင်။

"ဒါဆို သေချာနေပါပြီ"

လင်းသန့်ကတော့ အရမ်းစွတ်ပြီး ကောက်ချက်တွေ ချနေပြန်သည်။

"ဘာသေချာတာလဲ လင်းသန့်"

"ဒီလူအနေနဲ့ မမေမိုးကို စိတ်ဝင်စားနေတယ်ဆိုတာ ထင်ရှားနေတယ်၊ မမေမိုးအတွက်တော့ ဒီကိစ္စ အဆင်ပြေဖို့များ ကျန်တဲ့အရာတွေက တမင်ကံဆိုးနေတာများလား မသိဘူး၊ လူပုံစံရော၊ အနေအထိုင်ပါ အတော်လေး အဆင့်မြင့်တယ်၊ သူစီးတဲ့ကားကလည်း ပေါ့သေးသေးတော့ မဟုတ်ဘူးနော်"

အဟုတ်မှတ်၍ လင်းသန့်စကားတွေကို နားထောင်ဖြစ်၏။ လက်စသတ်တော့ လင်းသန့်က ဒီလူနဲ့ ထင်ယောင်ထင်မှား နောက်ပြောင်နေခြင်းပေပဲ။

"သွားစမ်းပါ လင်းသန့်ရာ၊ အဲဒီကိစ္စမျိုးတွေကိုသာ ငါစိတ်ဝင်စားခဲ့ရင် အခုချိန်လောက်ဆို တိုးလိုးတွဲလောင်းတွေ ဖြစ်နေလောက်ပြီ၊ ဒီလူ ဘာအတွက် နောက်ယောင်ခံလိုက်နေတာလဲ မသိဘူး"

"ကျွန်တော့်အထင်တော့ ဒီပြင်အထွေအထူးကိစ္စတော့

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ်မထင်ဘူး၊ ဖူးစာရေးနတ်ရဲ့ ဆွဲဆောင်မှုကြောင့်ပဲ မမေမိုးကို တန်းတန်းစွဲဖြစ်နေတာပဲနေမှာပေါ့”

စကားအဖြစ် လင်းသန့်က နောက်ပြောင်လိုက်ပေမယ့် ရင်ထဲမှာ တစ်စုံတစ်ခုဖြစ်ကျန်ခဲ့မှန်း ကိုယ်တိုင်သတိထားဖြစ်သည်။

သူမနှင့်လင်းသန့်တို့ ရယ်ရယ်မောမော ရှိနေကြစဉ်မှာပင် ဆိုင်ထဲမှနေပြီး ထိုလူ ပြန်ထွက်သွားလေ၏။

Q C R

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

( ၆ )

အလုပ်မရှိအကိုင်မရှိဖြင့် အိမ်မှာနေလာခဲ့တာ သုံးပတ်ကျော်သွားခဲ့ပြီ။ အိမ်ဆိုင်လေးဖွင့်ဖို့ အစီအစဉ်ကလည်း စိတ်ကူးစတုန်းလောက် တက်ကြွခြင်းမရှိတော့ပြန်။ သေချာသည်ကတော့ ဒေါ်ခင်သက်ချို၏ အယုံအကြည်မရှိသောဘာဝကို ရောက်ခဲ့ရခြင်းကြောင့် သူ့မစိတ်ဓာတ်တို့ ပျက်ပြားစပြုနေခြင်းပဲ ဖြစ်၏။

တဖြည်းဖြည်း တွေးကြည့်လေ ဒေါ်ခင်သက်ချိုအပေါ် အခဲမကြေနိုင်လေ ဖြစ်ရ၏။ သူ့မဘာဝမှာ လူတစ်ယောက်အပေါ် အငြိုးမထားဖူးခဲ့သော်လည်း ဒေါ်ခင်သက်ချိုကိုတော့ အငြိုးကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရသည်။

တစ်နေ့မှာတော့ သူမ ခံစားရသည့် စိတ်ဒုက္ခမျိုးနည်းတူ ခံစားစေရမည်ဟု . . . အငြိုးအတေးထားဖြစ်သည်လေ။

"တီ . . . တီ"

ကားမှတ်တိုင်မှာ ရပ်နေတာ ဘယ်လောက်ကြာသွားမှန်း မသိ။ သူမ, ရပ်နေရာသို့ ကားတစ်စီးထိုးရပ်လာပြီး ဟွန်းတီးတော့မှ သတိပြန်ဝင်သွားသည်။

ကားမောင်းသူကို ကြည့်လိုက်တော့ လင်းသန့် မဟုတ်သလို ကားကလည်း အငှားကားမဟုတ်။ သူမနောက်ကို နောက်ယောင်ခံလိုက်နေသောသူ။

"ကျွန်တော် ခပ်လှမ်းလှမ်းက ကားရပ်ပြီးကြည့်နေတာ ဆယ့်ငါးမိနစ်လောက် ရှိသွားပြီ၊ မှတ်တိုင်ကိုရောက်လာတဲ့ကားတွေ ပေါ်လည်း မတက်ဘူး၊ ဘယ်သူ့ကို စောင့်နေတာလဲ မမေမိုးလှိုင်"

သူ့အမည်နာမကိုပင် ထိုသူက သိနေပါရော့လား။

"ဘယ်သူ့ကိုမှ မစောင့်ပါဘူး၊ ကားစောင့်နေရင်းက အတွေးလွန်သွားလို့ ဒီလိုဖြစ်ရတာ"

"မမေမိုးလှိုင် ဘယ်ကိုသွားမှာလဲ၊ ကျွန်တော် လိုက်ပို့ပေးပါရစေ"

www.burmeseclassic.com

www.burmeseclassic.com


အသံဩဇာရော သဏ္ဌာန်ကပါ သူမစိတ်ကို ညှို့ယူနိုင်စွမ်းရှိသူဖြစ်၏။ သူ့ကိုကြည့်ရင်းကပင် လင်းသန့်ပြောခဲ့သည့်စကားများကို မဆီမဆိုင် ပြန်ကြားယောင်မိသေး၏။

"ရပါတယ်၊ ကားငှားပြီး ကျွန်မ သွားတော့မယ်"

"မဟုတ်တာပဲ၊ အချိန်ရမယ်ဆိုရင် ကျွန်တော်တို့ တစ်နေရာရာမှာ စကားသွားပြောရအောင်၊ ဒီလိုခေါ်လိုက်လို့ မမေမိုးလှိုင်စိတ်ထဲမှာ တစ်မျိုးမဖြစ်သွားစေချင်ဘူး၊ ကျွန်တော့်နာမည်က . . . ဇော်သက်ထွန်းပါ မမေမိုးလှိုင်၊ ဒီရက်ပိုင်းမှာ မမေမိုးလှိုင်ကို နှစ်ယောက်ချင်းတွေ့ပြီး စကားပြောနိုင်ဖို့ ကြိုးစားနေခဲ့တာပါ၊ ခဏဖြစ်ဖြစ် ကျွန်တော့်အတွက် အချိန်ပေးပါလား မမေမိုးလှိုင်"

သူစိမ်းယောကျ်ားတစ်ယောက်၏ ဖိတ်ခေါ်မှုကို မကြုံဖူးသောကြောင့် သူမရင်တွေခုန်နေ၏။ ဒီလူက ဘာကြောင့်များ စကားပြောချင်ရပါလိမ့်။ လင်းသန့်စကားတွေက ကွက်တိလာမှန်နေပြီလား မပြောတတ်ပေ။

"ဘယ်ဖြစ်မလဲ၊ ရှင် ဘယ်သူဘယ်ဝါဆိုတာကို ကျွန်မသိရတာမှ မဟုတ်ဘဲ၊ ရှင်ခေါ်တဲ့နောက်ကို ကျွန်မ မလိုက်နိုင်သလို ရှင်နဲ့လည်း စကားပြောဖို့ အချိန်မပေးနိုင်ပါဘူး"

ပြန်ပြောလိုက်သော သူမအသံတွေက တုန်ခါမှုပါနေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ ကျွန်တော်ဟာ ဒေါ်ခင်သက်ချိုရဲ့ မောင်အရင်းတစ်ယောက်ဖြစ်တယ်ဆိုရင် လူကြီးလူကောင်းတစ်ယောက်အနေနဲ့ အလုပ်ကိစ္စဆွေးနွေးဖို့ ဖိတ်ခေါ်တယ်ဆိုရင်တော့ မမေမိုးလှိုင် အချိန်ပေးနိုင်ကောင်းပါတယ်"

"ရှင်"

ကြားလိုက်ရသောစကားကြောင့်ပင် အံ့သြမှုဖြစ်သွားရ၏။ ဒေါ်ခင်သက်ချိုမှာ မောင်အရင်းတစ်ယောက်ရှိတာကို သူမ သိထား၏။ ဒေါ်ခင်သက်ချိုထက်ငယ်ပြီး သူမတို့လိုပင် နှစ်ဆယ့်ငါးနှစ်ဝန်းကျင်လောက်ဆိုတာကို သိထား၏။ ဇော်သက်ထွန်းက မိန်းကလေးတွေနဲ့ အတွဲများတယ်ဆိုတာကို သူမ အဝေးသင်တက်ကတည်းက သိထားသူဖြစ်၏။

"အချိန်ပေးနိုင်မယ် မဟုတ်လား မမေမိုးလှိုင်၊ အကြောင်းမဲ့ အလုပ်ထုတ်ပစ်လိုက်လို့ မကျေမချမ်း ဖြစ်နေတာရော၊ အလုပ်တွေ လိုက်လျှောက်လို့ အဆင်မပြေ ဖြစ်နေတာရော ကျွန်တော်သိနေတယ်၊ ကျွန်တော်နဲ့ မမတို့ စီးပွားခွဲလိုက်ကြပြီးပြီ၊ အလုပ်ကိစ္စအတွက် မမေမိုးလှိုင်နဲ့ ကျွန်တော် စကားပြောချင်ပါတယ်"

သူမ ဘယ်လိုမှ မျှော်လင့်မထားသော အခြေအနေတစ်ခု။ အလုပ်ကိစ္စဆိုသော စကားတစ်ခွန်းကြောင့်ပင် ဇော်သက်ထွန်း၏

www.burmeseclassic.com

www.burmeseclassic.com


ဖိတ်ခေါ်မှုကို သူမ လက်ခံလိုက်ရလေတော့သည်။

# ၄

"ရှင့်အစ်မဆီမှာ ကျွန်မ အလုပ်လုပ်လာတာ ကျောင်းတက်ကတည်းကပဲ၊ ရှင့်အစ်မနဲ့ ပတ်သက်ပြီး ရှင်နဲ့တစ်ခါမှ မဆုံဖြစ်ခဲ့သလို တင်တင်ဟန်နဲ့ ပတ်သက်ပြီး ရှင်နဲ့ကျွန်မ ဆုံဖြစ်ခဲ့ဖို့ လည်း ကျွန်မဘက်က ပျက်ကွက်ခဲ့တယ်၊ အခုတော့ တကယ့်မိတ်ဟောင်းဆွေဟောင်းကြီးနဲ့ ဆိုက်ဆိုက်မြိုက်မြိုက် လာဆုံဖြစ်တော့တာပဲ"

သူမ၏စီးပွားရေးဘဝ့အတွက် အဝေးသင်တက်တုန်းက တင်တင်ဟန်ဆိုသော သူငယ်ချင်းနှင့်တွဲဖြစ်၏။ ဇော်သက်ထွန်းနှင့် ပတ်သက်ပြီး တင်တင်ဟန် တိုင်ပင်ခဲ့တာတွေ ရှိခဲ့ဖူး၏။ ရည်းစားများသော လူတစ်ယောက်နှင့် မတွေ့ချင်သောကြောင့်ပင် တင်တင်ဟန်ကို မိတ်ဆက်မပေးဖို့ ငြင်းဆိုခဲ့ဖူး၏။

"အခု တင်တင်ဟန် ဘယ်ရောက်နေပြီး ဘာဖြစ်နေလဲ မမေမိုးလှိုင်၊ ကျွန်တော် တွဲခဲ့တဲ့အထဲမှာတော့ တင်တင်ဟန်က အရိုးသားဆုံး မိန်းကလေးပဲ၊ သူ့ကို သံယောဇဉ်ဖြစ်ခဲ့တာတော့


www.burmeseclassic.com

www.burmeseclassic.com


အမှန်ပဲ”

ဇော်သက်ထွန်းအပေါ် တင်တင်ဟန် ချစ်မြတ်နိုးခဲ့တာကို သူမ အသိဆုံးပင်။ တင်တင်ဟန်နှင့် တွဲနေသည့်ကာလမှာပင် တခြားကောင်မလေးနှစ်ယောက်နှင့် တစ်ပြိုင်နက်တွဲနေသည်ကို သိရသောကြောင့်ပင် အဆက်ဖြတ်ဖို့ သူမကိုယ်တိုင် နားပူနားဆာ လုပ်ပြီး တိုက်တွန်းခဲ့ဖူးသည်။

“နယ်မြို့လေးတစ်မြို့မှာ အလယ်တန်းပြဆရာမ ဝင်လုပ်ရင်းနဲ့ အိမ်ထောင်ကျသွားပြီ၊ ဒီနောက်ပိုင်း ကျွန်မနဲ့လည်း အဆက်ပြတ်သွားတယ်၊ တင်တင်ဟန်က ရှင့်ကို အရမ်းချစ်ခဲ့သလိုပဲ တော်တော်လေးလည်း စိတ်နာသွားခဲ့တာ”

“ဟုတ်တယ်ဗျာ၊ အဲဒီကိစ္စတွေကြောင့် ကျွန်တော် လူပြောသူပြောခံရတာ၊ အဆိုးဆုံးကတော့ ကျွန်မအစ်မက ကျွန်တော့်ကို အယုံအကြည်မရှိတာပဲ၊ ပါပါတို့ ထားခဲ့တဲ့ အမွေတွေ လုပ်ငန်းတွေကို တမင်ထိုင်ဖြုန်းပြီး ရှုပ်နေပွေနေတဲ့လူလို့ ထင်ခဲ့တာ၊ အမွေခွဲကြတော့ လုပ်ငန်းတွေကိုတစ်ခုမှ ကျွန်တော် မရဘူး၊ ရှုပ်တယ်ပွေတယ်ဆိုပေမယ့် ဓာတုဗေဒနဲ့ မဟာဘွဲ့ရထားတဲ့လူတစ်ယောက်ပါ၊ အခုလည်း အစ်မကိုရော ယောက်ဖဖြစ်သူကိုပါ မခံချင်တာနဲ့ စီးပွားရေးကို လုပ်နေတယ်၊ ကျွန်တော်က ကျောင်းသားဘဝက


www.burmeseclassic.com

www.burmeseclassic.com



ဇော်သက်ထွန်း မဟုတ်တော့ပါဘူး၊ အခြေအနေအရပဲ လူကြီး လူကောင်းဆန်ဆန် ကျွန်တော်နေထိုင်နေပါပြီ"

"တင်တင်ဟန်က ရှင်နဲ့တွေ့ပေးဖို့ ကျွန်မကို ပြောဖူးတယ်၊ အဲဒီလိုယောက်ျားမျိုးနဲ့ မျက်နှာချင်းဆိုင်ဖို့ အချိန်မပေးနိုင်ဘူးလို့ ကျွန်မ ငြင်းခဲ့တယ်"

"အခုမှ မှတ်မိပြီ၊ တင်တင်ဟန်က သူ့သူငယ်ချင်းနဲ့ တွေ့ ပေးချင်တယ်၊ သူ့သူငယ်ချင်းဟာ အစ်မတို့ကုမ္ပဏီမှာ လုပ်တယ် ဆိုတာလည်း ပြောဖူးတယ်၊ လက်စသတ်တော့ မမေမိုးလှိုင် ဖြစ် နေတာကိုး"

ဆရာစံလမ်းမပေါ်သို့ ချိုးဝင်ပြီးတော့ ဆိုင်တစ်ဆိုင်ရှေ့မှာ ကားကို ရပ်လိုက်၏။ ဣန္ဒြေရရ စကားပြောရင်း စားသောက် နိုင်သော ဆိုင်တစ်ဆိုင်မို့ ယုံကြည်စိတ်ချစွာဖြင့် သူမ ကားပေါ်မှ ဆင်းလိုက်မိသည်။

## ၄

"ကျွန်တော့်ကို အရင်တုန်းက ဇော်သက်ထွန်းလို့ မမြင်ပါနဲ့ မမေမိုးလှိုင်၊ ကျွန်တော် မမေမိုးလှိုင်နဲ့ အလုပ်တွဲလုပ်ချင်သလို

www.burmeseclassic.com

www.burmeseclassic.com



မမေမိုးလှိုင်ရဲ့ အကြံဉာဏ်တွေ အကူအညီတွေလည်း အများကြီး ရယူချင်ပါတယ်၊ ကျွန်တော် . . . လွင်မောင်နဲ့လည်း တွေ့ခဲ့ပြီးပါပြီ၊ မမေမိုးလှိုင်က အတွေ့အကြုံရှိသလို အလုပ်ကြိုးစားတဲ့သူ တစ်ယောက်ဆိုတာ လွင်မောင် ပြောပြပါတယ်၊ ဘာမဟုတ်တဲ့ သာမန်ကိစ္စလေးကို အကြောင်းပြုပြီး မမေမိုးလှိုင် အလုပ်ထွက် လိုက်ရတဲ့အတွက် လွင်မောင် နောင်တရနေတယ်”

ဒေါ်ခင်သက်ချိုကို တုပြိုင်ပြီး မောင်အရင်းက လုပ်ငန်းတွေ လုပ်နေတယ်ဆိုတာကို သူမ သိထားသည်။

“လွင်မောင်က ကျွန်တော်တို့နဲ့ အမျိုးမှမကင်းတာ၊ ပြီးတော့ သူ့စာရိတ္တကိုလည်း ကျွန်တော် သိထားတယ်၊ သူ့ကို အလုပ်မခန့်ပေမယ့် မမေမိုးလှိုင်နဲ့ ပတ်သက်ပြီး သူပြောခဲ့တဲ့ စကားတွေကိုတော့ ကျွန်တော် ယုံကြည်တယ်၊ ဒါကြောင့် မမေမိုးလှိုင်နဲ့ စကားပြောခွင့်ရဖို့ ကျွန်တော် ကြိုးစားနေခဲ့တာ”

“ဒါများရှင် အခုလို အကျိုးအကြောင်း ပြောလိုက်ရင် ပြီးနေတာပဲ၊ အပင်ပန်းခံပြီး နောက်ယောင်ခံတွေ လိုက်နေတာများ ရှင်မို့လို့ မမောတယ်”

“အပြစ်ပြောလည်း ခံရမှာပဲဗျာ၊ ပြီးတော့ ဟိုနေ့ညက မမေမိုးလှိုင်မှာ အဖော်ပါတော့ အရိပ်အခြည်ကြည့်နေရတာ၊ ဒီကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ပတ်သက်ပြီး လွင်မောင်နဲ့ ထပ်တွေ့ရသေးတယ်၊ အဲဒီနေ့ညက အဖော်က လင်းသန့်မဟုတ်လား"

"ဟုတ်တယ်"

"ဒါတွေ ထားလိုက်ပါ။ အခုပြောချင်တာက ကျွန်တော့်လုပ်ငန်းတွေ အောင်မြင်ဖို့ မမေမိုးလှိုင်ရဲ့ အကူအညီ အကြံဉာဏ်တွေလိုတာ အမှန်ပဲ၊ ကျွန်တော်နဲ့ လက်တွဲနိုင်မယ် မဟုတ်လား . . . မမေမိုးလှိုင်"

အချိုရှာသူအဖို့ သကာနှင့်တွေ့သလိုမျိုး ဖြစ်နေ၏။ အလုပ်ရမယ့်ရတော့လည်း လွယ်လွယ်ကူကူပင်။ အလုပ်ရှင်က ဒေါ်ခင်သက်ချို၏ပြိုင်ဖက် မောင်အရင်းဖြစ်သူဆီမှာ ဖြစ်နေ၏။

"အခုလို ဖိတ်ခေါ်တဲ့အတွက် ကျေးဇူးတင်ပါတယ် ကိုဇော်သက်ထွန်း၊ ကျွန်မကို စဉ်းစားချိန်တော့ တစ်ပတ်ပေးပါ၊ တစ်ပတ်ပြည့်တဲ့နေ့မှာ ကျွန်မ ဆက်သွယ်ပါ့မယ်"

"ရပါတယ် မမေမိုးလှိုင်၊ ဒါ ကျွန်တော့်ရဲ့ လိပ်စာကတ်"

လိပ်စာကတ်ပြားလေးကို လှမ်းယူရင်းကပင် ပီတိဖြစ်နေမိ၏။ ဒေါ်ခင်သက်ချိုကို ပခုံးချင်းယှဉ်နိုင်ဖို့ ဇော်သက်ထွန်းနှင့် အပြည့်အဝပူးပေါင်းရပေမည်။

သူမ, ဖြစ်ပျက်နေပုံကို တင်တင်ဟန်သာ သိရင်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုစကားမျိုး ပြောဦးမည် မသိပေ။

Q c R

www.burmeseclassic.com

www.burmeseclassic.com

( ၇ )

ဇော်သက်ထွန်းနှင့် စကားပြောဖြစ်ပြီး သုံးရက်မြောက်သောနေ့မှာတော့ လင်းသန့်နှင့်စုစုတို့ကို ဖွင့်ပြောဖြစ်သည်။

နှစ်ယောက်စလုံးက စိတ်ဝင်တစားဖြင့် နားထောင်နေ၏။ သူမစကားတွေဆုံးသည်နှင့် စုစုက အရင်ပြောသည်။

"ဒါဆို မမေမိုးက ကိုဇော်သက်ထွန်းဆီမှာ အလုပ်လုပ်ဖို့ ဆုံးဖြတ်လိုက်ပြီပေါ့၊ နေပါဦး သူ့လုပ်ငန်းက . . . "

"အခုလောလောဆယ်မှာ ဆပ်ပြာစက်ရုံတစ်ခု ထောင်ထားတယ်ပြောတယ်၊ မိဘလက်ငုတ်လက်ရင်းတွေထဲက သူ ရှယ်ယာ ရိုက်

www.burmeseclassic.com

www.burmeseclassic.com


တဲ့ လုပ်ငန်းတစ်ခုပဲ စုစု”

လင်းသန့်ကတော့ စိုးရိမ်မကင်းချင်သော လေသံဖြင့် ဝင်ပြော၏။

“ကျွန်တော် သိသလောက်ကတော့ ကိုဇော်သက်ထွန်းဆိုတဲ့လူက မိန်းမခပ်ပွေပွေပဲ၊ ဒါကြောင့်ပဲ ဒေါ်ခင်သက်ချိုတို့ လင်မယားက သူ့ရပိုင်ခွင့်ရှိတဲ့အမွေတွေကို အားချင်းခွဲပေးလိုက်တာပဲ”

“ဟုတ်တယ် မမေမိုး၊ ဒီအချက်ကတော့ မမေမိုးအနေနဲ့ ထည့်စဉ်းစားမှ ဖြစ်မယ်”

စုစုတို့ လင်းသန့်တို့ကတော့ စိုးရိမ်မကင်းဖြစ်နေကြမည်ပေါ့၊ ဇော်သက်ထွန်း မိန်းမရှုပ်ခြင်းမှာ လုပ်ငန်းနှင့်မပတ်သက် . . . ဟု ယူဆမိသည်။ အခုအခြေအနေမှာတော့ ဇော်သက်ထွန်းနှင့် ပူးပေါင်းခြင်းက ဒေါ်ခင်သက်ချိုတို့ကို စိတ်အနှောင့်အယှက်အပေးနိုင်ဆုံးပဲ ဖြစ်၏။

“ဇော်သက်ထွန်း မိန်းကလေးတွေနဲ့ အတွဲများတယ်ဆိုတာကို နင်တို့က ကြားရုံတင်ကြားဖူးကြတာ၊ ငါ သိခဲ့မြင်ခဲ့တာက ကြာပြီ၊ ဒီအကြောင်းတွေက အခုဖြစ်ရပ်မှာ အရေးမပါဘူး၊ ဦးအောင်မြင့်တို့ လင်မယားက လိုတာထက်ပိုပြီး ချဲ့ကားသတင်းလွှင့်တာလည်း ပါမယ်၊ အမွေခွဲတဲ့ကိစ္စနဲ့ရော သူ့ကို အထင်မြင်သေးတဲ့အပေါ် မှာပါ

www.burmeseclassic.com



အစ်မနဲ့ယောက်ဖကို လုံးဝမကျေနပ်ဘူး ဖြစ်နေတယ်၊ အဲဒီစိတ်နဲ့ပဲ ဒီစက်ရုံကို သူဦးစီးပြီး လုပ်ပြချင်နေတာ၊ သူ့အလုပ်မှာ ငါ့ကို အားကိုးတကြီးနဲ့ ခေါ်သုံးချင်နေတာ၊ ဒေါ်ခင်သက်ချိုတို့ကို ပခုံးချင်း ယှဉ်နိုင်ဖို့ဆိုရင် အခြားနေရာမှာ အလုပ်ဝင်လုပ်တာထက် ဇော်သက်ထွန်းနဲ့ ပူးပေါင်းတာက ပိုပြီးထိရောက်မှာ၊ တစ်နေ့ကျရင် ဒေါ်ခင်သက်ချိုတို့ လင်မယားကို ပခုံးချင်းယှဉ်နိုင်မယ်လို့ ငါလုံးဝ ယုံကြည်နေတယ်”

စုစုတို့ကို စကားတွေပြောနေရင်းကပင် သူမစိတ်ထဲမှာ အကြံဉာဏ်တွေက ပိုမိုတိုးလာခဲ့လေသည်။

“နေပါဦး မမေမိုး၊ သံပန်းအနေနဲ့ရော စတိန်းလက်စတီး အနေနဲ့ပါ ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ ဒေါ်ခင်သက်ချိုတို့က အရမ်းအောင်မြင်နေတာ၊ ဒီခေတ်မှာ ဆပ်ပြာမှုန့်တွေ ဆပ်ပြာတွေက တံဆိပ်အမျိုးမျိုး အမည်အမျိုးမျိုးနဲ့ ပလူပျံအောင် ထွက်နေတာကို မမေမိုး မြင်နေတွေ့နေတာပဲ၊ လုပ်ငန်းချင်းက ဘာမှမပတ်သက်တော့ ဘယ်လိုလုပ်ပြီး ပခုံးချင်းယှဉ်နိုင်မှာလဲ မမေမိုးရာ၊ စုစုထောက်ပြတာကို တစ်မျိုးမထင်နဲ့ဦးနော်”

“ဟုတ်တယ် မမေမိုး၊ ဇော်သက်ထွန်းဆိုတဲ့လူက ရထားတဲ့ အမွေတွေကို အားကိုးပြီး လုပ်ချင်တဲ့စိတ်ပဲ ရှိတာ၊ သူ့မှာ စီးပွားရေး



www.burmeseclassic.com

www.burmeseclassic.com



အမြင်ရှိမှာ မဟုတ်ဘူး၊ သူ့လုပ်ငန်းတွေ အောင်မြင်ဖို့ မအောင်မြင်ဖို့ဆိုတာ ဘာမှရေရေရာရာရှိတာ မဟုတ်ဘူး"

လင်းသန့်ပြောသလို သူမလည်း စဉ်းစားကြည့်ဖူး၏။ ဇော်သက်ထွန်းအနေဖြင့် စီးပွားရေးမျက်စိရှိမှာ မဟုတ်သလို ရှိသင့်ရှိထိုက်သည့် အရည်အချင်းတွေလည်း ကင်းမဲ့နေမှာ သေချာ၏။

"သူ့မှာ အရင်းအနှီး ရှိတယ်၊ သူက ငါ့ကို အားကိုးတကြီးနဲ့ ဖိတ်ခေါ်တာ၊ အခုလောလောဆယ်မှာတော့ သူ့လက်ရှိလုပ်ငန်းကို အောင်မြင်အောင် အတတ်နိုင်ဆုံး ကူညီရမယ်၊ ဒေါ်ခင်သက်ချိုတို့ မျက်လုံးပြူးသွားလောက်အောင် လုပ်ပြမယ့်အကြံအစည်တွေ ငါ့မှာ ရှိပြီးသားပါ။ ဒါတွေကို တစ်နေ့ကျရင် နင်တို့နှစ်ယောက်စလုံး သိလာမြင်လာရစေမယ်"

သူမစကားတွေကိုတော့ စုစု အားကိုးတကြီး ကျသွားပုံရသည်။

"စုစုလည်း ဒီအလုပ်က ထွက်ချင်နေတာ မမေမိုး အသိပဲ၊ မမေမိုးလုပ်ဖြစ်ရင် စုစုကိုပါ အပါခေါ်ရမယ်နော်"

"ခေါ်ရမှာပေါ့ စုစု၊ ငါ့အကြံအစည် ငါ့လုပ်ငန်းတွေမှာ နင့်ရဲ့အကူအညီတွေ လိုသလို၊ ငါ့အတွက် စိတ်ချယုံကြည်တိုင်ပင်ရမယ့် နင့်လိုလူမျိုးကို ငါခေါ်ရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"မမေမိုး"

"ဘာလဲ လင်းသန့်"

"မမေမိုးအနားမှာ စုစုတစ်ယောက်တည်းတင် ရှိနေသင့်တာ မဟုတ်ဘူး၊ ကျွန်တော်ပါ ရှိနေသင့်တာကို မမေ့နဲ့နော်"

"ဟုတ်သားပဲ မမေမိုး၊ လင်းသန့်ကိုပါ တစ်နေရာရဖို့ မမေမိုးလက်စနဲ့ ပြောလိုက်ပါလား၊ စုစုတို့သုံးယောက် နီးနီးကပ်ကပ်နေပြီး တိုင်ပင်ဖော်ရသွားတာပေါ့"

ဇော်သက်ထွန်း၏ မိန်းမကျော်စောသတင်းကြောင့် လင်းသန့် စိတ်မချဖြစ်ခြင်းကို ရိပ်စားမိသည်။

အစောကြီးကတည်းက လင်းသန့်နှင့်ပတ်သက်ပြီး ဆုံးဖြတ်ထားပြီးဖြစ်၏။

"နင့်ကိစ္စကိုတော့ ငါမပြောချင်ဘူး၊ စစချင်းမှာ ငါတောင်းဆိုတာတွေ များသွားရင် မကောင်းဘူး၊ ပြီးတော့ အခု နင်လက်ရှိကားမောင်းတဲ့အလုပ်ကလည်း အဆင်ပြေနေတာပဲ မဟုတ်လား လင်းသန့်"

"အင်းလေ မမေမိုး ပြောတာလည်း ဟုတ်ပါတယ်၊ မမေမိုးအနားမှာ စုစု ရှိနေရင်လည်း ပြီးတာပဲ"

သူမစကားကို လင်းသန့် ဘယ်လိုနားလည်သွားသည် မသိ

www.burmeseclassic.com

www.burmeseclassic.com



ပေ။ ဒေါ်ခင်သက်ချိုတို့နှင့် ပြဿနာဖြစ်ခဲ့ရခြင်းအတွက် သူ့ကို တမင်ချန်ထားရစ်သည် . . . ဟု ထင်သွားလေမည်လား။

# ၄

စုစုနှင့် လမ်းခွဲပြီး အိမ်ပြန်ရောက်တော့မှ လင်းသန့်ကို မေးဖြစ်တော့သည်။

"ငါ့အလုပ်ထဲမှာ နင့်ကို မရှိစေချင်ဘူးလို့များ နင်ထင်သွားလား လင်းသန့်၊ အဲဒီလို ထင်မှာစိုးလို့ ငါ ပွင့်ပွင့်လင်းလင်းမေးတာ၊ ပြီးတော့ ဇော်သက်ထွန်းက မိန်းကလေးတွေနဲ့ အတွဲများခဲ့တယ်ဆိုတာကိုလည်း ဖေဖေတို့ မသိစေချင်ဘူး လင်းသန့်"

"မထင်ပါဘူး မမေမိုး၊ ကျွန်တော်က ဖြစ်စေချင်တာပါ၊ ဒါပေမဲ့ မမေမိုးအတွက် တောင်းဆိုမှုတွေများပြီး အခွင့်ရေးယူရာကျမှာပေါ့၊ စိတ်ချပါ ကိုဇော်သက်ထွန်းနဲ့ ပတ်သက်တဲ့ကိစ္စကို ဦးတို့ ဒေါ်ဒေါ်တို့ မသိစေရပါဘူး"

လင်းသန့်ပြောပုံဆိုပုံလေးကိုကြည့်ပြီး စိတ်ထဲမှာ ကရုဏာဖြစ်မိတာ အမှန်ပင်။ ဒီလိုအကျင့်စရိုက်လေးတွေကြောင့်ပင် လင်းသန့်နှင့် သံယောဇဉ်ဖြစ်ခဲ့ခြင်းဖြစ်၏။

www.burmeseclassic.com

အင်ယန်လေးစာစဥ

www.burmeseclassic.com



"နင်နားလည်တဲ့အတွက် ငါစိတ်ရှင်းသွားပြီ၊ ငါတော့ဖြင့် ဒီလိုအခွင့်ရေးမျိုး မမျှော်လင့်ဘဲ ရခဲ့တာကို အိပ်မက်တစ်ခု မက်နေရတာပဲလို့ ထင်နေမိတယ်"

"မမေမိုးကို တစ်ခုကို တောင်းဆိုချင်တယ်၊ ကိုဇော်သက်ထွန်းဆိုတဲ့လူအကြောင်းကို ကြားသာကြားဖူးတာ၊ လူချင်းမဆုံဖူးသေးဘူး၊ သူနဲ့တွေ့တဲ့နေ့ကျရင် ကျွန်တော်ပါ အဖော်လိုက်ခဲ့လို့ဖြစ်မလား"

မောင်တစ်ယောက်က အစ်မတစ်ယောက်အပေါ် သံယောဇဉ်စိတ်ဖြင့် ကြောင့်ကျခြင်းမျိုး . . . ဟု သူမ နားလည်လိုက်သည်။

"အဲဒါတော့ မဖြစ်ဘူး လင်းသန့်၊ နင်တောင်းဆိုတာကို ငါ မလိုက်လျောနိုင်ဘူး"

"ဒါဆိုရင် ကျွန်တော့်စိတ်ထဲမှာ မတင်မကျဖြစ်နေတဲ့ကိစ္စတစ်ခုကို ပွင့်ပွင့်လင်းလင်း မေးရမလား"

"မေးလေ ဘာကိစ္စများလဲ"

"တခြား မဟုတ်ပါဘူး၊ မမေမိုးပြောခဲ့တဲ့ စကားတွေထဲမှာ ကိုဇော်သက်ထွန်း မိန်းကလေးတွေနဲ့ အတွဲများခဲ့တာကို မြင်ခဲ့ကြားခဲ့တာ ကြာပြီဆိုတော့လေ၊ ဘယ်တုန်းကများ ကိုဇော်သက်ထွန်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်ခဲ့ဖူးတာလဲ မမေမိုး”

“အော် . . . ဒါလား . . . ပြီးခဲ့တဲ့နှစ်က ငါ့ဆီလာတဲ့ တင်တင်ဟန်ဆိုတဲ့ ကျောင်းဆရာလေးကို နင်သိတယ်နော်”

“သိတယ်လေ၊ သူ အခု အိမ်ထောင်ကျသွားပြီ မဟုတ်လား”

“တင်တင်ဟန် ချောတာလှတာကို နင်မြင်ဖူးသားပဲ၊ ငါ အဝေးသင်တက်တုန်းက သူနဲ့သူငယ်ချင်းဖြစ်ခဲ့တာ၊ ဇော်သက်ထွန်း တွဲခဲ့ဖူးတဲ့ မိန်းကလေးတွေထဲမှာ တင်တင်ဟန်က တစ်ယောက်အပါအဝင်ပဲ၊ ဒါဆိုရင်တော့ နင်ရှင်းပြီပေါ့”

“မမေမိုးတို့ လူချင်းသိနေကြပြီး ဘာလို့ ကိုဇော်သက်ထွန်းက မမေမိုးကို အလုပ်စကားပြောဖို့ နောက်ယောင်ခံလိုက်ရတာလဲ မမေမိုး”

“ငါတို့ လူချင်းမသိကြပါဘူး၊ ဟိုတုန်းကတည်းက တင်တင်ဟန် ပြောခဲ့လို့သာ သူ့အကြောင်းကို သိရတာ၊ တင်တင်ဟန်က ဆုံပေးဖို့ ပြောခဲ့တာကို ငါ အမြဲငြင်းခဲ့တာ၊ ငါက အဲဒီလိုလူမျိုးနဲ့ မျက်နှာချင်းမဆိုင်ချင်ခဲ့တာကိုး၊ သူကလည်း ငါ့ကို တင်တင်ဟန့် သူငယ်ချင်းမှန်း မသိဘူး၊ ရှေးဟောင်းနှောင်းဖြစ်တွေပြောကြရင်းက သိသွားကြတာပဲ”

အင်ကြင်းမာလာ

www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို ဇာတ်ရည်လည်အောင် ရှင်းပြလိုက်တော့ လင်းသန့် ကျေနပ်သွားပုံရသည်။

ဒီလောက်ဆိုရင်တော့ လင်းသန့်စိတ်ထဲမှာ တအုံနွေးနွေး စိုးရိမ်မကင်းဖြစ်နေမှုများက လုံးဝလွင့်စင်သွားမှာ သေချာသည်ပဲ။

Q C R



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# ( ၈ )

“မမေမိုး ဘယ်သွားမလို့လဲ”

ထမင်းစားသောက်ပြီးအချိန်မှာပင် မှောင်ရီပျိုးနေပေပြီ။

အနည်းငယ်ပြင်ဆင်ပြီး အပြင်ထွက်ဖို့ ခြေလှမ်းပြင်ခိုက်မှာပင် လင်းသန့်မေးလိုက်၏။

“အပြင်ခဏသွားပြီး ဖုန်းဆက်မလို့ လင်းသန့်”

“ဘယ်သူ့ဆီလဲ မမေမိုး”

“မနက်ဖြန် ဇော်သက်ထွန်းနဲ့ တွေ့ရမှာလေ၊ အဲဒါ အကျိုးအကြောင်း ဖုန်းလှမ်းဆက်မလို့”

www.burmeseclassic.com

www.burmeseclassic.com



"အတော်ပဲ ကျွန်တော်လည်း စာအုပ်အပ်စရာရှိတယ်၊ မမေမိုးနဲ့ လိုက်ခဲ့လို့ ဖြစ်လား"

"ဖြစ်ပါတယ်၊ ငါကလည်း နင့်ကို အဖော်ခေါ်မလို့ပဲ"

မနက်ဖြန်မှာ ဇော်သက်ထွန်းနှင့် တွေ့ဖြစ်သည့်အခါမှာ တော့ လင်းသန့်ကို အဖော်မခေါ်ချင်။ လင်းသန့်ကလည်း သူမ ယတိပြတ်ပြောထားပြီး ဖြစ်သည်မို့ ထပ်တောင်းဆိုမှာ မဟုတ်ပေ။

"မနက်ဖြန် သူ့အလုပ်ခန်းမှာ တွေ့ကြမှာလား မမေမိုး"

"ငါဖုန်းဆက်တဲ့အခါ နင်ကြားရမှာပဲ လင်းသန့်"

လင်းသန့်တစ်ယောက် နှုတ်ပိတ်သွားပြန်၏။

သူမနှင့်ဇော်သက်ထွန်းတို့ စကားပြောတာကို လင်းသန့် သိချင်နေပုံရ၏။ လင်းသန့်ကို အနားထားပြီး တယ်လီဖုန်းနံပါတ် များကို လက်တန်းနှိပ်လိုက်မိသည်။

"ဟဲလို အမိန့်ရှိပါ"

"အခုပြောတာ ကိုဇော်သက်ထွန်းလား မသိဘူး"

"ဟုတ်ပါတယ် ခင်ဗျာ"

"ကျွန်မ မမေမိုးလှိုင်ပါ"

"ဘယ်လိုလဲ ကျွန်တော်နဲ့ လက်တွဲဖို့ မမေမိုးလှိုင် စဉ်းစား ပြီးလောက်ရောပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန်မှာ အဖြေပေးမယ်လို့ ကျွန်မ ပြောထားခဲ့တဲ့ အတိုင်းပဲပေါ့၊ ကျွန်မတို့ မနက်ဖြန်မနက်ဆယ်နာရီမှာ တွေ့ကြရ အောင်၊ ကိုဇော်သက်ထွန်း အလုပ်အားရဲ့လား"

"အားရမှာပေါ့ မမေမိုးလှိုင်၊ ကျွန်တော် ဘယ်ကိုလာတွေ့ရ မလဲ"

"ကျွန်မတို့ ပထမဆုံးဆုံဖြစ်ကြတဲ့ ဆိုင်မှာပဲပေါ့ ကိုဇော် သက်ထွန်း"

မနက်ဖြန်ဆုံပြီး စကားပြောကြဖို့ အချိန်းအဆက်တော့ လုပ်ပြီးသွားပြီ။ သူမ, ပြောတာဆိုတာတွေကို လင်းသန့်ကြားမှာ သေချာသည်ပဲ။

"အိမ်မပြန်သေးခင် လက်ဖက်ရည်ဆိုင် ခဏထိုင်ရအောင် မမေမိုး"

လင်းသန့်နှင့် အပြင်ထွက်ဖြစ်သည့်အခါတိုင်း လက်ဖက် ရည်ဆိုင်ထိုင်တာ အကျင့်တစ်ခုလို ဖြစ်နေ၏။ လင်းသန့် အသိမပေး လည်း ထိုင်မှာ ဖြစ်၏။

"ထိုင်ရမှာပေါ့ လင်းသန့်"

ဇော်သက်ထွန်းဆီမှာ အလုပ်အတူတူလုပ်ဖို့ကိစ္စကိုတော့ လင်းသန့် ပါးစပ်မဟတော့ပေ။ ဒီကိစ္စနှင့်ပတ်သက်ပြီး လင်းသန့်



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ရှင်းရှင်းလင်းလင်းဖြစ်နေပါ့မလား . . . ဟု တွေးမိသည်။

"ကိုဇော်သက်ထွန်းနဲ့ မနက်ဖြန်တွေ့ပြီးတာနဲ့ မမေမိုးတို့ စုစုတို့ အလုပ်ဝင်တော့မှာပေါ့နော်၊ တကယ်ဆို မနက်ဖြန်သွားတွေ့တဲ့နေရာမှာ စုစုကိုပါ မမေမိုး ခေါ်သွားသင့်တယ်"

"ဘယ်ဖြစ်မလဲ လင်းသန့်၊ ငါနဲ့သူက ဒီ့ပြင်ကိစ္စတွေ ပြောဖြစ်ရင်ဖြစ်မှာ၊ စုစုက နှုတ်လုံတာ မှန်ပေမယ့် ဇော်သက်ထွန်း အတွက်တော့ မလိုအပ်တဲ့ လူတစ်ယောက်ပဲလေ၊ စုစုပါနေရင် သူစကားပြောတာ ပွင့်ပွင့်လင်းလင်း ဘယ်ရှိပါ့မလဲ"

လက်ဖက်ရည်ကို အရသာခံသောက်ရင်းကပင် အကျိုးအကြောင်း ရှင်းပြမိသည်။

"စီးပွားရေးသမားဆိုတာ သူလိုအပ်တုန်းတော့ အရေးတယူနဲ့ အလေးထားဆက်ဆံတတ်ကြတာ၊ သူ မလိုတဲ့အချိန်ကျရင်တော့ နောက်ဆံငင်တတ်တဲ့ လူစားမျိုးတွေ မဟုတ်ဘူး မမေမိုး"

"ငါနားလည်တယ် လင်းသန့်၊ ငါ့အနေနဲ့ အခြေအနေ အချိန်အခါနဲ့ အခွင့်အရေးတစ်ခုအတွက် ဇော်သက်ထွန်းကို ပူးပေါင်းရတာပါ၊ ငါ ချိန်းဖူးပြီးသားပါ လင်းသန့်ရာ"

ဇော်သက်ထွန်းကို အကြွင်းမဲ့ မယုံဖို့ လင်းသန့်က သတိပေးချင်သည့်သဘောဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



လင်းသန့်၏စေတနာနှင့် သံယောဇဉ်တို့ကို လျစ်လျူရှုထားလို၍မဟုတ်။ ဇော်သက်ထွန်းကိုတော့ သူမ ကြိုးဆွဲနိုင်ဖို့ အစီအစဉ်တွေ လုပ်ရဦးမှာပဲ ဖြစ်၏။

၄

လင်းသန့်ကို အဖော်မခေါ်ဘူးဆိုပေမယ့် နှစ်ယောက်တွေ့ကြမည့် ဆိုင်ရှေ့အထိတော့ ကားနှင့်လိုက်ပို့ခိုင်းရသည်။ နံနက်ဆယ်နာရီတိတိအချိန်တွင် ဆိုင်ရှေ့သို့ရောက်သွားခဲ့သည်။

"ကိုဇော်သက်ထွန်းဆိုင်ထဲမှာ မရောက်သေးဘူးဆိုရင် ဆိုင်ထဲမဝင်သေးဘဲ ကားပေါ်ကပဲ သူ့ကားအလာကို စောင့်ပါလား မမေမိုး"

"ဟိုမှာ ကားရပ်ထားတာ တွေ့လား လင်းသန့်၊ ဆိုင်ထဲမှာ ဇော်သက်ထွန်း ရောက်နေပြီ"

သူမ, မခေါ်ဘူး . . . ဟု ပြောထား၍သာ လင်းသန့်က မတောင်းဆိုခြင်း ဖြစ်၏။

"ဒါဆိုလည်း မမေမိုးတို့ ပြောပြီးဆိုပြီးတဲ့အထိ ကားပေါ်ကနေ စောင့်ပေးရမလား မမေမိုး"

www.burmeseclassic.com

www.burmeseclassic.com



"ရတယ် လင်းသန့်၊ နင်စောင့်နေရတယ်ဆိုတဲ့ အသိကြီးနဲ့ ငါ စကားပြောတာ နောက်ဆံမတင်းချင်ဘူး လင်းသန့်၊ နင်ပြန်တော့ နင်လုပ်စရာရှိတာ လုပ်၊ ငါ့ကိစ္စပြီးတာနဲ့ ငါ့ဘာသာ ကားငှားပြီး ပြန်လာမယ်လင်းသန့်၊ နင် ပေပြီး လုံးဝစောင့်မနေနဲ့နော်လင်းသန့်"

"ကောင်းပြီ မမေမိုး"

သူမစကားတွေ လွန်သွားသလားဆိုတာကိုတောင် မဝေခွဲတတ်တော့ပေ။ လင်းသန့်စေတနာကို အသိမှတ်ပြုချင်သော်လည်း နောက်ဆံတင်းမနေချင်။

သူမ ဆိုင်ထဲဝင်ချိန်မှာပင် လင်းသန့်ကားလေးလည်း နေရာမှ ထွက်ခွာသွားလေ၏။

## ၄

"အချိန်တိကျသားပဲ"

"ဟုတ်တယ် ကျွန်တော် ဆယ်မိနစ်လောက်စောပြီး ရောက်နှင့်နေတာလေ"

သူမအတွက် သောက်စရာအအေးနှင့်စားစရာအချို့ကို ဇော်သက်ထွန်းကိုယ်တိုင် မှာယူပေး၏။

www.burmeseclassic.com

www.burmeseclassic.com


ဇော်သက်ထွန်းကတော့ အတော်လေးကို အလိုက်သိတတ်သူပင်။ မိန်းကလေးတွေနှင့် နေသားကျနေသောကြောင့်ပင်လား . . . ဟု တွေးဖြစ်ပြန်သည်။

"အခုချိန်မှာ ရှင်က လူကြီးလူကောင်းတစ်ယောက်ဖြစ်နေပြီဆိုပေမယ့် ကောင်မလေးတွေနဲ့ ပတ်သက်မှုကတော့ ကင်းချင်မှ ကင်းဦးမှာပေ့ါနော်"

"ဘာလဲ ကျွန်တော့်ကို အဲဒီကိစ္စနဲ့ပတ်သက်ပြီး မယုံသင်္ကာဖြစ်နေတုန်းလား၊ ကျွန်တော့်ဘဝနဲ့ ကျွန်တော့်မာနကြောင့်ပဲ အဲဒီအနေအထားတွေကို ကျော်ခိုင်းခဲ့ပြီးပြီ၊ ကျွန်တော် တကယ်အလုပ်လုပ်မှာပါ၊ အောင်မြင်အောင်ကို လုပ်ပြမှာ"

"ကြားရတာ ဝမ်းသာစရာကောင်းသလို သာဓုလည်း ခေါ်တယ် ကိုဇော်သက်ထွန်း"

"ကျွန်တော်နဲ့ အလုပ်အတူတူလုပ်ဖို့ ဆုံးဖြတ်ပြီးပြီလား"

"ရှင့်အလုပ်အခြေအနေ၊ ပြီးတော့ အခုစက်ရုံမှာ ဘယ်သူတွေ ဦးစီးနေလဲ၊ အဲဒါကို ပထမဆုံး သိချင်တယ်"

"မမတို့လက်ထက်တုန်းက မန်နေဂျာကတော့ သူ့အလို လိုအလုပ်ထွက်သွားတယ်၊ လောလောဆယ်မှာ အလုပ်လည်ပတ် တယ်ဆိုပေမယ့် လုပ်ငန်းကို ဒီထက်တိုးချဲ့ဖို့ရော၊ ကုန်ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



အသစ်ထုတ်ဖို့ပါ ပြင်ဆင်ဆဲကာလလေ"

"ဒါဆိုရင် ရှင့်အလုပ်မှာ လောလောဆယ် မန်နေဂျာ မရှိဘူးပေါ့"

"ဟုတ်တယ်၊ လုပ်ငန်းတိုးချဲ့ဖို့ရယ်၊ စက်ရုံပြင်ဆင်စရာ ရှိနေတာကြောင့် အဲဒီကိစ္စတွေကို အာရုံမရောက်သေးဘူး၊ လုပ်ငန်း စပြီး ကုန်ပစ္စည်းထုတ်တာနဲ့ ရှိတဲ့လူတွေကို ထုတ်သင့်တာထုတ် လူသစ်ခေါ်သင့်တာခေါ် လုပ်ရဦးမယ်"

"ကောင်းပြီလေ . . . ရှင်နဲ့အလုပ်လုပ်ဖို့ ကျွန်မ အချက် နှစ်ချက် တောင်းဆိုချင်တယ်၊ အဲဒီနှစ်ချက်ကို ရှင်လိုက်လျောနိုင် မယ်ဆိုရင်တော့ ရှင့်လုပ်ငန်းတွေ အောင်မြင်ဖို့ ရှင့်ဆီမှာ ကျွန်မ အလုပ်လုပ်ပေးမယ်"

"တောင်းဆိုကြည့်လေ"

"ပထမအချက်က ရှင့်အလုပ်မှာ ဦးစီးဆောင်ရွက်နိုင်ဖို့ ကျွန်မကို မန်နေဂျာရာထူး ပေးရမယ်၊ နောက်တစ်ချက်က ရှင့် အစ်မ အလုပ်ထဲမှာ အချိန်တော်တော်ကြာ ကျွန်မနဲ့တွဲခဲ့တဲ့ စုစု ဆိုတဲ့ အမျိုးသမီးကို အလုပ်ခန့်ရမယ်၊ ကျွန်မ, မရှိတော့တဲ့ နောက် ပိုင်း ရှင့်အစ်မအလုပ်ထဲမှာ သူ မပျော်တော့ဘူး၊ ပြီးတော့ စုစုက လုပ်ငန်းကျွမ်းကျင်သလို စိတ်ချရတဲ့သူ၊ ကျွန်မ တောင်းဆိုတာတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ရှင်လက်ခံနိုင်ပါ့မလား”

အလုပ်ပိုင်ရှင်နှင့် အလုပ်လုပ်မည့်သူကတော့ ဟုတ်တော့ အဟုတ်သားဟု စကားတွေ အလွန်အကျွံပြောမိပြီးမှ တွေးဖြစ်သေး၏။

ဒေါ်ခင်သက်ချို၏မောင်ဆိုသောအသိဖြင့် တမင်များ နိုင်ထက်စီးနင်း ပြောဖြစ်ခြင်းလား . . . ဟု ကိုယ်တိုင်ဝေခွဲမရ။

“ဘာမလိုက်လျောနိုင်စရာရှိလို့လဲ၊ အဲဒီနှစ်ချက်စလုံးကို ကျွန်တော် လိုက်လျောတယ်၊ ကျွန်တော်နဲ့လက်တွဲတဲ့အတွက်လည်း အရမ်းဝမ်းသာတာပဲ၊ ကျွန်တော်တို့ အတူတကွ ပူးပေါင်းလိုက်ကြရင် သေချာပေါက်လုပ်ငန်းအောင်မြင်မှာပဲ”

“ရှင်လိုက်လျောတယ်ဆိုရင်တော့ ကျွန်မ ရှင်နဲ့လက်တွဲဖြစ်ပြီပေါ့ ကိုဇော်သက်ထွန်း”

“ကျွန်တော့်ဘက်ကလည်း တစ်ခုတောင်းဆိုချင်တယ်”

“ပြောလေ”

“တခြားတော့ မဟုတ်ပါဘူး၊ ကျွန်တော့်ကို အလုပ်ရှင်လို စီးပွားရေးသမားတစ်ယောက်လို မမြင်ဘဲ၊ မိတ်ဆွေအပေါင်းအသင်းတစ်ယောက်လို လွတ်လွတ်လပ်လပ်ဆက်ဆံပါ၊ ပြောစရာရှိတာကို အားမနာတမ်း ပြောပါ၊ ပြီးတော့ နာမည်ကိစ္စ”

www.burmeseclassic.com

www.burmeseclassic.com



"ဘာနာမည်ကိစ္စလဲ ကိုဇော်သက်ထွန်း"

"အစ်မတို့အလုပ်ထဲမှာ မေမိုးဆိုတဲ့ နာမည်တွင်ခဲ့တာ မဟုတ်လား၊ လူချင်းမဆုံဖူးပေမယ့် မေမိုးရဲ့အလုပ်ကြိုးစားမှု အပင်ပန်းခံနိုင်မှုတွေကို ကျွန်တော်ကြားနေခဲ့ရတာလေ၊ ကျွန်တော်တို့လုပ်ငန်းအတွက် အတိတ်နိမိတ်ကောင်းအနေနဲ့ မေမိုးလို့ မခေါ်ဘဲ "လှိုင်" လို့ ခေါ်မယ်၊ ကျွန်တော်တင်မကဘူး အလုပ်ထဲကလူတွေကပါ လှိုင်လို့ ခေါ်စေရမယ်၊ ပြီးတော့ ကိုယ်တိုင်ကလည်း လှိုင်လို့ ပြောနိုင်တယ် မဟုတ်လား"

ဇော်သက်ထွန်းကတော့ အတိတ်နိမိတ်တွေပြောပြီး စိတ်ကူးစိတ်သန်းကောင်းပြနေပြန်၏။ ဇော်သက်ထွန်း၏ တောင်းဆိုမှုကို သူမအနေဖြင့် မလိုက်လျောနိုင်စရာအကြောင်းမရှိပေ။

"ကောင်းတာပေါ့ ကိုဇော်သက်ထွန်း၊ စိတ်သစ်လူသစ် နာမည်သစ်နဲ့ လုပ်ငန်းတွေ အောင်မြင်ဖို့ လှိုင် အစွမ်းကုန်ကြိုးစားပါ့မယ်လို့ ကတိပြုတယ်"

ဇော်သက်ထွန်း၏အပြုအမူ အပြောအဆိုများကြောင့်ပင် တစ်ခဏချင်းမှာ စိတ်ရောကိုယ်ရောပါ ရင်းနှီးသွားသလိုမျိုး ခံစားလိုက်ရလေ၏။

Q C R

www.burmeseclassic.com

www.burmeseclassic.com

# ( ၉ )

ဇော်သက်ထွန်းနှင့် လုပ်ငန်းအကြောင်းတွေ လိုက်ကြည့်ရင်းက အချိန်ကုန်မှန်းမသိ ကုန်သွားခဲ့သည်။

ညနေလေးနာရီထိုးတော့မှ ဇော်သက်ထွန်းကိုယ်တိုင် ကားဖြင့် ပြန်လိုက်ပို့ပေး၏။ ခြံရှေ့မှာ လင်းသန့်ကားလေး ရပ်ထားသည်ကို တွေ့ရသည်။

"ဖေဖေတို့နဲ့တွေ့ရအောင် အိမ်ပေါ်တက်ပါဦးလား . . . ကိုဇော်သက်ထွန်း"

"မတက်တော့ဘူး လှိုင်၊ နောက်မှပဲ အေးအေးဆေးဆေး

www.burmeseclassic.com

www.burmeseclassic.com



တွေ့ကြတာပေါ့၊ မနက်ဖြန်တော့ စုစုကိုခေါ်ပြီး စက်ရုံကို တန်းသွားမှာ မဟုတ်လား လှိုင်"

"ဟုတ်ကဲ့ ကိုဇော်သက်ထွန်း"

ကိုဇော်သက်ထွန်းကားလေး မောင်းထွက်သွားတော့မှ ခြံထဲသို့ ဝင်လာခဲ့သည်။

"စောစောက,ကားက သမီးရဲ့အလုပ်ရှင်ကားလား"

"ဟုတ်တယ် မေမေ၊ သူကိုယ်တိုင် ပြန်လိုက်ပို့ပေးတာ၊ သူက သမီးကို မန်နေဂျာခန့်လိုက်တယ်လေ၊ ဒီတစ်နေ့တည်း လုပ်ငန်းသဘောသဘာဝကို လေ့လာလိုက်တာနဲ့ သူရောသမီးပါ ပင်ပန်းသွားတာ၊ ဒါကြောင့် မေမေတို့နဲ့တွေ့ဖို့ အိမ်ပေါ်မတက်နိုင်တော့တာ"

"စုစုလည်း ရောက်နေတယ် သမီး၊ သမီးကိစ္စရော သူ့အတွက်ပါ အဆင်ပြေ မပြေဆိုတာကို သိချင်လို့ လာစောင့်နေတာ၊ မနက်စာကို ဒီမှာပဲစားတာ သမီး"

မနက်ဆယ်နာရီထိုးမှာ ကိုဇော်သက်ထွန်းနှင့် တွေ့မည်။ အလုပ်ကိစ္စပြောဆိုပြီး နေ့လယ်ဆယ့်နှစ်နာရီ အလွန်ဆုံး ပြန်ရောက်မည် . . . ဟု စုစုကို ပြောဖြစ်ခဲ့၏။

တကယ်တမ်းကျတော့ ကိုဇော်သက်ထွန်းနှင့် အပေးအယူ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ တည့်ပြီး သူမ ပြောခဲ့တာတွေကို မေ့လျော့သွားခဲ့၏။

"ဒါဆို စုစုရော လင်းသန့်ပါ အိမ်ပေါ်မှာ ရှိနေကြတာပေါ့ ဟုတ်လား မေမေ၊ လင်းသန့်က ကားအစောကြီး သိမ်းတာလား"

"သူတို့နှစ်ယောက် စောစောလေးကပဲ လက်ဖက်ရည်ဆိုင် ထွက်သွားကြတာ သမီး၊ လင်းသန့်ကလည်း စုစုနဲ့အတူတူ သမီးပြန် အလာကို စောင့်နေတာနဲ့ ကားမထွက်ဖြစ်တာ"

"လင်းသန့်က ဘာမှန်းလဲမသိဘူး၊ သူ့အလုပ်သူ လုပ်တာ မဟုတ်ဘူး၊ အလကားသက်သက် အလုပ်ပျက်ခံရတယ်လို့"

"မဟုတ်ဘူး သမီး၊ ဆယ့်တစ်နာရီလောက်မှာ သမီးတို့ရှိတဲ့ ဆိုင်ကို လင်းသန့် တစ်ခေါက်ရောက်တယ်၊ ကားရော လူရောမရှိဘူး ဆိုတာနဲ့ သမီးအပြန်ကို စောင့်နေကြတာ"

"အမယ်လေး မေမေရယ်၊ သမီးက ကလေးလေးမဟုတ် ဘူး၊ ဒါဆိုလည်း အိမ်ပေါ်မတက်တော့ဘဲ သူတို့နောက်ကို လိုက် သွားဦးမယ် မေမေ၊ သမီး ပြန်ရောက်ပြီဆိုတာကို ဖေဖေသိအောင် ပြောလိုက်ဦးနော်"

"အော် . . . စောစောတုန်းကတော့ အရမ်းပင်ပန်းလာ တယ်ဆို၊ အဝတ်အစားလဲ ရေမိုးမချိုးတော့ဘူးလား၊ စုစုတို့က ဒီကို ပြန်လာကြမှာပဲဥစ္စာ"

www.burmeseclassic.com

www.burmeseclassic.com



"ရတယ် မေမေ ဒီသတင်းကို သူတို့သိအောင် သွားပြောပြလိုက်ဦးမယ်"

မေမေ ဘာမှမပြောနိုင်တော့ဘဲ အိမ်ပေါ်ပြန်တက်သွားခဲ့၏။ ဒီပုံစံအတိုင်းဆိုရင်တော့ ဇော်သက်ထွန်းနှင့် ကားတစ်စီးတည်း ပြန်လာဖြစ်တာကို လင်းသန့်တို့ မြင်လိုက်မှာ သေချာနေ၏။

## င

"လင်းသန့်ပြောတာကို ကျွန်မ မယုံဘူး၊ သူကိုယ်တိုင် ကားနဲ့ ပြန်လိုက်ပို့ပေးတာပေါ့ ဟုတ်လား မမေမိုး"

လင်းသန့်တို့ ထိုင်နေသော လက်ဖက်ရည်ဝိုင်းမှာ ထိုင်မိသည်နှင့် စုစုက မေးတော့၏။ သူမကလည်း ပြောချင်နေသည့်သူ။

"ဟုတ်တယ် စုစု၊ ဇော်သက်ထွန်းကိုယ်တိုင် ပြန်လိုက်ပို့ပေးတာ၊ ငါတို့နှစ်ယောက် မနက်ဖြန် စက်ရုံကို သွားရမယ် စုစု၊ ငါ့ကို သူ့အလုပ်မှာ မန်နေဂျာအဖြစ် ခန့်လိုက်သလို နင့်ကိုလည်း ခေါ်ခွင့်ပြုတယ် စုစု"

"ဟုတ်လား ဝမ်းသာစရာပေါ့"

စုစုတစ်ယောက် ထခုန်လုနီးပါး ဝမ်းသာဟန်ပြနေသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း လင်းသန့်ကတော့ အတော်လေး ငြိမ်ချက်သားကောင်းနေ၏။

"နင် ကားမထွက်ဘဲနဲ့ ဘာလုပ်နေတာလဲ လင်းသန့်၊ ပြီးတော့ ငါပြောတဲ့ မင်္ဂလာသတင်းကို ဘာကြောင့် ဝမ်းမသာနိုင်ဖြစ်နေတာလဲလင်းသန့်"

"ကျွန်တော် ဝမ်းမသာဘဲနေမလား မမေမိုး၊ ဒီသတင်းကို ကြားချင်လို့ တမင် မမေမိုးပြန်အလာကို ထိုင်စောင့်နေတာပါ"

လင်းသန့်တစ်ယောက် ကောင်းတတ်အောင်ပြောခြင်းဟု နားလည်လိုက်သည်။ စကားပြောဆိုပြီး ပြန်လာမည်ဟုပြောပြီး တစ်နေ့ခင်းလုံး ပျောက်နေသည့်အတွက် ထင်ယောင်ထင်မှားတွေကြောင့်ပဲလားတော့ မပြောတတ်ပေ။

"ဟုတ်တယ် မမေမိုးရဲ့ စုစုနဲ့အတူတူ မမေမိုး ပြန်အလာကို စောင့်နေကြတာ၊ ဆိုင်မှာမရှိတော့ဘူးဆိုတာ သိရတော့ သေချာပေါက် စောင့်နေတာပေါ့၊ စုစုကတော့ မစိုးရိမ်ပါဘူး၊ လင်းသန့်ကတော့ မမေမိုးအတွက် ပူပန်နေတာ အချိန်တိုင်းပဲ"

"ငါ ကလေးလေး မဟုတ်ပါဘူးဟာ၊ အခုဆိုရင် ငါ မန်နေဂျာရာထူးတောင် ရနေပြီ၊ လုပ်ငန်းသဘောသဘာဝတွေကို သိအောင်လို့ တမင်လိုက်ကြည့်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုအခြေအနေရှိလဲ မမေမိုး"

"ဒေါ်ခင်သက်ချိုတို့ဆီမှာ ဆပ်ပြာစက်ရုံတစ်ခုရှိတာ ငါတို့သိထားပြီးသားပဲ၊ အခုလက်ရှိအနေအထားက ငါတို့သိတာထက် လုပ်ငန်းကို ပိုကြီးကျယ်အောင် သူပြင်ဆင်နေတာ၊ ကုန်ပစ္စည်းအသစ်တွေ ထုတ်ဖို့ရော၊ ဈေးကွက်မှာ အရောင်းသွက်ဖို့ လူသိဖို့ ကြော်ငြာကိစ္စတွေ ဘာတွေကို သူတော်တော်လုပ်ထားတာပဲ စုစု"

"ဒါနဲ့ စုစုတို့ကြားတာကတော့ ကိုဇော်သက်ထွန်းအနေနဲ့ အမွေတွေကို သုံးဖြုန်းပစ်မှာ၊ ဆယ်နှစ်တောင် ခံပါ့မလား မသိဘူး၊ ပုံပြင်ထဲက သူဌေးသားလို ဘဝမျိုးရောက်သွားမှာတို့ ဘာတို့စုံနေတာပဲ"

ဆိုင်မှာ စကားပြောဖြစ်ပြီး သူမကို မန်နေဂျာရာထူးပေးသည်အထိ ဇော်သက်ထွန်းကို လျှော့တွက်ထားမိတာတော့ အမှန်ပင်။ ဇော်သက်ထွန်းကိုယ်တိုင် ဦးစီးပြီး အကောင်ထည်ဖော်ဖို့ ကြိုးစားနေသမျှကို မြင်ရတွေ့ရတော့ အရင်က စိတ်တွေက ကြက်ပျောက်ငှက်ပျောက် လွင့်စင်သွားရပြန်၏။

"ဟုတ်တယ် စုစု၊ ငါက သူ့အကြောင်းကို သိထားတော့ လုံးဝမအထင်မကြီးဘူး၊ ဒီနေ့တွေ့လိုက်ရတဲ့ မြင်ကွင်းတွေကြောင့်ပဲ ငါ အားနာသွားမိတယ်၊ သူ ဒီလိုဖြစ်တာကလည်း သူ့မာနကြောင့်ပဲ

www.burmeseclassic.com

www.burmeseclassic.com



တဲ့၊ သူ့အစ်မပြောတာဆိုတာတွေကို ဖီလင်ဖြစ်ပြီး ကြိုးစားနေတာ၊ သူ တကယ်အလုပ်လုပ်ဖို့ ပြင်ဆင်နေတာပဲ စုစု၊ ငါတော့ သူ့ကို ကူညီရင်း ဒေါ်ခင်သက်ချိုတို့ကို ပခုံးချင်းယှဉ်နိုင်မှာတော့ သေချာနေပြီ”

“ဒီသတင်းစကား ကြားရတော့ ကာယကံရှင်အတွက်ရော စုစုတို့ မမေမိုးတို့အတွက်ပါ ဝမ်းသာမိတယ်၊ ဒါပေမဲ့ တစ်ခုတော့ ကျွန်တော်ပြောချင်တယ် မမေမိုး”

“ဘာပြောမှာလဲ လင်းသန့်”

“တခြားမဟုတ်ပါဘူး မမေမိုး၊ သူ့အစ်မကို မခံချင်လို့ လုပ်တာပဲဖြစ်မယ်၊ ကိုဇော်သက်ထွန်းက စီးပွားရေးသမား တစ်ယောက်လို့ပဲ မမေမိုးမြင်ပါ၊ သူ အရမ်းလိုနေတဲ့အချိန်မှာ သူ့အစ်မဆီက အရည်အချင်းရှိတဲ့ အလုပ်သမားကောင်းတစ်ယောက်ကို ရလိုက်တာပဲ၊ သူ့ မလိုတဲ့အချိန်မှာ ဒေါ်ခင်သက်ချိုတို့ လုပ်သလို မမေမိုးကို ကန်ထုတ်ဦးမှာပဲ၊ ဒေါ်ခင်သက်ချိုနဲ့ ပခုံးချင်းယှဉ်ဖို့ အတွေးကိုလည်း ပြောချင်တယ် မမေမိုး၊ ဒေါ်ခင်သက်ချိုနဲ့ ကိုဇော်သက်ထွန်းတို့ဟာ သွေးအရင်းကြီးတွေနော်၊ ကိုဇော်သက်ထွန်း အခြေအနေကောင်းတာနဲ့ သူတို့မောင်နှမနှစ်ယောက် ပြန်ပူးပေါင်းသွားကြမှာပဲ”

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တော့မှ သူတို့မောင်နှမနှစ်ယောက် ပြန်ပြီးမပူး ပေါင်းစေရဘူး၊ ဒီလိုအခြေအနေမျိုး မရောက်အောင် အသေအချာ အကွက်ချပြီး ငါလုပ်မှာ၊ ဇော်သက်ထွန်းရဲ့ လုပ်ငန်းတွေ အောင်မြင် ရမှာဖြစ်သလို၊ ဒေါ်ခင်သက်ချိုတို့ကို ပခုံးချင်းယှဉ်ပြီး အလဲထိုးပြ လိုက်ဦးမှာ လင်းသန့်၊ အခုပွဲကို နင် အသာလေးစောင့်ကြည့်နေ၊ တစ်နှစ်မကူးခင်မှာ ငါ ဖြစ်အောင်လုပ်ပြမယ်"

သူမ ဘာတွေလုပ်ပြမည်ကို လင်းသန့်ရော စုစုပါ အခုချိန် မှာ မသိနိုင်သေးပေ။ လုပ်ပြခွင့်ရသည့်အချိန်မှပင် သိရစေမည် . . . ဟု သူမ စိတ်ကူးမိ၍ ကြိုမပြောချင်။

"မဟုတ်သေးဘူး မမေမိုး၊ ကိုဇော်သက်ထွန်းဟာ သက်မဲ့ အရုပ်လေးတစ်ရုပ် မဟုတ်ဘူး၊ မမေမိုး ဖြစ်စေချင်တာတွေကို သူက လိုက်လုပ်ပေးနိုင်ပါ့မလား၊ လူဆိုတာ တစ်ခါရှုံးနိမ့်တာပဲ ကောင်းတယ်၊ ရှုံးနိမ့်မှုတစ်ခုနဲ့ ကြုံတိုင်း ယုံကြည်မှုတွေ ပျက်ပြားပြီး စိတ်တွေ ထွေပြားတတ်တယ်၊ အနိုင်ရလိုစိတ်တစ်ခုတည်းနဲ့ မမေမိုး အကြိမ်ကြိမ် ရှုံးနိမ့်မှာကို စိုးရိမ်လို့ပါ"

"ကဲပါ . . . ကြားထဲက စုစုက ဖျန်ဖြေပေးမယ်၊ လင်းသန့် ကလည်း စိုးရိမ်စိတ်မများနဲ့၊ မမေမိုးကလည်း ဖြစ်ချင်တဲ့စိတ်တွေ ကြောင့် ပြောနေတာ၊ လက်တွေ့မှာ လုပ်ဖြစ်ချင်မှ ဖြစ်ဦးမှာပါ

www.burmeseclassic.com

www.burmeseclassic.com



လင်းသန့်ရာ”

“အဲဒီဖြစ်ချင်တဲ့ စိတ်ကြောင့်ပဲ တကယ်လက်တွေ့ အကောင်အထည်ဖော်မှာ စုစု၊ ဒီနေ့ကစပြီး နင် ငါ့ကို မမေမိုးလို့ မခေါ်နဲ့တော့”

“စုစုက ဘယ်လိုခေါ်ရမှာလဲ”

သူမကိုပင် စုစုက နားလည်ရခက်သွားပုံရ၏။

“ ‘လှိုင်’ လို့ တစ်လုံးတည်းခေါ် စုစု၊ ဇော်သက်ထွန်းကို အချက်နှစ်ချက် ငါတောင်းဆိုခဲ့သလိုပဲ သူကလည်း ငါ့ကို လှိုင်လို့ ခေါ်ဖို့နဲ့ သူ့အလုပ်ထဲမှာလည်း လှိုင်လို့ အမည်တွင်စေရမယ်လို့ တောင်းဆိုတယ်၊ ဒါကြောင့် နင် ငါ့ကို လှိုင်လို့ပဲ ရှေ့လျှောက် အခေါ်အပြောလုပ်ပေတော့”

လင်းသန့်မျက်နှာလေး ကွက်ခနဲပျက်သွားသည်ကို သတိ ထားမိလိုက်၏။

လင်းသန့်ကတော့ သူမကို လှိုင် . . . ဟု ခေါ်စရာမလို ပေ။ ဇော်သက်ထွန်းနှင့် ပတ်သက်ရာ လူများအကြားမှာတော့ သူမ သည် လှိုင်အဖြစ် အမည်တွင်ရစ်တော့မည်ပဲလေ . . . ။

Q C R

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

အနားမှာ အမြဲ
ဖဝါးမခွာဘဲ နေချင်ခဲ့ . . . ။
သစ္စာပန်ပြော
ချစ်တာမှန်သော ရင်မှာ
သံယောဇဉ် ချည်သမျှ
တည်ရစေရဲ့ . . ။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# ( ၁ )

ရာသီဥတုကတော့ အတော်လေး ပူလောင်လွန်းသည်။ ကြော်ငြာကိစ္စတွေအတွက် သူနှင့် အောင်ခြိမ့်တို့ မြို့ထဲထွက်လာကြသည်။ အလုပ်ကိစ္စတွေပြီးတော့ အအေးသောက်ရအောင် . . . ဟု အောင့်ခြိမ့်ပြောသည်။

"ဟော့ . . . ဇော်"

သူနှင့်အောင်ခြိမ့်တို့ အအေးဆိုင်ထဲသို့ အဝင်မှာပင် ထွေးထွေးက နှုတ်ဆက်လိုက်၏။ ထွေးထွေးကတော့ အဖော်များနှင့် အတူ ဗိုလ်ချုပ်ဈေးမှာ ဈေးလာဝယ်ပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ဇော် . . ကျောင်းမှာ ဆရာပြန်လုပ်နေလား"

ကျောင်းတုန်းက ထွေးထွေးနှင့်သူ ခြောက်လလောက်တော့ တွဲဖြစ်တာကို အောင်ခြိမ့်လည်းသိသည်။ ဒါပေမဲ့ အခြားမိန်းကလေးတွေလောက်တော့ ထွေးထွေးက အောင်ခြိမ့်နှင့် မရင်းနှီးပေ။

"မလုပ်ဖြစ်ပါဘူး ထွေး၊ ထွေးရော အခု ဘာလုပ်နေလဲ"

တစ်ချိန်တုန်းကအကျွမ်းတဝင်ဖြစ်ခဲ့ကြသော သံယောဇဉ်ကြောင့်သာ နွေးထွေးမှုတွေက မပြယ်ချင်။ ထွေးထွေးနှင့် လူချင်းမတွေ့ဖြစ်သည်မှာ နှစ်နှစ်နီးပါးလောက်ရှိမည်ထင်၏။

"ထွေးလား . . အခု မင်္ဂလာဆောင်အတွက် အဝတ်အစားတွေ လာဝယ်တာ၊ အတော်ပဲ လက်စနဲ့ ဇော့်ကို ဖိတ်စာပေးလိုက်ရဦးမယ်"

ထွေးထွေးကတော့ မင်္ဂလာဆောင်ဖိတ်စာလေး ထုတ်ပေးသွားခဲ့သည်။ ဖိတ်စာလေးကို ကိုင်ထားခဲ့ပြီး လူချင်းဝေးသွားသည့်တိုင် ရင်ထဲမှာတော့ နှမြောမှုတစ်စုံတစ်ရာ မဖြစ်ခဲ့ပေ။

ထွေးထွေးကလည်း အရင်ကအဖြစ်အပျက်တွေကို မေ့လျော့ထားပြီး အသိမိတ်ဆွေတစ်ယောက်ပမာ မင်္ဂလာပွဲကို ဖိတ်သွားခဲ့ခြင်းပဲ။

"ဘယ်လိုလဲ ဇော်သက်ထွန်း . . . ရည်းစားဟောင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖိတ်စာကို ကြည့်ပြီး အသည်းကွဲချင်နေတာလား”

“မင်းကလည်း . . . သူနဲ့ငါနဲ့ဇာတ်လမ်းက ပြီးခဲ့တာ ကြာပြီပဲ၊ အခုချိန်မှာ ငါ့ရင်ထဲမှာ ဘယ်လိုမှ မခံစားရဘူး”

“မိန်းကလေးတွေနဲ့ ပတ်သက်လာရင် ခံစားမှုမဲ့လွန်းတာ သွေးအေးလွန်းတာကို ငါ အားကျမိတာအမှန်ပဲ၊ ငါ့အသည်းက တော့ မင်းလောက်မမာတာ အမှန်ပဲ ဇော်သက်ထွန်း”

“အခုချိန်မှာ ငါတွေးနေတာက အလုပ်ကိစ္စပဲ၊ ငါ့လုပ်ငန်း တွေ အောင်မြင်ဖို့ပဲ အာရုံရှိနေတာ အောင်ခြိမ့်၊ မင်း ငါ့ကို ကူညီတာ ရော အကြံဉာဏ်တွေပေးနေတာအတွက်ရော ကျေးဇူးတင်မိတာ အမှန်ပဲ”

တက္ကသိုလ်စတက်ကတည်းက သူ့အရင်းနှီးဆုံးသူငယ်ချင်း မှာ အောင်ခြိမ့်ပဲဖြစ်သည်။ ဘယ်အချိန်မှာပဲဖြစ်ဖြစ် အောင်ခြိမ့်က သူ့အနားမှာရှိနေခဲ့သလို သူ့ကိုလည်း အဆိုးအကောင်းမှန်သမျှကို အားမနာတမ်း ဝေဖန်ပြောဆိုတတ်သူဖြစ်၏။

“ငါကတော့ ငါသိသလောက် အကြံဉာဏ်ပဲ ပေးတတ် တာ၊ မင်းဆီကို မင်းအစ်မဆီကနေ လှိုင်ရောက်လာတာ အရမ်း ကောင်းသွားတယ်၊ လှိုင်က အလုပ်ကို ကြိုးစားသလို တော်လည်း တော်တဲ့အမျိုးသမီးပဲ”

www.burmeseclassic.com



"ဘာလဲ မင်းက လှိုင်ကို ချီမွမ်းခန်းဖွင့်နေပုံထောက်ရင်တော့ စိတ်ဝင်စားနေတာလား အောင်ခြိမ့်"

"အမှန်အတိုင်း ပြောရရင် လှိုင့်ကိုတော့ ငါမမှန်းရဲဘူး၊ ငါ့အနေအထားနဲ့ စုစုလောက်ဆိုရင်တော့ မဆိုးပါဘူး"

လှိုင်နှင့်စုစုတို့ ရောက်လာကြကတည်းက အောင်ခြိမ့်တစ်ယောက် အတော်လေး ရင်းရင်းနှီးနှီး ဆက်ဆံတာကို သူသိနေသည်။

သူတို့အအေးသောက်နေစဉ်မှာပင် သူတို့ဝိုင်းသို့ လွင်မောင် ရောက်လာပြန်၏။

"မမေမိုးအကြောင်းကို မေးပြီးကတည်းက အစ်ကိုနဲ့ မတွေ့တော့တာ၊ အစ်ကို အလုပ်တွေ အဆင်ပြေလား၊ မမေမိုး အစ်ကို့အလုပ်ထဲ ရောက်နေပြီဆို"

"ဟုတ်တယ် လွင်မောင်၊ မင်းရော ဘာတွေလုပ်နေလဲ"

"နောက်နှစ်လလောက်ကြာရင်တော့ ကျွန်တော် သင်္ဘောတက်ဖြစ်မယ် အစ်ကို၊ အခုလည်း ဒီကိစ္စကို လုံးပန်းနေတာ၊ ဒါနဲ့ အလုပ်ထဲမှာ မမေမိုးတစ်ယောက်တည်းလား၊ လင်းသန့်ရော ရောက်မလာဘူးလား"

"လင်းသန့်တော့ မပါဘူး၊ စုစုတော့ အတူပါလာတယ်



www.burmeseclassic.com

www.burmeseclassic.com



လွင်မောင်”

“မမေမိုးက မဆိုးဘူးနော် အစ်ကို၊ အလုပ်ထဲတုန်းက ကျွန်တော် ချိန်သေးတယ်၊ လင်းသန့်နဲ့က ဘာလိုလို ညာလိုလို နေကြထိုင်ကြတာနဲ့ ခပ်ခွာခွာနေလိုက်ရတာ၊ အခုဆိုရင် တစ်အိမ်ထဲ နေကြတာ၊ သူတို့နှစ်ယောက်ရော ယူဖြစ်ကြပြီလား”

“အဲဒါတွေ ငါမသိဘူး လွင်မောင်၊ မင်းသိချင်ရင် ကာယကံရှင်တွေကို သွားမေးပေ့ါ၊ ငါတို့ သွားတော့မယ် လွင်မောင်”

တကယ်ဆို အေးအေးလူလူထိုင်ပြီးမှ စက်ရုံရှိရာသို့ ပြန်ဖို့ပဲဖြစ်၏။ လွင်မောင် ရုတ်တရက် ရောက်ချလာပြီး လှိုင့်အကြောင်းကို ပြောလာသောကြောင့် စိတ်တိုပြီး ထထွက်ခဲ့မိသည်။

## ၄

“နေစမ်းပါဦး ဇော်သက်ထွန်း၊ ဒီကောင်ပြောတဲ့ စကားတွေက မင်းမှ မဟုတ်ဘူး ငါတောင် ဒေါသထွက်ချင်တယ်၊ လင်းသန့်နဲ့လှိုင်က မောင်နှမတွေ မဟုတ်ဘူးလား”

လွင်မောင်တို့ကြောင့် လှိုင် . . . အလုပ်ထွက်လိုက်ရသာကိုပဲ အောင်ခြိမ့်သိသည်။ လင်းသန့်နှင့်လှိုင်တို့၏ ပတ်သက်ဆက်

အင်ကြင်းဝါစာပေ

www.burmeseclassic.com

www.burmeseclassic.com



နွယ်နေမှုကို အောင်ခြိမ့်မသိ။ သူသိရသလောက် လှိုင်တို့၏ ကိုယ်ရေးကိုယ်တာကိစ္စများကိုလည်း အောင်ခြိမ့်သိအောင် သူ မပြောပြဖြစ်ခဲ့ပေ။

"မဟုတ်ဘူး အောင်ခြိမ့်"

"ဟုတ်ရဲ့လားကွာ၊ ဒီလောက်ရင်းရင်းနှီးနှီးနေကြတာ၊ ဒီကောင်လေးကားကို လှိုင်ရော စုစုပါ စီးကြတာ၊ တစ်ခါတလေ လှိုင်သွားရလာရမယ့်ကိစ္စရှိရင် လင်းသန့်ကားကိုပဲ ခေါ်ခေါ်သွားတာ မဟုတ်လား"

"ဒီလိုကွ အောင်ခြိမ့် . . . မင်းကတော့ လှိုင် အလုပ်ထွက်လိုက်ရတာနဲ့ ပတ်သက်ပြီး အကြမ်းဖျင်းလောက်ပဲ သိခဲ့တာပဲ၊ ငါကတော့ လွင်မောင်ပြောပြလို့ တော်တော်လေး သိခဲ့တယ်၊ အရင်တုန်းက လင်းသန့်က လွင်မောင်တို့နဲ့ အတူတူအိပ် အတူတူစားပြီး ငါ့အစ်မတို့အလုပ်မှာ ဒရိုင်ဘာလုပ်နေခဲ့တာ၊ လွင်မောင်တို့ကြောင့်ပဲ လင်းသန့် အလုပ်ပြုတ်တယ်၊ လှိုင်နဲ့လင်းသန့်တို့ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကတော့ မင်းကြားတဲ့အတိုင်းပဲ၊ တကယ်တမ်း ငါ့အစ်မ အလုပ်ထုတ်ပစ်တဲ့အကြောင်းအရင်းက လင်းသန့်ကို လှိုင်က အိမ်ပေါ် ခေါ်တင်ထားခဲ့လို့ပဲ၊ လင်းသန့်က မိဘတွေ ဘာတွေ မရှိဘူးကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို . . . လွင်မောင်ပြောသလိုပဲ လှိုင်နဲ့လင်းသန့်က တစ်အိမ်ထဲနေကြတာပေါ့"

"အခုအခြေအနေမှာတော့ ဒီလိုပဲ ပြောရမှာပဲ အောင်ခြိမ့်၊ လှိုင့်မိဘတွေတော့ ရှိကြသေးတာပေါ့"

"စိတ်ဝင်စားစရာပဲ၊ ငါ မြင်နေတွေ့နေတာတွေကို ဘယ်လိုကောက်ချက်ချရမှန်း မသိတော့ဘူး"

"ဟော့ကောင် . . . အပြင်က ပြောစကားတွေနဲ့တော့ ဟုတ်ဟုတ် မဟုတ်ဟုတ် ဒီအကြောင်းကို မင်း မမေးမိစေနဲ့နော်၊ သူတို့မှာလည်း သူတို့အကြောင်းနဲ့ သူတို့ရှိနေကြမှာပေါ့"

"မင်းရော စိတ်မဝင်စားဘူးလား ဇော်သက်ထွန်း"

သူနှင့်ပေါင်းလာတာကြာပြီမို့ သူ့အရိပ်အကဲကို အောင်ခြိမ့် . . . သိနေမှာ သေချာသည်ပဲ။

"မင်းက ဘာကို ရည်ရွယ်ပြီး မေးတာလဲ အောင်ခြိမ့်"

"ပတ်ဝန်းကျင်က မင်းကြားထားတဲ့ လှိုင်နဲ့လင်းသန့် အကြောင်း၊ ပြီးတော့ . . . လှိုင်"

ဒီ့ပြင်လူတစ်ယောက်ဆိုရင်တော့ သူ ဖုံးကွယ်ကောင်း ဖုံးကွယ်ပေလိမ့်မည်။ အောင်ခြိမ့်ကိုတော့ သူ ညာမနေချင်ပေ။

"အေးကွာ . . . လှိုင့်သတင်းကြားလို့ ငါတို့ဆီခေါ်ဖို့ မင်းကို



www.burmeseclassic.com

www.burmeseclassic.com



တိုင်ပင်တယ်၊ လှိုင့်သတင်းတွေ ကြားတယ်၊ ပြီးတော့ လှိုင်နဲ့ တွေ့တယ်၊ လှိုင်က ငါကြိုက်ခဲ့တဲ့ တင်တင်ဟန်နဲ့ သူငယ်ချင်းလည်း ဖြစ်နေတယ်၊ လှိုင့်ပုံသဏ္ဌာန်ကိုကြည့်ပြီး ငါ ရင်ခုန်မှာပဲလို့ မင်း တွက်မှာ သေချာတယ်၊ ငါ လှိုင့်ကို စိတ်ဝင်စားတယ်၊ အလုပ်လုပ်ကြ ရင်း အနေအထိုင်များလာတာနဲ့ ငါ့စိတ်တွေကို တစ်နေ့တခြား ဖမ်းစားလာနိုင်တာ အမှန်ပဲ အောင်ခြိမ့်”

“ငါသိသားပဲ၊ ဒီတစ်ခါတော့ မင်းအလှည့်လား မသိဘူး ဇော်သက်ထွန်း၊ မင်းကြားထားတဲ့ ပြီးတော့ မင်းမျက်မြင်တွေ့နေရ တဲ့ လင်းသန့်ကိစ္စကိုတော့ မေ့ထားလို့ မရဘူး၊ ဒီတစ်ခါ မင်း လှိုင့်ကို စိတ်ဝင်စားပုံက မင်း အပျော်တွဲခဲ့တဲ့ ဖြစ်ရပ်တွေနဲ့တော့ လုံးဝမတူ ဘူးလို့ ငါထင်တာပဲ”

“ဟုတ်တယ် အောင့်ခြိမ့်၊ ဒါပေမဲ့ မင်းပြောသလို လင်းသန့် ကိစ္စကြောင့်ပဲ ငါ နောက်ဆံငင်နေတာ၊ ငါ့အထင်တော့ ပတ်ဝန်း ကျင်က စွပ်စွဲတဲ့အနေအထားအထိတော့ မဟုတ်လောက်ဘူးလို့ ယုံကြည်နေတယ်”

“ဟုတ်ဟုတ် မဟုတ်ဟုတ် မင်းအနေနဲ့တော့ မင်းရဲ့စိတ် ဝင်စားမှုကို အမူအရာနဲ့တောင် မပြနဲ့ဦး ဇော်သက်ထွန်း၊ ဒီကိစ္စကို သေချာအောင် စုံစမ်းပြီးမှ မင်းရှေ့ဆက်တိုး”

www.burmeseclassic.com

www.burmeseclassic.com



မရှုယ်ပါဘဲ လှိုင့်အပေါ် စိတ်ဝင်စားနေမှုကို အောင်ခြိမ့်အား ပြောပြမိသည်။

မိန်းကလေးများစွာနှင့် အကျွမ်းတဝင်ရှိခဲ့ဖူးသောသူအဖို့မှာတော့ လှိုင်နှင့်တွေ့မှ လူပျိုပေါက်ကလေးနှယ် ရင်ခုန်နေရခြင်းလေလား။

Q C R

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# ( ၂ )

“ဒီနေ့ည ဦးရင်မောင်ဖိတ်တဲ့ပွဲကို ငါမတက်ချင်တော့ဘူး အောင်ခြိမ့်၊ ငါ့ကိုယ်စား လှိုင့်ကိုပဲ လွှတ်လိုက်တော့မယ်”

ဦးရင်မောင်ကတော့ တခြားလူမဟုတ်။ ပါးပါးတို့ရှိစဉ်ကတည်းက စီးပွားဖက်တစ်ယောက်ဖြစ်သော လုပ်ငန်းရှင်တစ်ဦးဖြစ်၏။ အခုလည်း ဦးရင်မောင်၏ အသက်ခြောက်ဆယ်ပြည့်မွေးနေ့ကို တခမ်းတနားပြုလုပ်မှာ ဖြစ်သည်။

“မင်းမသွားလို့ မဖြစ်ဘူးလေ၊ ဦးရင်မောင်ကိုယ်တိုင်က မွေးနေ့ပွဲကို မင်းကိုယ်တိုင်လာခဲ့ဖို့ တကူးတက ဖိတ်တာပဲ၊ မင်း

www.burmeseclassic.com

www.burmeseclassic.com



လည်း စီးပွားရေးလုပ်ငန်းရှင်ပေါက်စပဲ၊ ဒီပွဲကို မင်းကိုယ်တိုင် တက်ရမယ် ဇော်သက်ထွန်း”

အောင်ခြိမ့်ကတော့ လှိုင့်ရှေ့မှာပင် သူ့အား ပြော၏။ လှိုင်ကလည်း မွေးနေ့ပွဲတက်ဖို့ကို ငြင်းဆန်ပြန်၏။

“ဟုတ်တယ် ကိုဇော်သက်ထွန်း၊ ဒီပွဲမှာ ကိုဇော်သက်ထွန်းရဲ့ အစ်မလည်း တက်မှာပဲ၊ လှိုင့်အနေနဲ့ ဘာမှကြိုပြင်ဆင်ထားတာ မဟုတ်ဘူး၊ ကိုဇော်သက်ထွန်းကိုယ်တိုင်ပဲ တက်လိုက်ပါ”

“ငါ မတက်ချင်တာ တခြားကြောင့်တော့ မဟုတ်ဘူး အောင်ခြိမ့်၊ ဦးရင်မောင်က ငါတို့မောင်နှမနှစ်ယောက်ကို ပြန်ပြေလည်စေချင်တယ်၊ အခုလက်ရှိအခြေအနေမှာတော့ ငါ့အစ်မနဲ့ငါ လုံးဝလက်မတွဲနိုင်ဘူး၊ ပြီးတော့ သူတို့နဲ့ စကားလက်ဆုံပြောချင်တဲ့ စိတ် ငါ့မှာမရှိဘူး”

“လုပ်ငန်းအရ မပတ်သက်ချင်တောင်မှ ဒီလိုပွဲမျိုးမှာတော့ မင်း မျက်နှာချင်းဆိုင်ရမယ်၊ မင်းနဲ့အတူတူ ငါလည်း အဖော်လိုက်ခဲ့မှာပဲ၊ ဦးရင်မောင်ရဲ့မွေးနေ့ပွဲကို မင်းတက်မှဖြစ်မယ်”

“တက်လိုက်ပါ ကိုဇော်သက်ထွန်းရယ်”

လှိုင်ကရော၊ အောင်ခြိမ့်ကပါ အတင်းတိုက်တွန်းနေမှတော့ သူ ဆက်ငြင်းလို့ မကောင်းတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



“ကောင်းပြီလေ . . . ငါကိုယ်တိုင်ပဲ တက်ပါ့မယ်၊ ဒါနဲ့ လှိုင် . . . စက်ရုံရဲ့စည်းရိုးအသစ်တွေ လဲဖို့ရော အဆောက်အအုံအသစ်မှာ တပ်ဖို့ပါ လှိုင်စီစဉ်ပါဦး၊ အစ်မတို့ကုမ္ပဏီနဲ့တော့ မပတ်သက်စေနဲ့ဦး နော် လှိုင်”

“စိတ်ချပါ ကိုဇော်သက်ထွန်း၊ ဒီလုပ်ငန်းတွေက လှိုင်ကိုယ်တိုင် လုပ်ခဲ့ကိုင်ခဲ့တာပါ၊ ဒေါ်ခင်သက်ချိုတို့နဲ့ လုံးဝမပတ်သက်ဘဲ ဈေးသက်သက်သာသာနဲ့ အလုပ်ဖြစ်အောင် လှိုင်လုပ်ပေးပါ့မယ်၊ ကိုဇော်သက်ထွန်း စိတ်တိုင်းလည်း ကျစေရမယ်လို့ လှိုင်အာမခံပါတယ်”

စက်ရုံအကာအရံကိစ္စ၊ အဆောက်အအုံအသစ်မှာ တပ်ဆင်ရမည့်ကိစ္စတွေအတွက်တော့ လှိုင် တာဝန်ယူသည်။ ဒီကိစ္စတွေမှ မဟုတ်ပါလေ။ သူ့လုပ်ငန်းမှာ လှိုင်မပါရင် မပြီးသလောက်ပင်။ လှိုင်တစ်ယောက်ကတော့ သူထင်ထားထွက်ထားသည်ထက်ပင် အလုပ်ကြိုးစားပြီး အားကိုးအားထားပြုရသူတစ်ယောက် ဖြစ်နေ၏။

“ဒီပွဲကို မင်းမတက်ချင်တဲ့အချက်ထဲမှာ လှိုင့်ကို ပွဲထုတ်ချင်တဲ့စိတ်က ပိုများနေတာ မဟုတ်လား ဇော်သက်ထွန်း”

အောင်ခြိမ့်မောင်းသောကားကို ဣန္ဒြေရရပင် သူစီးပြီး လိုက်ပါလာ၏။ ဦးရင်မောင်၏မွေးနေ့ပွဲကျင်းပရာသို့ လာရာလမ်း

www.burmeseclassic.com

www.burmeseclassic.com



မှာပင် အောင်ခြိမ့်က မေးနေ၏။

"ဟုတ်တယ်လို့ ဝန်ခံရမှာပဲ အောင်ခြိမ့်၊ ငါ လှိုင့်ကို ဘယ်လောက် အားကိုးပြီး အရေးပေးထားတယ်ဆိုတာကို ငါ့အစ်မနဲ့ ငါယောက်ဖ မြင်စေတွေ့စေချင်လို့ပဲ အောင်ခြိမ့်"

"ဒီတစ်ပွဲတော့ မင်းကိုယ်တိုင်တက်လိုက်ပါ၊ ဦးရင်မောင်က မင်းဘက်မှာ ရပ်ပေးခဲ့တဲ့သူပဲ၊ ငါ့သဘောပြောရရင် ဒီပွဲကို မင်းလာမယ်မှန်းသိလို့ မင်းယောက်ဖနဲ့မင်းအစ်မ တက်ချင်မှတက်မှာ ဇော်သက်ထွန်း"

အစ်မဖြစ်သူနှင့်ပတ်သက်ပြီး အောင်ခြိမ့်က ကြိုတင်ဟောကိန်းထုတ်နေသည်။ မွေးနေ့ပွဲကျင်းပရာ ဟိုတယ်သို့ရောက်တော့ လူအတော်လေးစုံနေသည်ကို တွေ့ရ၏။

ကားပေါ်မှဆင်းပြီး ဟိုတယ်အတွင်းသို့ ဝင်ခါနီးမှာပင် နောက်ဘက်ဆီမှခေါ်သံကြားလိုက်ရ၏။

"ကိုဇော်"

သူနှင့်အောင်ခြိမ့်ဆီသို့ အမီပြေးလိုက်လာသော ဇာခြည်ကို တွေ့လိုက်ရသည်။

"ဇာခြည် . . . မွေးနေ့ကို လာတာလား"

"ဟုတ်တယ် ကိုဇော်၊ အန်တီက နေသိပ်မကောင်းချင်တာ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ပဲ လေးလေးက ဇာခြည်ကို လွှတ်လိုက်တာလေ၊ သိတယ်မဟုတ်လား၊ ဘယ်ပွဲမဆို သူတို့နှစ်ယောက်က အမြဲတွဲပြီး တက်နေကြလေ"

အောင်ခြိမ့်၏တွက်ကိန်းကတော့ ကွက်တိမှန်နေ၏။ သူသာ လှိုင့်ကို တက်ခိုင်းဖြစ်ခဲ့ရင် လှိုင်နှင့်ဇာခြည်တို့သာ ဆုံဖြစ်ကြမှာ သေချာ၏။

"ကိုဇော်အနေနဲ့တော့ ဦးရင်မောင်ကိုယ်တိုင် ဖိတ်ထားတာဆိုတော့ လုံးဝရှောင်ဖို့ မရဘူး ဇာခြည်"

သူပြောသောစကားကို ဇာခြည်က သဘောပေါက်ပါ့မလားမသိ။ ယောက်ဖဖြစ်သူ၏ တူမအရင်း ဇာခြည်ကတော့ ငယ်ငယ်ကတည်းက ရင်းရင်းနှီးနှီးနေထိုင်လာခဲ့သူဖြစ်သည်။

"အထဲရောက်ရင် ကိုဇော်တို့နဲ့ ဇာခြည် တစ်ဝိုင်းတည်းထိုင်ကြမယ်နော်"

အစ်မဖြစ်သူတို့နှင့် ပြဿနာတက်ထားသည်ကို ဇာခြည်မသိ၍မဟုတ်။ ဇာခြည်ဘက်က အရင်အတိုင်း ဆက်ဆံရေးမပြောင်းလဲသောကြောင့်ပင် သူအလိုက်သင့်ပင် အခွင့်အရေး ပြန်ပေးဖြစ်ခဲ့၏။

ဒီအချက်ကို အောင်ခြိမ့်လည်း နားလည်လိမ့်မည်ထင်၏။

၎

www.burmeseclassic.com

www.burmeseclassic.com



"မမေမိုးကို, ကိုဇော်က မန်နေဂျာ ခန့်ထားတယ်ဆို၊ ပြီးတော့ စုစုပါ အဲဒီကို ရောက်နေတာ မဟုတ်လား"

သူ့အလုပ်အကြောင်းကို စပ်စုချင်သည်ထက် လှိုင့်ကို အရေးပေးထားခြင်းကို ဇာခြည် စိတ်ဝင်စားနေပုံရ၏။

"ကိုဇော့်ဆီမှာတော့ မေမိုးဆိုတဲ့အမည်မတွင်ဘူး ဇာခြည်ရ၊ ကိုဇော်ကိုယ်တိုင် လှိုင်လို့ ခေါ်တယ်၊ ကိုဇော့်မန်နေဂျာကို အလုပ်ထဲက လူတွေအားလုံးက လှိုင်လို့ပဲ သိနေကြတာလေ ဇာခြည်"

"အဲဒါခက်တာပေါ့ ကိုဇော်၊ လေးလေးနဲ့အန်တီတို့ကို မကျေမနပ်ဖြစ်ပြီး ကိုဇော် အလုပ်ထလုပ်တဲ့အတွက် ဇာခြည် လက်ခုပ်တီးချင်သေးတယ်၊ မေမိုးကို မန်နေဂျာခန့်တာတော့ တစ်မျိုးပဲ"

"လှိုင်က တကယ်ပဲ လုပ်ငန်းကျွမ်းကျင်ပြီး အလုပ်အပေါ်မှာ သစ္စာရှိသလို တန်ဖိုးထားတတ်တဲ့သူပါ၊ ဇာခြည်တို့ကုမ္ပဏီက လှိုင့်ကို မလိုချင်လို့ ကန်ထုတ်လိုက်တာပဲ မဟုတ်လား၊ ပြီးတော့ လှိုင့်နေရာမှာ ဇာခြည်ရောက်နေတာပဲလေ"

သူ့စကားကြောင့်ပင် ဇာခြည့်မျက်နှာလေး ပျက်ချင်သွား၏။

"ဒါတွေက လေးလေး လုပ်ခဲ့တာပါ၊ အဲဒီမိန်းမ ကိုဇော့်ဆီ

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတာ လုံးဝမရှိးသားဘူး၊ အန်တီ့အပေါ်မှာရော လေး လေးအပေါ်မှာပါ အာဃာတစိတ်တွေကြီးပြီး ကိုဇော့်ဆီရောက်လာ တာနေမှာ၊ အန်တီတို့ လေးလေးတို့နဲ့ ပြဿနာဖြစ်တာက တစ်ပိုင်း ပါ၊ ကိုဇော်နဲ့ဇာခြည်တို့ ခင်မင်လာခဲ့ကြတာက တစ်ပိုင်းနော်၊ ဒါကို တော့ ကိုဇော့်အနေနဲ့ ခွဲခွဲခြားခြား မြင်ပေးပါ၊ အခု ဇာခြည်စိုးရိမ် တာကလည်း ကိုဇော့်အတွက်ပဲ၊ အဲဒီမိန်းမကို လိုတာထက်ပိုပြီး ကိုဇော်အရေးပေးနေသလားလို့ ဇာခြည်ပြောမိတာပါ"

လှိုင့်ကို မန်နေဂျာခန့်လိုက်တာကို အစ်မနှင့်ယောက်ဖဖြစ် သူတို့ စိတ်ကသိကအောက်ဖြစ်စေသည်က တစ်ပိုင်း၊ ဇာခြည် ဖြစ် နေတာက တစ်ပိုင်း . . . ဟု သူနားလည်လိုက်သည်။

"ကိုဇော့်အလုပ်မှာတော့ လှိုင်က တကယ်အားကိုးရတာ ဇာခြည်၊ ဘာလဲ လှိုင်နဲ့ပတ်သက်ပြီး ဇာခြည်က စိုးရိမ်တာလား၊ ကိုဇော် ဘယ်သူဘယ်ဝါဆိုတာကို ဇာခြည်မေ့နေပြီထင်တယ်"

"အဲဒါတွေကြောင့် စိုးရိမ်တာ ကိုဇော်၊ မေမိုးလှိုင်ဆိုတဲ့ မိန်းမဟာ နားလည်ရခက်တယ်၊ သူ့မှာ သွေးမတော် သားမစပ်ဘဲ ယောကျ်ားတစ်ယောက်နဲ့ တစ်အိမ်တည်းနေတယ်ဆိုတာကို, ကိုဇော် မသိဘူးထင်တယ်၊ လင်းသန့်နဲ့မေမိုးလှိုင်တို့ရဲ့ မရှင်းမလင်းဆက်ဆံ ရေးကြောင့်ပဲ ကိုဇော့်အတွက် ဇာခြည်က စိုးရိမ်တာပါ"

အင်ကြင်းတောင်း

www.burmeseclassic.com

www.burmeseclassic.com


"ကောင်းပြီ ဇာခြည်၊ ကိုယ့်အလုပ်တွေ အောင်မြင်တိုးတက်ဖို့အတွက် လှိုင်က လိုအပ်နေတာ၊ ဇာခြည်စိုးရိမ်တာက ကိုဇော်နဲ့ပတ်သက်တဲ့ လူမှုရေးပိုင်းကို မဟုတ်လား"

"ဟုတ်တယ် ကိုဇော်၊ အဲဒီမိန်းမနဲ့ ကိုဇော်တို့ ငြိစွန်းမှာကို ဇာခြည်စိုးရိမ်တယ်"

"မစိုးရိမ်ပါနဲ့ ဇာခြည်၊ အခုလို အသိပေးတဲ့အတွက်လည်း ဇာခြည်ကို ဘယ်လိုမှ မမြင်ဘူး၊ ကျေးဇူးလည်း တင်တယ်၊ ဇာခြည်မှတ်ထားပါ၊ ဇာခြည်လည်း မြင်နေတွေ့နေတာပဲ၊ ဘယ်မိန်းမ တစ်ယောက်ယောက်ကများ ဇော်သက်ထွန်းကို ဒုက္ခပေးဖူးလို့လဲ၊ မိန်းမကိစ္စလောက်ကိုတော့ ဇာခြည် စိုးရိမ်မနေပါနဲ့"

ဇာခြည်ကိုတော့ စကားအပြတ်ပြောလို့မဖြစ်ပေ။ ဇာခြည်က အစ်မတို့၏လူ။

ဒါပေမဲ့ သူ့အပေါ်မှာ သံယောဇဉ်ဖြစ်နေကြောင်းကို သူ ရိပ်စားမိသည်ပဲ။ အစ်မတို့ဆီမှ သတင်းအချက်အချို့ရဖို့တော့ ဇာခြည်ကို အသုံးချမှဖြစ်မည် . . . ဟု သူ တွေးမိလိုက်သည်။

Q C R

www.burmeseclassic.com

www.burmeseclassic.com

## ( ၇ )

မနေ့ညကပင် သူ့လုပ်ငန်းတံဆိပ်အသစ်ဆပ်ပြာကြော်ငြာတွေ TV အစီအစဉ်ကနေ စလွှင့်ဖြစ်၏။ ရှေ့အပတ်ထဲမှာပင် ကုန်ပစ္စည်း မိတ်ဆက်ခြင်းနှင့်အရောင်းမြှင့်တင်ရေးလုပ်ငန်းအတွက် ပွဲတစ်ခုကို စီစဉ်ထားပြီးဖြစ်၏။

"ဘယ်သူမှမရှိတုန်း မင်းကို မေးရဦးမယ် ဇော်သက်ထွန်း၊ ဦးရင်မောင်ရဲ့မွေးနေ့ပွဲမှာ ဇာခြည်နဲ့တွေ့ကြပြီးနောက်ပိုင်း တွဲဖြစ်နေတယ် မဟုတ်လား၊ မနေ့က ငါနဲ့ဇာခြည် ခဏတွေ့တုန်းက အရိပ်အမြွက် ပြောသွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဇာခြည်ကတော့ ဖွနေပြီထင်၏။ အစ်မဖြစ်သူ ယောက်ဖဖြစ်သူတို့၏ အကြောင်းကို သိချင်နေ၍ တွဲခြင်းအပေါ် အသာယာလွန်ပြီလား မသိ။ ဇာခြည့်အလိုကိုလိုက်ရင်း လူချင်းတွေ့ဖြစ်ကြသည်ကို အောင်ခြိမ့်အား မပြောပြမိပေ။

"တွဲတယ်လို့တော့ မဟုတ်ပါဘူး၊ ဒီပြဿနာတွေ မဖြစ်ခင်ကတည်းက ဇာခြည် . . . ငါ့အပေါ် ယိုင်နေတာ မင်းအသိပဲ၊ အခုချိန်မှာ ဇာခြည့်ကို မျှော်လင့်ချက်ပေးထားတာ ငါ့အတွက် အရှုံးမရှိဘူး၊ သူနဲ့ငါ ရုပ်ရှင်နှစ်ခါပဲ ကြည့်ဖြစ်ပါသေးတယ်ကွာ"

"မင်းနဲ့ဇာခြည် တွဲတာကို မင်းအစ်မနဲ့ မင်းယောက်ဖ မသိဘဲနေမလား"

"သိလည်း ဘာအရေးလဲ"

"မင်းနဲ့ဇာခြည် မြန်မြန်ဖြစ်သွားရင် မင်းယောက်ဖ ပိုသဘောတွေ့မှာပေါ့၊ မင်းကလည်း မင်းအကြံနဲ့ ဇာခြည်ကိုတွဲတယ်၊ ဟိုဘက်ကရော ဇာခြည်ကို ဝင်ရောခိုင်းတာ မဖြစ်နိုင်ဘူးလား ဇော်သက်ထွန်း"

အောင်ခြိမ့်ပြောတာကို မဖြစ်နိုင် . . . ဟု သူ ယတိပြတ် မပြောလိုပေ။

"ငါ မညံ့ဘူး အောင်ခြိမ့်၊ ဟိုဘက်ကရော ခိုင်းတာပဲထား



www.burmeseclassic.com

www.burmeseclassic.com



ဦး၊ သူတို့ခိုင်းတဲ့အတိုင်း ဇာခြည်လုပ်မှာ မဟုတ်ဘူး၊ ဇာခြည်က ငါ့အပေါ် တကယ်ရိုးသားတဲ့သူပဲ၊ ငါပြောတိုင်း ဖြစ်နေတဲ့ အနေအထားမို့ သူ့အကြိုက်လိုက်ပေးနေတာပဲ”

“အဲဒါအရေးမကြီးဘူးနော်၊ မင်းနဲ့ဇာခြည် ဒီလို အဆက်အသွယ်ရှိတာကို လှိုင်မသိစေနဲ့ဦး”

“မင်းကိုလည်း ငါမေးရဦးမယ်၊ မင်းနဲ့စုစုအခြေအနေက ဘယ်အခြေအနေထိ ရောက်ပြီလဲ၊ ပြီးတော့ လင်းသန့်နဲ့လှိုင်တို့ အကြောင်းကိုရော မင်းဘယ်လောက်သိပြီလဲ”

“အလုပ်တွေကလည်း လုပ်နေရသေးတယ်၊ ငါနဲ့စုစုကိစ္စ ပြေလည်တာနဲ့ မင်းသိချင်နေတဲ့အကြောင်းက ဘာမှအခက်အခဲ ရှိမှာ မဟုတ်တော့ဘူး”

“အေးပါ၊ မင်းအရည်အချင်းကိုတော့ ငါစောင့်ကြည့်ရဦးမှာပေါ့ အောင်ခြိမ့်ရာ”

သူနှင့်တောက်လျှောက်ကြီး တွဲဖြစ်ခဲ့ပေမယ့် မိန်းမကိစ္စမှာတော့ အောင်ခြိမ့်က အစွမ်းအစမရှိပေ။ သူ့စရိုက်နှင့်သူ အေးအေးဆေးဆေး နေထိုင်ခဲ့ဖြစ်သူ ဖြစ်၏။ အခုချိန်ကျမှ စုစုနှင့်အနေနီးပြီး အောင်ခြိမ့်စိတ်တို့ ယိုင်ကျလာခြင်းလည်း ဖြစ်၏။

စကားပြောနေစဉ်မှာပင် သူ့ဟန်းဖုန်း ကောက်ပြည်လာ



www.burmeseclassic.com

www.burmeseclassic.com



သလို စုစုတစ်ယောက်လည်း စက်ရုံအတွင်းသို့ ဝင်လာနေ၏။

## ၄

ဇာခြည့်ဖုန်းများ ဖြစ်လေမလား . . . ဟု သူ စိုးရိမ်မိသွားသေး၏။ ဇာခြည်အသံမဟုတ်ဘဲ လှိုင့်အသံဖြစ်နေ၏။

"ဟဲလို"

"ကိုဇော်သက်ထွန်းလား"

"ဟုတ်ပါတယ် လှိုင်၊ ဘာကိစ္စများ အရေးကြီးလို့လဲ"

"စုစုရော ရောက်ပြီလား၊ လှိုင်ကတော့ သံပန်းတွေကိစ္စနဲ့ အပြင်အလုပ်ရှုပ်နေတာ"

"အခုပဲ ရောက်လာပြီ လှိုင်၊ ဘာပြောချင်လို့လဲ"

"စုစုကိုတော့ ဘာမှပြောစရာမရှိပါဘူး၊ အခု ကိုဇော်သက်ထွန်း အားလား"

"အားပါတယ် လှိုင်"

"ဒါဆို လှိုင်တို့ ဟိုတစ်ခါ ဆုံဖြစ်ကြတဲ့ဆိုင်ကို, ကိုဇော်သက်ထွန်းတစ်ယောက်တည်း ထွက်လာခဲ့ပါလား၊ အလုပ်ကိစ္စတစ်ခုအတွက် ကိုဇော်သက်ထွန်းနဲ့ နှစ်ယောက်တည်း စကားပြောချင်လို့

www.burmeseclassic.com

www.burmeseclassic.com



ပါ”

“ကောင်းပြီ လှိုင်၊ လှိုင်စောင့်နေ . . . အခုချက်ချင်း ထွက်လာခဲ့မယ်”

လှိုင့်ကိုခိုင်းထားသည့် ခြံစည်းရိုးကိစ္စ၊ အဆောက်အအုံအသစ်အတွက် အကာရံကိစ္စတစ်ခုခုမှာ ပြဿနာဖြစ်နေပုံရ၏။

“မင်း ဘယ်သွားမလို့လဲ ဇော်သက်ထွန်း”

“အလုပ်ကိစ္စအတွက် လှိုင်လှမ်းခေါ်လို့ အောင်ခြိမ့်”

“ငါလည်း အပြင်သွားရဦးမှာ ငါပါလိုက်ခဲ့မယ် ဇော်သက်ထွန်း”

“မင်းမလိုက်နဲ့ အောင်ခြိမ့်၊ ငါရော လှိုင်ရော အပြင်သွားနေတုန်း မင်းဒီမှာရှိနေမှဖြစ်မှာ၊ ငါတစ်ယောက်တည်းပဲ သွားလိုက်မယ် အောင်ခြိမ့်”

လှိုင့်စကားကြောင့်ပင် အောင်ခြိမ့်ကို တမင်ချန်ထားလိုက်၏။

## ၄

အလုပ်ကိစ္စနှင့်ပတ်သက်ပြီး တစ်ခုခု ဆုံးဖြတ်ချက်ချရ



www.burmeseclassic.com

www.burmeseclassic.com



ခက်နေပုံရ၍ လှမ်းမှာလိုက်ခြင်းဖြစ်မည် . . . ဟု တွေး၏။ အစ်မဖြစ်သူတို့နှင့် တစ်စုံတစ်ရာ ပတ်သက်နေ၍သာ သူ့ကို အရေး တကြီး လှမ်းခေါ်လိုက်ပုံရသည်။

"ကိုဇော်သက်ထွန်းအတွက် အအေးကြိုမှာထားတယ်လေ၊ အမောပြေသောက်လိုက်ဦး"

"အအေးတင် မဟုတ်ဘူး လှိုင်၊ အခုချိန်က ထမင်းစားချိန်နီးနေပြီ၊ ဒီမှာပဲ တစ်ခုခုမှာစားပြီး အေးအေးဆေးဆေး စကားပြောကြဆိုကြတာပေါ့ လှိုင်"

အလုပ်ထဲရောက်ပြီးမှ သူနှင့်လှိုင်တို့ ဒီလိုမျိုးနှစ်ယောက်တည်း အေးအေးလူလူ မတွေ့ဖြစ်ကြတော့ပေ။ ဆိုင်ထိုင်ဖြစ်ကြသည့်တိုင် သူတို့နှင့်အတူတူ စုစုဖြစ်စေ အောင်ခြိမ့်ဖြစ်စေ အမြဲပါတတ်၏။

သူစားနေကျ အစားအသောက်များကို အလိုက်တသိပင် လှိုင် မှာပေးနေပြန်၏။

"အလုပ်ကိစ္စ ပြောစရာရှိလို့ဆို . . . ပြောလေလှိုင်၊ ဘာလဲ ကိုယ်တို့စက်ရုံမှာ တပ်ရဆင်ရမယ့် ကိစ္စတွေအတွက်လား၊ ဘာ အဆင်မပြေဖြစ်လဲ"

"စက်ရုံရဲ့အကာရံအတွက်ရော ဝင်းတံခါးလက်ရန်းတွေ

www.burmeseclassic.com

www.burmeseclassic.com


မျက်နှာစာတွေအတွက်ပါ အားလုံးအဆင်ပြေပါတယ် ကိုဇော်သက်ထွန်း၊ နှစ်ပတ်အတွင်းမှာ သူတို့ပြီးအောင် လာတပ်ပေးကြလိမ့်မယ်”

“ဒါဆိုရင် လှိုင်ပြောချင်တဲ့အလုပ်ကိစ္စဆိုတာက”

“တခြားမဟုတ်ပါဘူး၊ အဲဒီကိစ္စတွေ အဆင်ပြေအောင် လိုက်လုပ်ရင်းကပဲ လုပ်ကွက်တစ်ခု တွေ့လာလို့ပါ၊ Business Centre အဆောက်အအုံတစ်ခုမှာ သံပန်းတွေရော စတိန်းလက်စတီးတွေတပ်ဖို့ လုပ်ကွက်တစ်ခု အဆက်အသွယ်ရလာတယ်”

“လှိုင့်သဘောက”

“ကိုဇော်သက်ထွန်း အခုလုပ်နေတဲ့ လုပ်ငန်းနဲ့တော့ သဘောသဘာဝ မတူဘူးလေ၊ စောစောကပြောတဲ့အလုပ်ကို လုပ်ခွင့်ရဖို့က မလွယ်ဘူး၊ ဒေါ်ခင်သက်ချိုတို့က အဲဒီလူကို အကျိုးဆောင်ခပေးတာ နည်းတယ်လေ၊ သူနဲ့လှိုင် စကားစပ်မိကြတယ်၊ တကယ်လို့သာ ကိုဇော်သက်ထွန်းက အရင်းအနှီး စိုက်ထုတ်ပေးမယ်ဆိုရင် ဒီလုပ်ငန်းကို လှိုင်လုပ်ပြချင်တယ်၊ လှိုင်တို့လုပ်ဖြစ်မယ်ဆိုရင် ဒီအလုပ်ရဖို့ အရမ်းသေချာတယ်၊ ဒေါ်ခင်သက်ချိုတို့က တော့ သူတို့လက်ထဲပဲ ရောက်လာမှာပဲလို့ ထိုင်စောင့်နေမှာ”

“နေပါဦး လှိုင်၊ အရင်းအနှီးစိုက်ထုတ်ပေးတာက ပြဿနာ မရှိဘူး လှိုင်၊ ပြီးတော့ အဲဒီလုပ်ငန်းသဘာဝကိုလည်း ကိုယ်ဘာမှ


www.burmeseclassic.com

www.burmeseclassic.com



နားမလည်ဘူး”

“ဒီအတွက်တော့ မပူနဲ့ ကိုဇော်သက်ထွန်း၊ လှိုင်တို့က ဒေါ်ခင်သက်ချိုတို့ထက် စျေးနှုန်းလည်း သက်သာရမယ်၊ အရည် အသွေးလည်း ကောင်းမယ်ဆိုရင် အဲဒီ Centre တစ်ခုလုံးအတွက် ကန်ထရိုက်ရမှာ၊ ဒေါ်ခင်သက်ချိုတို့ ဘယ်က လုပ်ငန်းစခဲ့တာလဲ ဆိုတာကို လှိုင်အသိဆုံးပဲ၊ ဒီသံပန်းနဲ့စတိန်းလက်စတီး တပ်ဆင် တယ်ဆိုတာက ကိုဇော်သက်ထွန်း အခုလုပ်နေတဲ့လုပ်ငန်းလောက် ခေါင်းစားစရာ မလိုဘူး၊ အဲဒါတွေအားလုံး လှိုင့်တာဝန်ထားပါ၊ အလုပ်ရဖို့အတွက်ရော၊ လုပ်ငန်းအတွက်ပါ လှိုင်အဆင်ပြေအောင် လုပ်သွားမယ်၊ လုပ်ငန်းမှာလည်း အမြတ်ကျန်စေရမယ်၊ ကိုဇော် သက်ထွန်းအနေနဲ့ ဒေါ်ခင်သက်ချိုတို့ကို ပခုံးချင်းယှဉ်ပြဖို့ အခွင့် ရေးပဲ”

“လှိုင့်ကိုတော့ ကိုယ်ယုံပါတယ်၊ ဒီလုပ်ငန်းတွေကို လှိုင်က ကျွမ်းကျင်ရုံတင်မကဘူး၊ အဆက်အသွယ်တွေ ရှိနေတာပဲ၊ လိုအပ် တဲ့အရင်းအနှီးမှန်သမျှကို စိုက်ထုတ်ပေးမယ်၊ အဲဒီအလုပ်ရဖို့ အစ်မတို့ဆီ မရောက်သွားဖို့ဘဲ အရေးကြီးတယ်”

“အခုလို လှိုင့်အပေါ် ယုံယုံကြည်ကြည်နဲ့ လိုက်လျောတဲ့ အတွက် အရမ်းကျေးဇူးတင်တယ်၊ ဒီအလုပ်ကို ရအောင်ယူမယ်၊ ပြီး

www.burmeseclassic.com

www.burmeseclassic.com



တော့ လုပ်ငန်းအားလုံးအဆင်ပြေအောင် လှိုင်အစအဆုံး တာဝန်ယူပါတယ်၊ ဘာဖြစ်လို့ ဒီလောက်ထိ လှိုင်တက်ကြွနေရသလဲဆိုတော့ ကိုဇော်သက်ထွန်းလိုပဲ အခွင့်ကြုံတုန်းမှာ သူတို့ကို ပခုံးချင်းယှဉ်ပြီး အလဲထိုးပြချင်လို့ပါပဲ”

လှိုင် အာဃာတထားရင် ထားလောက်စရာ . . . ဟု သူ ကိုယ်ချင်းစာမိသည်။ လှိုင် မခံချင်စိတ်ဖြင့် လုပ်ပြရင်တော့ လုပ်ငန်းတွေက ဖြစ်တော့မှာ သေချာနေ၏။ ငွေအရင်းအနှီး ထုတ်ပေးဖို့ သူကလည်း အာမခံချက်ပေးပြီးသား ဖြစ်နေ၏။‘

“ကိုယ်တစ်ခု ပြောချင်တယ် လှိုင်”

“ဘာများလဲ ကိုဇော်သက်ထွန်း”

“တခြားမဟုတ်ပါဘူး၊ ကိုယ့်စက်ရုံမှာရော၊ အခုလုပ်ငန်းကိုပါ လုပ်တော့မှာဆိုတော့ လှိုင့်အနေနဲ့ ကားလိုသလို ဖုန်းတစ်လုံးလည်း ရှိနေမှာဖြစ်မယ်၊ လင်းသန့်ရဲ့အငှားကားနဲ့ဆိုရင် မတင့်တယ်ဘူး၊ သွားတဲ့လာတဲ့နေရာမှာရော၊ အိမ်ပြန်တဲ့အခါမှာပါ အောင်ခြိမ့်ကိုခေါ်ပြီး ကိုယ့်ကားကိုပဲ သုံးပါ လှိုင်၊ အကြိုအပို့ကစပြီး လင်းသန့်ကားကို မသုံးပါနဲ့တော့၊ ပြီးတော့ ဒီနေ့ကစပြီး ကိုယ့်ဟန်းဖုန်းကို လှိုင်ပဲ ယူထားလိုက်တော့၊ ဒီရက်ပိုင်းအတွင်းမှာပဲ ကိုယ် နောက်ထပ်ဖုန်းတစ်လုံး ထပ်ဝယ်လိုက်ပါ့မယ်”

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာဘဲ၊ အဲဒီလောက်ကြီးအထိ မလိုသေးပါဘူး၊ လှိုင့်ဘာသာ ဒီအတိုင်း လုပ်နေလို့ရပါတယ်"

"ကိုယ်ပြောတာကို နားထောင်ပါ လှိုင်၊ လှိုင်က အစ်မတို့နဲ့ယှဉ်ပြီး လုပ်ပြရတော့မယ်၊ ကိုယ့်ရဲ့မန်နေဂျာတစ်ယောက်အနေနဲ့ ရှိသင့်ရှိထိုက်တာတွေ ရှိနေစေရမယ်၊ လင်းသန့်ရဲ့ကားကို လှိုင် မသုံးပါနဲ့တော့"

"ကိုဇော်သက်ထွန်းစကားကို လှိုင်နားထောင်ပါ့မယ်"

လှိုင့်အတွက် စီစဉ်ပေးစရာရှိသည်များကို စီစဉ်ပေးလိုက်ရ၍ သူကျေနပ်သွားမိသည်။ အမှန်အတိုင်း ပြောရရင်တော့ လင်းသန့် အကြိုအပို့လုပ်နေတာရော၊ လင်းသန့်ကားကို သုံးနေတာကိုပါ သူ မကြိုက်ချင်။ အခါခွင့်သင့်တုန်း ကောက်ခါငင်ခါ စီစဉ်လိုက်ခြင်းကြောင့်ပင် သူ မျက်စိရှုပ်သက်သာသွားမှာ သေချာ၏။

Q C R

www.burmeseclassic.com

www.burmeseclassic.com

( ၄ )

သူ့စကားများအတိုင်းပင် အကြိုအပို့အတွက်ရော၊ အလုပ်ကိစ္စအတွက်ပါ လင်းသန့်အငှားကားကို လှိုင် မသုံးတော့ပေ။

လှိုင်ပြောပြသောလုပ်ငန်းအကြောင်းကိုလည်း အောင်ခြိမ့်ကပါ ထောက်ခံမှုပေးနေပြန်၏။

"မင်း စုစုကို အရင်ဝင်မခေါ်ဘူးလား အောင်ခြိမ့်"

"လှိုင့်ကို အရင်ဝင်ခေါ်နေကျပဲ၊ စုစုကတော့ သူတို့လမ်းထိပ်ကနေ အမြဲစောင့်နေကျပဲ ဇော်သက်ထွန်း"

အစီအစဉ်တွေပြောင်းပြီးမှ ဒီတစ်ခါပဲ လှိုင်နှင့်စုစုတို့ကို

www.burmeseclassic.com

www.burmeseclassic.com


ကြိုရာနောက်သို့ သူလိုက်ပါခဲ့၏။ အရင်နေ့တွေတုန်းကတော့ စက်ရုံမှာ သူ့ကိုပို့ပြီးမှ လှိုင်နှင့်စုစုတို့ကို ကြိုနေကျဖြစ်၏။

လှိုင်တို့အိမ်ရှေ့ကို ကားရောက်သည်နှင့် အသင့်ပြင်ထားသောလှိုင်က အိမ်ပေါ်မှ ဆင်းလာ၏။

"ဒီနေ့တော့ ကိုဇော်သက်ထွန်းပါ၊ ပါလာတာကိုး"

"ဟုတ်တယ် လှိုင်ရေ၊ ညတုန်းက ဇော်သက်ထွန်း မမက်ကောင်းတဲ့ အိပ်မက်တွေ စွပ်ပြီး မက်နေတာနဲ့ အိပ်ရာထနောက်ကျနေလို့ လက်စနဲ့ ခေါ်လာခဲ့တာလေ"

နောက်ခန်းတံခါးကို ဖွင့်ပြီး လှိုင် ဝင်ထိုင်၏။

"အိပ်မက်မက်တုန်းက ကောင်မလေးတစ်ယောက်နဲ့ စိတ်ကောက်ဖြစ်ခဲ့သေးလား ကိုဇော်သက်ထွန်း"

"အလကား အောင်ခြိမ့် လျှောက်နောက်နေတာပါ လှိုင်ပါ၊ ကိုယ်က သွေးရိုးသားရိုး အိပ်ရာထနောက်ကျသွားတာပါ၊ ဒါနဲ့ ဒီနေ့ အလုပ်ကိစ္စအတွက် အဆုံးအဖြတ် သိရမှာ မဟုတ်လား လှိုင်"

သူတို့စကားပြောနေစဉ်မှာပင် စုစုစောင့်နေရာ လမ်းထိပ်သို့ ရောက်လာ၏။

စုစုကားပေါ်တက်ခိုက်မို့ သူ့အမေးစကားကို လှိုင်မဖြေဖြစ်။ စုစုကားပေါ်ရောက်ပြီးမှ လှိုင်ဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကိုဇော်သက်ထွန်း၊ အခု ကိုးနာရီ၊ ကိုဇော်သက်ထွန်းတို့ကို စက်ရုံပို့ပြီးတာနဲ့ သွားတွေ့ရမှာလေ၊ ဆယ်နာရီ ချိန်းထားတာ ကိုဇော်သက်ထွန်း"

"ကိုယ် လိုက်ဖို့လိုလား၊ အောင်ခြိမ့်နဲ့ပဲ သွားလို့ဖြစ်တယ် မဟုတ်လား လှိုင်"

"ကိုဇော်သက်ထွန်း လိုက်ဖို့မလိုသေးပါဘူး၊ ဘာလဲ အဲဒီ အဆုံးအဖြတ်ကို အရမ်းသိချင်နေလို့လား၊ ဒီနေ့ ဆယ်နာရီခွဲမှာ စကားပြောပြီးတာနဲ့ နမူနာတစ်ခု တပ်ပြရမယ်၊ ညနေခင်းဖြစ်ဖြစ် နောက်မနက်မှာဖြစ်ဖြစ် စာချုပ်ချုပ်ဖြစ်ကြလိမ့်မယ်"

လှိုင်ကတော့ အလုပ်ကိစ္စကို သေသေချာချာကြီး ပြောပြနေ၏။

"ဒီနေ့မှာပဲ ဒေါ်ခင်သက်ချိုတို့ဆီကနေပြီး အလုပ်စကားပြောဖို့ ဇာခြည်လာမယ်ဆိုတာလည်း ပြောလိုက်ဦးလေ"

စုစုက စကားဝင်ထောက်ပေးလိုက်မှ လှိုင့်နှုတ်ခမ်းမှာ မဲ့ပြုံးလေးတစ်ခု ဖျတ်ခနဲပေါ်သွား၏။

"ဇာခြည်ဆိုမှ ပြောဖို့ သတိရတယ် ကိုဇော်သက်ထွန်း"

ဇာခြည်နှင့်ပတ်သက်ရာ စကားမို့ အောင်ခြိမ့်က မသိ မသာ သူ့ကို ကြည့်လိုက်သေးသည်။

အင်ကြင်းမောင်

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောမှာလဲ လှိုင်"

"သိပ်လည်း လိပ်ပြာမငယ်ချင်ပါနဲ့ ကိုဇော်သက်ထွန်းရယ်၊ ဖုန်းပြောင်းကိုင်တာကို ဇာခြည်သိပုံမရဘူး၊ မနေ့ညတုန်းက ဇာခြည် ဖုန်းဆက်တယ်"

"ဟုတ်လား၊ ကိုယ်ပြောဖို့ မေ့သွားတယ်၊ ဇာခြည်နဲ့ ကိုယ်က ဒီပြဿနာတွေ မဖြစ်ချင်ကတည်းက ခင်ခင်မင်မင် ရှိနေခဲ့ကြတာ၊ သူ့ဦးလေးကို မကြည်ပေမယ့် ကိုယ်ကလည်း ဇာခြည့်ဆီက နေ အရေးအကြောင်းဆို သတင်းထူးရလိုရငြား ဆက်သွယ်နေမိ တာပါ လှိုင်"

"အင်းလေ ကိုဇော်သက်ထွန်းတို့ ပုဂ္ဂိုလ်ရေးကိုတော့ လှိုင် ဘာမှမပြောချင်ပါဘူး၊ အလုပ်မဖြစ်ခင်ကာလမှာတော့ အခုကိစ္စ တွေကို ဇာခြည်မသိဖို့တော့ လိုမယ်နော်"

"အဲဒီလောက်ထိတော့ ကိုယ်နဲ့ဇာခြည်က ပတ်ပတ်သက် သက် မရှိပါဘူး လှိုင်"

"ရုပ်ရှင်ပြမယ်လို့ ချိန်းပြီးမသွားဖြစ်တာပဲ ရှိတယ်ပေါ့ ဟုတ်လား ကိုဇော်သက်ထွန်း"

ဇာခြည်ကတော့ လှိုင့်ကို တမင်ပြောမှန်း သိသာနေပါ၏။ ဇာခြည်နှင့် ချိန်းထားသည့်ကိစ္စကို နေ့အမှတ်မှားပြီး သူ မသွားဖြစ်ခဲ့

အင်ပါယာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပေါ။

"ဟုတ်တယ် လှိုင်၊ ဇာခြည်က အရင်ကတည်းက အဲဒီလို ရုပ်ရှင်လိုက်ပြခိုင်းတာတို့ ကစားကွင်းတွေဆီလိုက်ပို့ လုပ်တတ်တာ၊ သူ့ဦးလေးကြိုးဆွဲရာ ကနေရပေမယ့် ဇာခြည့်စိတ်က ကိုယ်နဲ့ပတ်သက်ရင် ကလေးသာသာပါပဲ၊ ကိုယ့်အပေါ်မှာတော့ ကိုယ့်ယောက်ဖနဲ့ ကိုယ့်အစ်မထက် ရိုးသားတာအမှန်ပဲ လှိုင်"

လှိုင်နားလည်အောင် ဖြေရှင်းပြရင်းကပင် အကြည့်ဖြင့် အောင်ခြိမ့်ကို အကူအညီတောင်းရတော့သည်။

အောင်ခြိမ့်ကလည်း သူ့အထာကို သိနေသည်။ စက်ရုံပေါ်တီကိုအောက်မှာ ကားရပ်ရင်းကပင် အောင်ခြိမ့် ဝင်ပြော သည်။

## ၄

"ဟုတ်တယ် လှိုင်ရေ၊ ဇာခြည်ကတော့ အရင်ကတည်းက ဇော်သက်ထွန်းနဲ့ ရင်းရင်းနှီးနှီးနေတာ၊ ပြဿနာဖြစ်ပေမယ့် ဒီကောင့်ကို အခေါ်အပြော မပျက်ဘူး၊ ဒီကောင်ကသာ ပြဿနာဖြစ်ပြီး နောက်ပိုင်းမှာ ခပ်ရှောင်ရှောင်နေခဲ့တာ၊ မွေးနေ့ပွဲသွားတုန်း

www.burmeseclassic.com

www.burmeseclassic.com



က ပြန်တွေ့ကြပြီးမှ အခုလို ဆက်သွယ်ခဲ့ကြတာလေ”

“လှိုင်ပြောခဲ့ပြီးပါပြီ ကိုအောင်ခြိမ့်၊ ကိုဇော်သက်ထွန်းရဲ့ ပုဂ္ဂိုလ်ရေးတွေကို လှိုင် မသိစေချင်ဘူး ဆိုတာလေ၊ ကဲပါ . . . ဒါတွေထားလိုက်ပါတော့၊ ကိုဇော်သက်ထွန်း အစ်မတွေဆီက သတင်းရလိုရငြား ဇာခြည်နဲ့ဆက်သွယ်နေတာလို့ ပြောခဲ့တာ မဟုတ်လား၊ လှိုင်ပြောတဲ့အတိုင်းများ ကိုဇော်သက်ထွန်း လိုက်လုပ် ပေးနိုင်မလား မသိဘူး”

ဇာခြည်နှင့်ပတ်သက်ပြီး သူ့ကို သွေးတိုးစမ်းလိုက်မှန်း သိလိုက်သည်။

“ကိုယ့်အနေနဲ့ ဘာများလုပ်ပေးရမလဲ လှိုင်”

“သိပ်အရေးတကြီး လိုအပ်တာမျိုး မဟုတ်ပါဘူး ကိုဇော် သက်ထွန်း၊ လှိုင်တို့နဲ့ အလုပ်လုပ်မယ့် ကုမ္ပဏီက လူကြီးတွေနဲ့ ဒီနေ့မှာ လှိုင်တွေ့သလိုပဲ၊ ဇာခြည်လည်း လာတွေ့ပါလိမ့်မယ်၊ အလုပ်ကိစ္စအတွက် သေချာအောင် လှိုင့်ဘက်က အကုန်လုပ်ပြီးပါ ပြီ၊ ဒေါ်ခင်သက်ချိုတို့နဲ့ကလည်း စကားပြောထားတာရှိတော့ ဈေးနှုန်းညှိရဖို့ရှိနေတယ်၊ လှိုင်နဲ့ဆယ်နာရီခွဲမတွေ့ခင်မှာ ဇာခြည် က ဆယ်နာရီမှာ အဲဒီကလူကြီးတွေနဲ့ စကားပြောရမှာပါ၊ ဒီလို လုပ်ပါလား၊ နောက်ဆယ့်ငါးမိနစ်လောက်ဆိုရင် အဲဒီကို ဇာခြည်

www.burmeseclassic.com

www.burmeseclassic.com



သွားတော့မှာ၊ လှိုင်နဲ့စကားစမြည်ပြောဆိုပြီး လှိုင်ပြန်တော့မှ ဇာခြည်ရောက်လာနိုင်အောင် တစ်နာရီလောက် အချိန်ဆွဲပေးနိုင်မလား မသိဘူး"

"သိပ်ဖြစ်တာပေါ့ လှိုင်၊ ခဏလေး အခုချက်ချင်း လှိုင်တို့ရှေ့မှာပဲ ဖုန်းလှမ်းဆက်ပြမယ်"

လှိုင့်အကြံဉာဏ်ကတော့ တကယ်ချီးကျူးထိုက်သည်။ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသလို လှိုင်တောင်းဆိုတတ်သည်ပဲ။

ကံကောင်းထောက်မစွာဖြင့် ဇာခြည့်ဟန်းဖုန်းဆီ ချက် ချင်းအဆက်အသွယ်ရ၏။

"ဇာခြည်လား၊ ဇော်သက်ထွန်းပါ"

"..........."

"ဟုတ်တယ် ဇာခြည်၊ ဖုန်းလဲကိုင်ထားတာကို မပြောမိလိုက်တာပဲ၊ ပြီးတော့ အဲဒီနေ့က ကိုဇော်အမှတ်မှားသွားပြီး မလာဖြစ်တာ"

"..........."

"ဇာခြည် စိတ်ဆိုးပြေမှ ဖုန်းဆက်မလို့လေ၊ အခု ဇာခြည်နဲ့တွေ့ပြီး အဲဒီနေ့က မလာဖြစ်တဲ့အတွက် အကြွေးဆပ်ချင်တယ်"

"..........."

www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ကိစ္စက အရေးကြီးလား၊ ကိုဇော်က အောက်ကျို့ခံပြီး ချော့မယ့်ကိစ္စက အရေးကြီးလားဆိုတာ ဇာခြည်ပဲ ဆုံးဖြတ်တော့"

သူ့စကားပရိယာယ်ကို ဇာခြည် တင်းမခံနိုင်ပေ။ ချက်ချင်းပင် သူနှင့်တွေ့ဖို့ကို ဇာခြည်ပြောတော့၏။

". . . . . . . . . ."

"ကောင်းပြီ ဇာခြည်၊ ကိုဇော့်စက်ရုံရှေ့ကပဲ ထိုင်စောင့်နေမယ်၊ အခုချက်ချင်း စက်ရုံကို လှည့်မောင်းခဲ့တော့ ဇာခြည်၊ ဇာခြည့်ကားနဲ့ပဲ တစ်နေရာရာကို သွားကြတာပေါ့"

လှိုင့်တောင်းဆိုမှုကတော့ သူ့အတွက် ကလေးကစားသလို ဖြစ်နေမှန်း ဖုန်းမဆက်ခင်ကတည်းက သိနေ၏။

"ဒီလောက်ဆိုရင် လှိုင်ကျေနပ်ပြီ မဟုတ်လား၊ ဒီလိုကိစ္စမျိုးတွေမှာ အသုံးချဖို့ ဇာခြည့်ကို အဆက်အသွယ်လုပ်ထားခဲ့တာပဲ၊ ကိုယ့်အတွက် ဇာခြည်က အရေးမကြီးပေမယ့် ဇာခြည့်အတွက်တော့ ကိုယ်က အရေးကြီးအောင် လုပ်ထားနိုင်တဲ့ ရည်ရွယ်ချက်ကတော့ ကိုယ့်ယောက်ဖနဲ့ ကိုယ့်အစ်မကို လိုအပ်လာရင် အပေါ်စီးက လက်ဦးမှုရထားဖို့ပဲ လှိုင်"

"ဒီပွဲကတော့ ပိုလှသွားတာပေါ့ ကိုဇော်သက်ထွန်း၊ ဒေါ်ခင်

www.burmeseclassic.com

www.burmeseclassic.com



သက်ချိုနဲ့ဦးအောင်မြင့်တို့ရဲ့ စိတ်အချရဆုံးလူက အရေးကြီးတဲ့ အလုပ်စကားပြောရမယ့်အချိန်မှာ တခြားတစ်နေရာမှာ အချိန်ဖြုန်းနေတဲ့အတွက်လေ၊ ဒီပွဲကတော့ လှိုင်တို့ လုံးဝအနိုင်ရမှာ သေချာနေပြီ”

လှိုင်တစ်ယောက်ကတော့ ပျော်ရွှင်စွာဖြင့် အကျေနပ်ကြီး ကျေနပ်နေလေ၏။

သူဆက်လုပ်ရမည့်အလုပ်ကတော့ ဇာခြည်အလာကို ထိုင်စောင့်ပြီး တစ်နေရာရာမှာ အချိန်ဖြုန်းဖို့ပဲ ဖြစ်သည်လေ။

Q C R

www.burmeseclassic.com

အင်ပါယာစာပေ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

( ၅ )

သူ့ဆီကို ဇာခြည်ရောက်ပြီး ကားပေါ်ရောက်သည်နှင့် နေရာချင်းလဲလိုက်သည်။ ဇာခြည်ကို မမောင်းခိုင်းတော့ဘဲ သူကိုယ်တိုင်ပင် မောင်းပြီးထွက်လာဖြစ်သည်။

"ဘယ်ကိုမောင်းမှာလဲ ကိုဇော်၊ ဇာခြည်မှာ အရေးကြီးတဲ့ အလုပ်စကားပြောဖို့ ရှိနေသေးတယ်"

"ကိုဇော့်အတွက် အချိန်တစ်နာရီ တစ်နာရီခွဲလောက်တောင် မပေးနိုင်တော့ဘူးလား ဇာခြည်"

"အလုပ်ကိစ္စပြောမယ့်ဆီကို၊ ကိုဇော်လိုက်ခဲ့၊ ကားပေါ်က နေ ခဏလေးပဲစောင့်၊ အဲဒီကိစ္စပြီးရင် ကိုဇော်ကြိုက်တဲ့ဆီကိုသွား

www.burmeseclassic.com

www.burmeseclassic.com



ဇာခြည်လိုက်ခဲ့မယ်"

လက်မှနာရီကို သူကြည့်လိုက်တော့ ဆယ်နာရီထိုးခါနီးနေပြီ။ အခုနေရာကနေ နောက်ကြောင်းပြန်လှည့်လည်း ဆယ်နာရီဆယ်မိနစ်လောက်မှ ဇာခြည် ရောက်သွားမှာဖြစ်၏။

"အဲဒီလိုတော့ မရဘူး ဇာခြည်၊ အခုအချိန်မှာ အလုပ်အကြောင်းတွေ မပြောကြေးလေ၊ ကိုဇော်မှာလည်း အလုပ်တွေရှိနေတာပဲ၊ အခုချိန်မှာ ဇာခြည်နဲ့ တွေ့ချင်တယ်၊ ကိုဇော့်အနားမှာ ဇာခြည် ရှိနေတာပဲ လိုချင်တယ်၊ ကျန်တဲ့ကိစ္စတွေကို ဘာတစ်ခုမှ ကိုယ်မသိချင်ဘူး"

သူ့စကားတွေကို နားထောင်နေရင်းကပင် သူ့မျက်နှာကို နားမလည်စွာဖြင့် ဇာခြည် ငေးကြည့်နေ၏။

"လေလောလတ်လတ်ကြီး ဆိုင်းမဆင့် ဗုံမဆင့်ဘဲ ကိုဇော် ဘာဖြစ်သွားတာလဲ၊ ဇာခြည် နားမလည်နိုင်တာတော့ အမှန်ပဲ"

"နားလည်တာတွေ နားမလည်တာတွေလည်း ကိုဇော် မသိချင်ဘူး ဇာခြည်"

"ဒါဆို ကိုဇော်သိချင်တာ ဘာလဲ"

ကားလေးကလည်း ဦးတည်ရာသို့ ပြေးလွှားနေသလို သူ့စိတ်တို့ကလည်း အစိုးမရချင်။ ဇာခြည်ကိုယ်တိုင်ကပင် အလုပ်ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



ကို ထပ်မပြောတော့ဘဲ သူ့လက်မောင်းကို မှီနွဲ့ရင်းက ပြောလာ၏။

သူ့အဖြေကတော့ ရှင်းရှင်းလေးပဲ ဖြစ်သည်။ တစ်နာရီ တစ်နာရီခွဲအတွင်းမှာ ဘယ်နည်းနှင့်မဆို သူ့အနားမှာ ဇာခြည် ရှိနေဖို့ပဲ ဖြစ်၏။

"ကိုဇော့်အနားမှာ ဇာခြည်ရှိနေတာကို လိုချင်တာပဲ သိတယ်"

စကားပြောရင်းကပင် ကားအသွားအလာရှင်းသောအခါ လမ်းဘေးသို့ ထိုးရပ်လိုက်မိသည်။

ကားမောင်းဖို့မလိုသော သူ့လက်အစုံတို့သည် ဇာခြည့်ကို စိတ်လက်ဟန်ပါဖြင့် ထွေးပွေ့ထားမိပြန်တော့၏။

"ကိုဇော်"

သူ့မျက်နှာကို မော်ကြည့်နေရင်းကပင် ဇာခြည် မပွင့်တစ်ပွင့် ခေါ်လိုက်သည်။ လှပသော နှုတ်ခမ်းအစုံဆီ သူ့အာသီသတို့ လျှပ်တစ်ပြက်ကျရောက်သွားမိသည်။

ပန်းများစွာနှင့် ကျင်လည်ခဲ့သော မုဆိုးသည် ဝတ်ရည်၏ ချိုမြမှုဒဏ်ကြောင့်ပင် ဇာတိပြမိခဲ့သည်လေ။

"ဇာခြည့်ကို ချစ်တယ်လို့ မပြောတော့ဘူးလား ကိုဇော်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



နွမ်းဟိုက်သော ဇာခြည့်အသံလေးကြောင့်ပင် သူအသိဝင်သွားပြီး သူ့လှုပ်ရှားနေမှု မြန်သမျှကို ချက်ချင်း ရုပ်သိမ်းလိုက်မိတော့သည်။

ဇာခြည့်ကို လိုသည်ထက်ပိုပြီး သူ ထိန်းချုပ်မိပြီးသား ဖြစ်နေမှန်း သိလိုက်သည်။ ဇာခြည်ကျေနပ်အောင်တော့ သူ ပြောလိုက်ရသည်။

"တစ်ခါတလေကျရင် လူနှစ်ယောက်ကို အချစ်မပါဘဲ ချည်နှောင်ရတာက ပိုပျော်ဖို့ကောင်းတယ် ဇာခြည်၊ ကိုဇော် အနောက်လွန်သွားတယ်၊ အလုပ်တွေ ပင်ပန်းချိန်မျိုးမှာ ဇာခြည့်ကို တွေ့ပြီး နောက်ဖို့ပဲ အာရုံထားခဲ့တာ၊ အခုတော့ . . ."

"အခုမှ မရဘူး ကိုဇော်၊ ဇာခြည်နှုတ်ခမ်းနီတွေ ပျက်လက်စနဲ့တော့ ကိုဇော် လျော်ကြေးပြန်ပေးရမယ်"

ဒီတစ်ခါတော့ သူ့အလိုမပါဘဲ သူ့နှုတ်ခမ်းအစုံတို့ နွေးထွေးသွားခဲ့ပြန်၏။

ကိုယ့်ရှူးကိုယ်ပတ်သလို ဖြစ်သွားပြီမို့ သူရုန်းဖယ်ချိန်မရလိုက်ပေ။

www.burmeseclassic.com

၄

အင်ပါယာ

www.burmeseclassic.com



ဇာခြည်တစ်ယောက် သူ့စက်ရုံရှိရာသို့ ပြန်ပို့ပေးတော့ ဆယ့်တစ်နာရီခွဲနေပြီ။

နောက်ကျနေမှန်းသိပေမယ့် ရောက်အောင်သွားရမည် . . . ဟု သူ့ကိုချပေးပြီး ဇာခြည်ပြောသွားသေးသည်။

စက်ရုံထဲသို့ ရောက်ရောက်ချင်းမှာပင် စုစုကို လှမ်းခေါ် လိုက်ရသည်။ လှိုင်နှင့်အောင်ခြိမ့်ကို မမြင်ရသောကြောင့် အကျိုး အကြောင်းကို သိချင်နေ၏။

“လှိုင်နဲ့အောင်ခြိမ့်တို့ အဆက်အသွယ် လုပ်သေးလား စုစု”

“ဘာမှမလုပ်ဘူး ကိုဇော်သက်ထွန်း”

“ငါကတော့ လှိုင်ခိုင်းတဲ့အတိုင်း တာဝန်ကျေခဲ့ပြီ၊ ငါ အခန်းထဲဝင်ပြီး ခဏလှဲနေဦးမယ် စုစု၊ ဖုန်းတွေ ဘာတွေလာရင် စုစုပဲ ကြည့်ပြောလိုက်တော့”

“ဟုတ်ကဲ့”

စုစုကိုပြောပြီး အခန်းထဲမှာပင် သူလှဲနေလိုက်၏။

သေချာပြန်စဉ်းစားကြည့်မှ ဇာခြည်နှင့်ဖြစ်ပျက်ခဲ့သမျှ တွေက ရင်ခုန်စရာကောင်းနေသေး၏။

ဒီအခြေအနေကို သူ မမျှော်မှန်းခဲ့။



www.burmeseclassic.com

www.burmeseclassic.com



နောက်ခါလာနောက်ဈေး . . . ဟု ပေ့ါပေ့ါတွေးပြီး ခေါင်းမနောက်ချင်သောကြောင့်ပင် သူ မျက်စိမှိတ်ထားမိသည်။

အိပ်မက်ထဲမှာတော့ ဇာခြည့်ကို နမ်းဖြစ်ခဲ့သည့်အတွက် လှိုင်တစ်ယောက် ဒေါသူပုန်ထနေသည် . . . ဟု မြင်ယောင်မိသည်လေ။

## ၄

သူ မှေးခနဲအိပ်ပျော်သွားပြီး အိပ်မက်တွေ ဘာတွေမက်လိုက်သေး၏။ အိပ်မက်မှလန့်နိုးပြီး နာရီကြည့်လိုက်တော့မှ နှစ်နာရီထိုးနေသည်ကို တွေ့ရသည်။ အခန်းအပြင်ကို သူထွက်လိုက်တော့ စုစုနှင့်အောင်ခြိမ့်တို့ စကားတွတ်တိုးနေသည်ကို တွေ့ရသည်။

“မင်းရောက်လာတာကို ဘာလို့မနှိုးတာလဲ အောင်ခြိမ့်၊ နှစ်နာရီထိုးနေပြီ၊ လှိုင်ရော ဘယ်မှာလဲ၊ အလုပ်ကိစ္စရော အဆင်ပြေရဲ့လား”

“ငါ ဆယ့်နှစ်နာရီခွဲလောက်ကတည်းက ပြန်ရောက်လာတာပဲကွာ၊ လှိုင်စကားပြောတာ အဆင်ပြေတယ်၊ နမူနာတစ်ခုတပ်ပြဖို့ လှိုင်လှုပ်ရှားနေတယ်၊ အခုလောက်ဆို တပ်ပြီးလောက်ပြီ၊



www.burmeseclassic.com

www.burmeseclassic.com



လှိုင်ကတော့ အဲဒီအဆောက်အအုံမှာ ကျန်နေခဲ့တယ်၊ မင်း ကားသုံးစရာရှိနေမှာစိုးလို့ဆိုပြီး လှိုင် ပြန်လွှတ်လိုက်တာ၊ ကိစ္စတွေအားလုံးပြီးမှ သူလှမ်းဖုန်းဆက်မယ်လို့ မှာလိုက်တယ် ဇော်သက်ထွန်း”

အောင်ခြိမ့်စကားတွေအရတော့ အားလုံးက ပြေလည်သည့်အရိပ်လက္ခဏာ ရှိနေ၏။ မပြေမလည်ဖြစ်မှာက ဇာခြည်ပဲဖြစ်၏။

ဗိုက်ထဲမှာ ဆာလာသည်မို့ ထမင်းစားရာစားပွဲကို လှန်ကြည့်မိသည်။

“လှန်ကြည့်မနေနဲ့ ဇော်သက်ထွန်း၊ ငါပြန်ရောက်ရောက်ချင်းမှာပဲ အရမ်းဆာတာနဲ့ မင်းဖို့ပြင်ထားတာတွေကို စားပစ်လိုက်ပြီ၊ မင်းစားမယ်ဆိုရင် ငါတို့ အပြင်ထွက်ရင်း တစ်ခုခု စားတာပေါ့”

“ကဲ . . . စုစုရေ အပြင်ခဏသွားမှ ဖြစ်တော့မယ်၊ ကိုယ် ဟန်းဖုန်းယူသွားမယ်၊ ဖုန်းတစ်ခုခု ဝင်လာရင် ကိုယ့်ဟန်ဖုန်းကိုသာ လှမ်းဆက်ခိုင်းလိုက် စုစု”

စုစုကို မှာခဲ့ပြီး အောင်ခြိမ့်နှင့် အပြင်ထွက်ခဲ့၏။

သူဗိုက်ဆာနေသည်က အတော်လေးကို ဆိုးရွားနေသည်။

၄

www.burmeseclassic.com

www.burmeseclassic.com



"ဖြည်းဖြည်းစားစမ်းပါ ဇော်သက်ထွန်းရာ၊ မင်းကို အရမ်းအရေးကြီးတဲ့စကားတွေ ပြောချင်လွန်းလို့ တမင်အပြင်ခေါ်ထုတ်လာတာပဲ"

လှိုင်ရင်ဆိုင်ခဲ့ရသည်များကို စုစု မသိစေချင်၍များလား . . . ဟု သူတွေးလိုက်မိသည်။

"မင်းပြောတဲ့အဆင်ပြေတယ်ဆို၊ ပြောစမ်းပါဦး"

"ငါပြောမှာက အလုပ်ကိစ္စမဟုတ်ဘူး၊ အေးလေ အလုပ်အကြောင်းတော့ အရင်ပြောရမှာပေ့ါ"

"မင်းဟာကကွာ အသားလွတ်ရှည်လျားပြနေတာပဲ"

"ငါတို့ အဲဒီအတွက်တော့ ဆယ့်နှစ်နာရီထိုးခါနီးနေပြီ၊ ရုံးပေါ်မှာ စကားပြောနေတဲ့ လှိုင်တော့ မသိဘူး၊ ငါတော့ဖြင့် ဇာခြည်များ ရောက်လာမလားလို့ ကားပေါ်က စောင့်ရင်း စိုးရိမ်နေတာ၊ မင်း အရမ်းတော်တာပဲ၊ ငါတို့ ထွက်လာပြီး လမ်းမှာတင် ဇာခြည့်ကား အပြင်းမောင်းထွက်တာကို တွေ့လိုက်ရတာ"

"အေး သိပ်မချီးမွမ်းနဲ့၊ ငါလည်း အချိန်ဆွဲရင်းကပဲ ပညာကုန် သုံးလိုက်ရတယ်၊ အစကတည်းက ညွတ်ချင်နေတဲ့ ဇာခြည်တော့ ငါ့ကို တန်းတန်းစွဲဖြစ်သွားမှာ သေချာနေပြီကွ သိလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ကောင်၊ မင်းက အချိန်တစ်နာရီသာသာ အတော အတွင်းမှာ ဟိုဒင်းဟိုဟာအထိ ဖြစ်ခဲ့လို့လား"

"ဒီစကားပြောတာတော့ ငါ့သိက္ခာကို သိသိကြီးနဲ့ စော်ကားလိုက်တာပဲ၊ ငါက ပန်းတွေကို ချစ်တုတ်ပြီး ပန်းတွေနဲ့ ကစားတဲ့နေရာမှာ နမ်းရှုံသက်သက်ပဲ ကျင့်သုံးတာ၊ ဘယ်တော့မှ မြေကြီးချပြီး မနင်းခြေတတ်မှန်း မင်းသိရဲ့သားနဲ့ကွာ၊ ငါပညာကုန်သုံးတယ်ဆိုတာက ပွေ့ရှုံနမ်းရှုံလောက်ပါပဲကွာ"

"ငါနောက်တာပါ၊ လှိုင်တို့ရှေ့မှာတော့ ဒီစကားမျိုးတွေ မပြောမိစေနဲ့ဦးနော်၊ မင်းကို တကယ်ပြောမယ့်အကြောင်းက ဘာလဲသိလား"

"မင်းပြောမှ သိမှာပေါ့ကွာ"

"ငါပြန်ရောက်ရောက်ချင်းမှာပဲ လူရှင်းတာနဲ့ ဘယ်လိုဖြစ်မှန်းမသိဘဲ ဖွင့်ပြောလိုက်မိတယ်"

"တကယ် . . . စုစုက ဘာပြောလဲ"

"ငါ့ကို မယုံချင်သလိုပဲ၊ စဉ်းစားမယ်လို့တော့ ပြောတယ်၊ အချိန်အတိုင်းအတာတစ်ခုအထိတော့ သည်းခံစောင့်ပေးဖို့ ပြောတယ် ဇော်သက်ထွန်း"

"အခြေအနေမဆိုးဘူးပေါ့၊ စုစုဆီက အဖြေမရမချင်း



www.burmeseclassic.com

www.burmeseclassic.com



အနေအထိုင်အပြောအဆို ဆင်ခြင်ပေ့ါကွာ၊ ငါနဲ့တွဲနေတော့ မယုံကြည်တာ မဆန်းဘူး”

“လင်းသန့်နဲ့လှိုင်အခြေအနေကိုလည်း ငါသိခဲ့ရတယ် ဇော်သက်ထွန်း”

ဒီစကားတော့ သူ့အတွက် အလွန်အရေးကြီး၏။ သူသိချင်သောအကြောင်းအရာမို့ပင် အပင်ပန်းခံ စုံစမ်းသော အောင်ခြိမ့်ကို ကျေးဇူးတင်မိ၏။

“ပြောစမ်းပါဦး၊ ဘယ်ကနေ ဘယ်လိုများ သိခဲ့တာလဲ အောင်ခြိမ့်”

“စုစုကို အဖြေတောင်းပြီး ပြောစရာစကားက ကုန်သွားတယ်လေ၊ အဲဒါနဲ့ လှိုင်နဲ့လင်းသန့်တို့အနေအထားကို စပ်စုကြည့်တာပဲ၊ ပတ်ဝန်းကျင်က ပြောကြဆိုကြတာတွေက တစ်ခုမှ မဟုတ်ဘူး၊ လှိုင့်အနေနဲ့ လင်းသန့်ကို အလုပ်ထုတ်ပစ်တဲ့အတွက်ရောလှိုင့်မိဘတွေက လင်းသန့်ကို သံယောဇဉ်ဖြစ်နေတဲ့အတွက်ပါ၊ အိမ်ပေါ်ခေါ်တင်ထားတာ၊ သူတို့ချင်း ဘာမှမဖြစ်ကြပါဘူး၊ လှိုင်က လင်းသန့်အပေါ်မှာ မောင်လေးတစ်ယောက်လို သံယောဇဉ်ရှိတာပဲ၊ အဲ . . . လင်းသန့်အနေအထားကတော့ လှိုင့်လိုဖြစ်ချင်မှ ဖြစ်လိမ့်မယ်လို့တော့ စုစု ဝေဖန်သွားတာပဲ၊ သချာတာကတော့ လှိုင်နဲ့

www.burmeseclassic.com

www.burmeseclassic.com



လင်းသန့်က ရိုးရိုးတန်းတန်း အခြေအနေပဲ ရှိသေးတယ် ဇော်သက်ထွန်း”

“ဟာ . . . တကယ်ဝမ်းသာစရာကောင်းတဲ့စကားပဲကွာ”

“ဝမ်းသာမနေနဲ့ဦး မင်းဖုန်းမြည်နေတယ်၊ ကိုင်လိုက်ဦး”

အရေးထဲမှ ဖုန်းကမြည်နေသေး၏။ လှိုင့်ဆီက အဆက်အသွယ်လုပ်တာများလားဆိုပြီး ကောက်ကိုင်မိလိုက်၏။

“ကိုဇော်သက်ထွန်းလား”

“ဟုတ်တယ် လှိုင်၊ အားလုံးအဆင်ပြေရဲ့လား”

“ကိုဇော်သက်ထွန်း သိချင်ရင် ထွက်လာခဲ့လေ၊ တွေ့နေကျဆိုင်လေးကပဲ တစ်ခုခုစားရင် လှိုင်စောင့်နေမယ်၊ အခုချက်ချင်းထွက်ခဲ့နော်”

လှိုင့်ဆီမှ ဖုန်းပိတ်လိုက်ပေမယ့် သူကတော့ ပြောစရာစကားတွေ ကျန်နေသေး၏။

“ဟော့ကောင် . . . ဒါကဘယ်လဲ၊ ငါ့ကိုထားပြီး ဘယ်သွားမှာလဲ”

“မင်းဘာသာကြည့်ပြီး စက်ရုံပြန်တော့၊ ငါတော့ လှိုင့်နောက်ကို လိုက်သွားဦးမယ်”

တစ်ခဏအတွင်းမှာ သူဖြစ်ပျက်သွားပုံကို အောင်ခြိမ့်



www.burmeseclassic.com

www.burmeseclassic.com



နားလည်နိုင်မှာ မဟုတ်ပေ။ လှိုင်နှင့်အမြန်တွေ့ပြီး စကားတွေ ပြောချင်နေတာပဲ သူသိတော့၏။

Q C R

www.burmeseclassic.com

www.burmeseclassic.com

( ၆ )

ဆိုင်ထဲသို့ သူဝင်သွားချိန်မှာ လှိုင်၏စားသောက်ခြင်း လက်စသတ်လိုက်ပုံရသည်။ လှိုင်ကတော့ သူရောက်လာချိန်နှင့် ကိုက်ပြီး သူသောက်နေကျ ကုတ်ဘူးတစ်ဘူးကို အသင့်မှာထား၏။

"လှိုင် စားထားသောက်ထားတာတွေကိုကြည့်ပြီး အံ့သြနေတာလား ကိုဇော်သက်ထွန်း၊ တစ်မနက်ခင်းလုံး ဘာမှ မစားထား မသောက်ထားဘဲ အလုပ်ထဲမှာ အာရုံရှိနေခဲ့တာလေ၊ ကိစ္စတွေ အားလုံးပြီးသွားတော့မှ အားရပါးရစားပစ်လိုက်တာ တော်တော် လေး စားပိုးနင့်သွားတာပဲ"

www.burmeseclassic.com

www.burmeseclassic.com


ရှက်စနိုးဖြင့် ပွင့်လင်းစွာ ပြောလိုက်သော လှိုင့်အမူအရာ လေးကိုက အပြစ်ကင်းစွာ ဖြစ်နေပြန်၏။

"တိုက်ဆိုင်တယ်ပဲ ပြောရမှာပဲ လှိုင်၊ ဇာခြည့်ပြန်ပို့ပြီး ကတည်းက စက်ရုံက အခန်းထဲမှာ ခဏလှဲရင်း အိပ်ပျော်သွားတာ၊ နိုးလာပြီး ဆာဆာလောင်လောင်ရှိလွန်းလို့ အောင်ခြိမ့်နဲ့ အပြင် ထွက်ပြီး စားနေသောက်နေတုန်းမှာ လှိုင့်ဖုန်းဝင်လာတာလေ"

"အဲဒီလိုမှန်း လှိုင်မသိလို့ပါ၊ ကြိုသိခဲ့ရင်တော့ လှိုင်တို့ရဲ့ အောင်မြင်မှုအတွက် ကိုဇော်သက်ထွန်းကို စောင့်ပြီး အတူတူ စား ကြသောက်ကြမှာပေါ့"

"ဒါဆိုရင် ကိုယ့်အစ်မတွေကို လက်ဦးမှုရခဲ့ပြီပေါ့ ဟုတ် လား လှိုင်"

လှိုင့်အပြုံးက အောင်နိုင်မှုအရိပ်အငွေ့တွေကြောင့်ပင် မာန်ပါနေ၏။

"ဒီစာချုပ်ကို ကြည့်လိုက်ပါဦး ကိုဇော်သက်ထွန်း၊ Centre ကြီး တစ်ခုလုံးမှာရှိတဲ့ သံပန်းနဲ့စတိန်းလက်စတီးတွေ တပ်ဆင်ဖို့ အလုပ်သဘောတူစာချုပ်လေ၊ ဇာခြည်ကတော့ ဒီမနက်ခင်းလေး ကျမှ လှိုင်တို့နှစ်ယောက်ပေါင်းစည်းမှုကြောင့် ကြားညပ်သွားတာပေါ့၊ ချိန်းထားတဲ့အချိန်ကို အချိန်မီ ရောက်မလာတဲ့အကြောင်းတစ်ခု

www.burmeseclassic.com

www.burmeseclassic.com


တည်းနဲ့တင် ဇာခြည်တို့နဲ့ အလုပ်မလုပ်နိုင်ဘူးလို့ ဆုံးဖြတ်လိုက်တာပဲ၊ လုပ်ထားတဲ့ပစ္စည်း သေသပ်မှုတို့၊ ကုန်ကျစရိတ်သက်သာမှုတို့ကိုတောင် ဇာခြည်တို့နဲ့ မယှဉ်လိုက်ရဘဲ လှိုင်တို့ လက်ဦးမှုရသွားခဲ့တာလေ”

“အင်း . . . ဇာခြည်ကတော့ အတော်လေး ကံဆိုးတဲ့လူဖြစ်သွားမှာပဲ၊ အခုလောလောဆယ်မှာ မရိပ်မိတောင်မှ ဒီလုပ်ငန်းကို လှိုင်လက်ဦးမှုရသွားပြီဆိုတာ သိလိုက်တာနဲ့ ချက်ချင်း သဘောပေါက်သွားမှာပဲ လှိုင်”

ဇာခြည့်အနေနှင့်တော့ နှစ်ခါကြေကွဲရမည့်ကိန်းပင်။ ပထမဆုံး သူ့အလိမ်အညာတွေကို ဇာခြည် သိသွားမည်။ ပြီးမှ . . . ခုတုံးလုပ်ပြီး သူအသုံးချလိုက်မှန်း သိမှာဖြစ်၏။

“ဘာလဲ . . . ဇာခြည်ကို မဆီမဆိုင် ထိသွားလို့ တွေးပြီးစိတ်မကောင်းဖြစ်နေတာလား ကိုဇော်သက်ထွန်း၊ စီးပွားရေးလောကမှာ အပြိုင်လုပ်ကြပြီဆိုရင် လက်ဦးမှုရယူနိုင်တဲ့သူဟာ အောင်မြင်မှာပဲ၊ စီးပွားရေးသမားဖြစ်နေမှတော့ ဒီလောက်လေး စတေးလိုက်တာကို နောက်ဆံငင်မနေနဲ့”

“စိတ်မကောင်းမဖြစ်ပါဘူး လှိုင်၊ ကိုယ်တို့ရဲ့အခြေအနေထဲကို ဇာခြည်ကိုယ်တိုင်က လည်စင်းပြီး ဝင်လာတာကိုး၊ ကိုယ့်အနေ


www.burmeseclassic.com

www.burmeseclassic.com


နဲ့အသုံးချဦးတော့ သူကိုယ်တိုင် အညာခံချင်တဲ့သူ ဖြစ်နေတာလေ”

“ဇာခြည့်ကိုတော့ ကိုဇော်သက်ထွန်းက တော်တော်လေး ပိုင်တာပဲနော်၊ အရေးကြီးတဲ့အချိန်မျိုးမှာတောင် ကိုဇော်သက်ထွန်း အတွက် အချိန်ပေးနိုင်တယ်၊ အင်းလေ . . . သူလည်း ဒီလိုဖြစ်မယ် လို့ မတွေးခဲ့လို့ပါ၊ သူ့ကို အနိုင်ယူသွားတဲ့ လုပ်ငန်းရှင်ဟာ လှိုင်ဆို တာ သိတာနဲ့ ကိုဇော်သက်ထွန်းရဲ့ ပံ့ပိုးမှုတွေပါနေမှာဆိုတာကို ချက်ချင်းသိကြမှာပဲ၊ ဒီနေ့နေ့မကူးခင်မှာတောင် ဇာခြည်ရော၊ ဒေါ်ခင်သက်ချိုတို့ လင်မယားပါ အကြောင်းစုံသိပြီး ဆွေ့ဆွေ့ခုန် နေကြမှာ သေချာတယ် ကိုဇော်သက်ထွန်း”

“အဲဒါ အရသာအရှိဆုံးပဲ လှိုင်၊ လှိုင့်ကို အကြောင်းမဲ့ ကန်ထုတ်လိုက်တဲ့အတွက်ရော၊ ကိုယ့်ကို အထင်သေးအမြင်သေးကြ တဲ့အတွက်ပါ သူတို့ ခံစားရတာ”

ဆိုင်ထဲမှာ စကားတွေ တစ်ဝကြီးပြောပြီးကြတော့ ပြန်ဖို့ ပြင်လိုက်ကြသည်။

သူ့စိတ်ထဲမှာတော့ လှိုင့်ကို ပြန်ပို့ချင်စိတ် မရှိသေးပေ။ သူ့ရင်ထဲမှာတော့ လှိုင့်ကို ပြောစရာစကားတွေ အများကြီးကျန်နေ သေး၏။

၉

အင်ပါယာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"စက်ရုံပြန်မလားလှိုင် သုံးနာရီဆယ်မိနစ်ရှိနေပြီ"

"လှိုင့်ရင်ထဲမှာ ဝမ်းသာတဲ့စိတ် မပြေချင်သေးဘူး ဖြစ်နေတယ် ကိုဇော်သက်ထွန်း၊ ကိုဇော်သက်ထွန်း ဘာလုပ်ချင်သေးလဲ၊ ဘယ်သွားချင်သေးလဲ"

"ကိုယ့်သဘောပြောရရင်တော့ အေးအေးဆေးဆေးနေနိုင်တဲ့နေရာမျိုးမှာ လှိုင်နဲ့ရောက်တတ်ရာရာ စကားတွေပဲဖြစ်ဖြစ်၊ အလုပ်အကြောင်းတွေပဲဖြစ်ဖြစ် ပြောချင်သေးတယ် လှိုင်"

ကားလေးကို ဦးတည့်ရာမောင်းရင်း သူပြောလိုက်မိသည်။

လှိုင်ကတော့ ဘာမှအဖြေမပေးဘဲ ငြိမ်ငြိမ်လေး လိုက်ပါလာ၏။

မောင်းရင်းနှင့်ပင် ဆူးလေဘုရားကို ပတ်မိပြီးသား ဖြစ်နေပြန်သည်။

ရုပ်ရှင်ရုံဘက်ဆီသို့ ချိုးဝင်လိုက်ပြီး ကားရပ်လိုက်၏။

"ဒီနားမှာ အေးအေးဆေးဆေး ထိုင်စကားပြောလို့ကောင်းတဲ့ ကော်ဖီဆိုင်တစ်ဆိုင်ရှိတယ် လှိုင်၊ အဲယားကွန်းလည်းရှိတော့ အိုက်စပ်စပ်ကြီး ဖြစ်မနေဘူးလေ"

"ကောင်းသားပဲ ကိုဇော်သက်ထွန်း"



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်ရုံနှစ်ရုံရှေ့မှ ကော်ဖီဆိုင်သို့ ဝင်ရင်းကပင် လှိုင်နှင့် အတူတူ ရုပ်ရှင်တစ်ပွဲလောက်ကြည့်ရရင် သိပ်ကောင်းမှာပဲဟု တွေး ဖြစ်သေး၏။

သူသောက်နေကျ ဘရာဇီးကော်ဖီနှစ်ခွက်ကို မှာလိုက် သည်။

"ဒီကော်ဖီမျိုး လှိုင် မသောက်ဖူးတာ အမှန်ပဲ၊ ဘာလဲ ကိုဇော်သက်ထွန်း . . . ကောင်မလေးတွေနဲ့ ရုပ်ရှင်ကြည့်ဖို့ အချိန် လိုသေးတိုင်း ဒီဆိုင်မှာ ထိုင်နေကြ မဟုတ်လား"

ကပ်လျက်ရှိပြီး မြင်နေရသော ရုပ်ရှင်ရုံအတွင်းမှ လူများ ကိုကြည့်ရင်း လှိုင်ပြောလိုက်သည်။

သူ့အနေဖြင့် မကွယ်မထောက်ဘဲ ပြန်ပြောမိ၏။

"လှိုင်ပြောတာကို မငြင်းပါဘူး၊ ဒီဆိုင်မှာ ခဏထိုင်ပြီးတိုင်း အဲဒီမိန်းကလေးနဲ့ ရုပ်ရှင်တစ်ပွဲတော့ အတူကြည့်ဖြစ်တာ ထုံးစံပဲ လေ"

"ဟောတော့ . . . ဒါဆိုခက်ပြီ၊ ဒီဆိုင်မှာ အတူထိုင်မိမှ တော့ လှိုင်လည်း ကိုဇော်သက်ထွန်းနဲ့အတူ ရုပ်ရှင်တစ်ပွဲလိုက်ကြည့် ရတော့မလိုပဲ၊ ဒီလိုမှမဟုတ်ရင် ရှင့်ရဲ့ထုံးစံကိုဖျက်မယ့်သဘောပေါ့ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီကို အရသာခံသောက်ရင်းကပင် လှိုင့်စကားကြောင့် သဘောကျမိသေး၏။ ပြောင်သလို နောက်သလိုဖြင့် သူပြောလိုက်မိသည်။

"ကိုယ့်ဆန္ဒနဲ့ကိုယ့်ပါရမီကို လှိုင်ဖြည့်ချင်တယ်ဆိုရင်တော့ ရုပ်ရှင်တစ်ပွဲလောက်တော့ လှိုင်နဲ့ကြည့်ချင်တယ်၊ ကိုယ်တို့ရဲ့ အောင်မြင်မှုကို အထိမ်းအမှတ်ဖြစ်စေတဲ့သဘောပေါ့ လှိုင်ရယ်"

"လှိုင်ဖြစ်စေချင်တာတွေအတွက် လိုလေသေးမရှိ ကိုဇော်သက်ထွန်း လိုက်လျောခဲ့တယ်၊ အောင်မြင်မှုတွေလည်း တော်တော်လေး ရလိုက်တယ်၊ ပထမဆုံးအနေနဲ့ရော နောက်ဆုံးအနေနဲ့ပါ ကိုဇော်သက်ထွန်း ဖြစ်ချင်တဲ့ဆန္ဒကို လှိုင်ဖြည့်ဆည်းပေးရမှာပေါ့"

"တကယ်လား လှိုင်၊ ဒါဆို ဝင်ကြည့်လိုက်ရအောင် ရုပ်ရှင်ပြနေလောက်ပြီ လှိုင်"

သူပတ်ထားသောနာရီရော လှိုင့်လက်မှနာရီကပါ သုံးနာရီခွဲအချိန်ကို ညွှန်ပြနေ၏။ လှိုင့်စကားကြောင့်ပင် ကလေးတစ်ယောက်ပမာ မြူးတူးပျော်ပါးခဲ့ရသည်ပဲလေ။

၉

အင်ပါယာစာပေ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်တွဲခုံကိုဝယ်ပြီး ရုပ်ရှင်ရုံလှေခါးထစ်များကို တက်လာဖြစ်သည်။ လှိုင်ကတော့ ရသမျှအချိန်လေးမှာပင် ရေသန့်ဘူးနှင့် စားစရာအချို့ကို ဝယ်လိုက်သေးသည်။

ရုပ်ရှင်က ဘာကားမှန်း သူ မသိ။ ရုံထဲကိုဝင်တော့ နမူနာကားတွေ ပြနေတာပဲ သူသိလိုက်၏။

"ဒီနှစ်ယောက်တွဲခုံတွေ ဈေးကြီးတယ်၊ ပြီးတော့ အတွဲတွေထိုင်ကြတာ ကိုဇော်သက်ထွန်း"

ခုံမှာ အတူထိုင်ရင်း လှိုင်ပြောလိုက်မှ သူ့စိတ်ထဲမှာ အားနာသွားမိ၏။

"ဟုတ်ပါရဲ့၊ ကျွန်တော်က အကျင့်ပါနေတာကိုး၊ တကယ်ဆို ရိုးရိုးခုံကို ဝယ်သင့်တာနော်"

"အခုမှတော့ ဘာတတ်နိုင်မှာလဲ၊ ဒီတိုင်း ထိုင်ကြည့်ကြရုံပဲရှိတော့တာပေါ့ ကိုဇော်သက်ထွန်း"

ပိတ်ကားပေါ်မှာ ထင်နေသောပုံရိပ်များကို ခဏသာကြည့်ဖြစ်၏။ ဟောလီးဝုဒ်အထိ ပေါက်ရောက်အောင်မြင်နေသော ဟောင်ကောင်မင်းသားဂျက်ကီချန်း၏ စုံထောက်ဇာတ်ကား။

လှိုင်ကတော့ ဂျက်ကီးချန်း၏ အပြောင်အထေ့တွေပါသော သည်းထိတ်ရင်ဖို လှုပ်ရှားမှုတွေကို နေကြာစေ့ဝါးရင်း ကြည့်

www.burmeseclassic.com

www.burmeseclassic.com



နေ၏။

သူကတော့ ဂျက်ကီချန်းကို မကြည့်ဖြစ်ဘဲ လှိုင့်မျက်နှာလေးကိုသာ ငေးမောကြည့်နေမိသည်။

"ဘယ်လိုဖြစ်တာလဲ ကိုဇော်သက်ထွန်း၊ ကိုဇော်သက်ထွန်းရဲ့ မျက်လုံးတွေက ရုပ်ရှင်မှာမရှိဘဲ လှိုင့်မျက်နှာကိုပဲ ကြည့်နေတာပဲ၊ လှိုင်တော့ ရုပ်ရှင်ကြည့်ဖို့ လိုက်လျှောမိတာ မှားပြီထင်တယ်၊ လှိုင်နဲ့အတူတူ ထိုင်နေရင်းကနေ အရင်မိန်းကလေးတွေနဲ့အတူကြည့်နေကျလို ဖောက်လွဲဖောက်ပြန်စိတ်တွေ ဖြစ်လာပြီနဲ့တူတယ်"

ပွင့်လင်းစွာပြောလိုက်ပေမယ့် လှိုင့်အသံလေးတွေ အဖျားခတ်ပြီး တုန်နေတာကို သတိထားဖြစ်သည်။

အခွင့်အရေး မယူလိုသော်လည်း ရင်ထဲမှဖြစ်လာသော မြတ်နိုးခြင်းကြောင့်ပင် လှိုင့်လက်ဖမိုးလေးကို ကောက်ခါငင်ခါဖြင့် ယူနမ်းလိုက်မိသည်။

"ဒါ ဘာလုပ်တာလဲ ကိုဇော်သက်ထွန်း၊ လှိုင် မကြိုက်ဘူး၊ ပြီးတော့ ကိုဇော်သက်ထွန်းကို လှိုင်ကြောက်လာပြီ၊ ရုပ်ရှင်မပြီး မချင်းနောက်တစ်ခါ ဒီလိုအပြုအမူမျိုး ထပ်မလုပ်မိပါစေနဲ့"

အမိန့်သံဖြင့် တားမြစ်လိုက်သော်လည်း လှိုင့်ပုံသဏ္ဌာန်လေးက ကြောက်စိတ်အရမ်းဝင်နေတာ သိသာနေ၏။

www.burmeseclassic.com

www.burmeseclassic.com



“မလုပ်နဲ့ဆို မလုပ်တော့ပါဘူး လှိုင်၊ ဒါပေမဲ့ လှိုင်နဲ့ ပတ်သက်ပြီး ကိုယ်ပြောချင်တဲ့စကားတွေကိုတော့ ပြောချင်သေးတယ်”

“ရှင် . . . ဘာများ ပြောဦးမှာလဲ”

“ဒီနေရာမှာမျိုးမှာ မပြောသင့်ပေမယ့် ကိုယ့်ရင်ထဲမှာ မထိန်းသိမ်းထားနိုင်လွန်းလို့ ပြောတာပါ လှိုင်၊ အခွင့်အရေးယူတာမျိုးလည်း မဟုတ်ဘူး၊ လှိုင့်ကို မြတ်မြတ်နိုးနိုးနဲ့ ကိုယ်တကယ်ချစ်မိနေတာပါ လှိုင်၊ ကိုယ့်အနေနဲ့ ဘာမြူဆွယ်မှုမှမပါဘဲ ချစ်ခြင်းတရားအသိနဲ့ ပြောနေတာပါ လှိုင်”

“ဒီစကားမျိုးတွေ ပြောဖို့ မသင့်တော်ပါဘူး၊ ဆက်မပြောဖို့ တောင်းပန်ပါတယ်”

သူ ပြောချင်ပေမယ့် နှုတ်တို့ အလိုလိုဆွံ့အသွားမိ၏။ သူ့အပြောအဆို၊ သူ့အပြုအမူကြောင့် လှိုင်စိုးထိတ်နေ၏။

မိန်းကလေးတွေ၏သဘာဝကို သူသိနေသည်။ ဒီအခြေအနေမျိုးမှာ တစ်စုံတစ်ရာ သာယာမှုမျိုးကို သူအတင်းပြုသင့်သည်ပဲ။ ယောကျ်ားတစ်ယောက်နှင့်လက်ပွန်းတတီးနေနိုင်ခဲ့ခြင်း ကင်းသော လှိုင့်အပေါ် သူ နိုင်ထက်စီးနင်း မပြုချင်။

သူ့ချစ်ခြင်းတရားများကို ဘယ်လိုသာယာမှုမျိုးနှင့်မျှ မရောထွေးစေနိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



သူတင်မကဘဲ လှိုင့်မှာ ငြိမ်သက်ပြီး နှုတ်အနေခဲ့သည်။
ရုပ်ရှင်ပြီး၍ လှိုင့်အိမ်ရှိရာသို့ ပြန်ပို့ပေးဖြစ်ခဲ့သည့်တိုင်
နှစ်ယောက်စလုံး စကားတစ်ခွန်းမျှ မပြောဖြစ်ကြတော့ပေ။

Q c R

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

( ၇ )

ညကတစ်ညလုံး ကောင်းကောင်းအိပ်မပျော်ခဲ့သလို၊ မနက်ခင်းကျတော့လည်း စောစီးစွာနိုးနေပြန်၏။

အောင်ခြိမ့်ရောက်လာပါက အသင့်လိုက်နိုင်ရန် ဝီရိယကောင်းပြီး ပြင်ပြင်ဆင်ဆင်လုပ်ထားဖြစ်သည်။

အောင်ခြိမ့်ကတော့ ရောက်နေကျအချိန်မှာပင် ထုံးစံအတိုင်း ရောက်ချလာသည်။

"မနေ့က မင်းတို့နှစ်ယောက် ဘယ်လိုဖြစ်ကြတာလဲ၊ မင်းတို့ ပြန်လာနိုးနိုးနဲ့ ငါနဲ့စုစု ငါးနာရီအထိ စက်ရုံမှာ ဒီတိုင်းကြီး

www.burmeseclassic.com

www.burmeseclassic.com


ထိုင်စောင့်နေခဲ့တာ”

မထင်မှတ်ဘဲဖြစ်ခဲ့သော မနေ့ကအဖြစ်အပျက်များကို အောင်ခြိမ့်အား ပြောပြချင်၏။

ဒီမနက် နှစ်ယောက်သား မျက်နှာချင်းဆိုင်ဖို့ကို သူ့ဘက်က အလိုလိုဝန်လေးနေ၏။

မနေ့က အတူနေကြရင်း ဖီလင်တွေတက်ကာ စိတ်လွန်ကိုယ်လွန်ပြုမူပြောဆိုခဲ့ခြင်းတွေအပေါ် လိပ်ပြာမလုံချင်။

“မင်း ဘာဖြစ်နေတာလဲ ဇော်သက်ထွန်း၊ အိပ်ရေးမဝတဲ့ပုံစံမျိုးနဲ့ ထုံထိုင်းထိုင်းကြီး၊ ဘာစကားမှလည်း မပြောဘူး”

“အေးကွာ . . . ညကလည်း မပျော်တစ်ဝက် ပျော်တစ်ဝက်ပဲ၊ မနက်ကျတော့လည်း အစောကြီးနိုးနေခဲ့တာ”

“လက်ဖက်ရည်တွေဘာတွေသောက်ရင်း မနေ့က တစ်ခုခုဖြစ်ခဲ့တာကို ပြောချင်နေတယ် မဟုတ်လား၊ ငါတို့ လက်ဖက်ရည်သောက်ပြီး စကားပြောဆိုပြီးမှ လှိုင်နဲ့စုစုတို့ကို တစ်ခါတည်းဝင်ခေါ်လိုက်မယ်လေ”

လှိုင်နှင့်မျက်နှာချင်းဆိုင်ဖို့ကိစ္စကို အတော်လေး ဝန်လေးနေမိသည်။

အောင်ခြိမ့်နှင့် လက်ဖက်ရည်ဆိုင် မထိုင်ချင်သလို လှိုင်တို့

www.burmeseclassic.com

www.burmeseclassic.com



ကြိုရာနောက်ကိုလည်း သူ မလိုက်ချင်။

"မင်းကိုပြောချင်တာတွေ ရှိတာတော့ ဟုတ်တယ်၊ အခု လောလောဆယ်တော့ ငါ့ကို စက်ရုံအရင်ပို့ပေး၊ ပြီးမှ . . . မင်း လှိုင်နဲ့စုစုကို သွားခေါ်ပေါ့"

"မနေ့က မင်းတို့ ဘာဖြစ်ခဲ့လို့လဲ"

"လှိုင်ကတောင် မင်းကို ပြောရင်ပြောပြလိမ့်မယ်၊ သူ ငါ့ အပေါ် ဘယ်လိုသဘောထားတယ်ဆိုတာကို နှုတ်အမူအရာ ကိုယ် အမူအရာအားလုံးကို မင်းဂရုစိုက်ခဲ့ပေါ့ အောင်မြိမ့်"

"ငါတော့ မင်းကို တကယ်နားမလည်တော့ဘူး၊ အခု မင်း ပြောချင်လည်း ဒီနေ့ နေမကုန်ခင်တော့ မင်းပြောပြမှာ မဟုတ် လား၊ မင်းပြောမယ့်စကားတွေက ပြဿနာမဖြစ်ပါစေနဲ့လို့ ငါ ဆုတောင်းရမှာပဲ၊ ငါနဲ့စုစုအနေအထားက အတော်လေး ဟုတ်နေ တာ၊ ဒီအခြေအနေမှာ မင်းနဲ့လှိုင်က ပြဿနာတစ်ခုခု ထဖြစ်ကြရင် အခြေအနေက ချက်ချင်း အနှုတ်လက္ခဏာပြသွားမှာပဲ ဇော်သက် ထွန်း"

သူပြုခဲ့သော နှုတ်လွန်ခြေလွန်ဖြစ်ခဲ့ခြင်းတွေကတော့ အောင်မြိမ့်အပေါ် တစ်စုံတစ်ရာ သက်ရောက်မှုရှိနေမှာတော့ သေချာနေ၏။

www.burmeseclassic.com

www.burmeseclassic.com



မနေ့ကကိစ္စနှင့်ပတ်သက်ပြီး တစ်စုံတစ်ရာ အမှားအယွင်း ဖြစ်ခဲ့ရင်တော့ အောင်ခြိမ့်တစ်ယောက် သူ့ကို အပြစ်တင်လို့ဆုံးမှာ မဟုတ်တော့ပေ။

# ၄

မကြာခင်မိနစ်ပိုင်းအတွင်းမှာ လှိုင်နှင့်မျက်နှာချင်းဆိုင်ရ တော့မည်ပဲ။ လှိုင်နှင့်ပတ်သက်ဖြစ်သည့်ကိစ္စတိုင်းသည် သူ့အတွက် တော့ အထူးအဆန်းတွေပင်။ မနေ့ကကိစ္စသည် သူ့ဘဝမှာ သာမန် ပြုမူပြောဆိုနေကျ . . . ဟု ဆိုလို့ရမည်။ လှိုင်နှင့်ပတ်သက်မှ သူ့ လိပ်ပြာတွေ ငယ်ကုန်တာကို အံ့ဩလို့မဆုံး။ စိတ်လှုပ်ရှား၍ . . . အလှအပ အယုအယတို့ကြားမှာ ပျော်ပါးခဲ့သော သူ့အတွက်တော့ ချစ်ခြင်းတရားက အဆိပ်သင့်စေရော့လား။

လှိုင့်အပေါ် တကယ်ချစ်မြတ်နိုးခဲ့တာတော့ ဝန်ခံမိသည်။ ချစ်မိခြင်းနှင့်အတူ လိပ်ပြာငယ်ရခြင်း၊ ကြောင့်ကြရခြင်းတို့ ရင်မှာ အလိုလိုဖြစ်ခဲ့သည်လေ။ စက်ရုံအတွင်းသို့ ကားလေးဝင်လာသည်ကို လှမ်းမြင်လိုက်ကတည်းက သူနေလို့ ထိုင်လို့မရတော့ပေ။

လှိုင်တို့ ဝင်လာမည်ကို ရင်မဆိုင်ရဲသောကြောင့်ပင်



www.burmeseclassic.com

www.burmeseclassic.com



စာရင်းဇယားများကို အကြောင်းမဲ့လှန်ကြည့်နေမိသည်။

"ဇော်သက်ထွန်း"

ခြေသံတွေကို သရုပ်မခွဲမိသော်လည်း အခန်းအတွင်းသို့ ရောက်လာကြပြီဆိုတာတော့ သိလိုက်သည်။

အရေးထဲမှာ . . . အောင်ခြိမ့်ခေါ်သံက လေသံမာနေပြန်၏။

"ဘာလဲ အောင်ခြိမ့်"

"ငါတို့ အပြင်သွားပြီး လက်ဖက်ရည်ထွက်သောက်ရအောင်"

အောင်ခြိမ့်လေသံ၊ စာအုပ်တွေ ရွှေ့သံတွေကိုသာ အာရုံထားနေမိသည်။

သူ့အကြည့်တွေကို စာရွက်တွေဆီမှ ခွာလိုက်ချိန်မှာတော့ အခန်းအတွင်းမှာ စုစုနှင့်အောင်ခြိမ့်တို့နှစ်ယောက်သာ ရှိနေကြ၏။

"လှိုင်ရော စုစု"

"မနေ့ညနေပိုင်းက သူ့အဖေ မူးလဲလို့ ဒီမနက်ဆေးရုံတင်ဖြစ်ရင်တောင် တင်ဖြစ်မယ်ထင်တယ်၊ အဲဒီကိစ္စတွေပြီးမှ ခဏလောက်တော့ လှည့်ဝင်လာမယ်ပြောတယ် ကိုဇော်သက်ထွန်း"

ပညာသားပါပါဖြင့် သူ့ကို ရှောင်လွှဲပြီ . . . ဟု ———းလည်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ လှိုင့်ဖခင်၏အခြေအနေကိုတော့ အောင်ခြိမ့်ကိုပဲ မေးတော့မည် . . . ဟု စိတ်ကူးလိုက်ပြီး အပြင်ထွက်ဖြစ်ခဲ့သည်။

င

"ငါက စုစုကို ရွှေပိုင်းမှာ ပျိုးထားခဲ့တာတွေက အများကြီးပဲ ဇော်သက်ထွန်း၊ ချက်ချင်းကြီး ဆိုင်းမဆင့်ဗုံးမဆင့် ဖွင့်ပြောတာမဟုတ်ဘူး၊ မင်းလုပ်ပုံက အသားလွတ်ကြီးကွာ၊ ရုပ်ရှင်ရုံထဲမှာ လှိုင့်လက်ကို အတင်းဆွဲနမ်းပြီး ချစ်တယ်လို့ ပြောခဲ့တာဆို"

"ဟုတ်တယ်ကွာ၊ ငါကလည်း သူနဲ့ရုပ်ရှင် အတူတူကြည့်ဖြစ်လိမ့်မယ်လို့ မထင်ထားခဲ့တာလေ၊ ရုပ်ရှင်ရုံထဲရောက်တော့ လှိုင့်မျက်နှာကို အနီးကပ် တစိမ့်စိမ့်ကြည့်ရင်းက နေမရထိုင်မရဖြစ်သွားခဲ့တာပဲ အောင်ခြိမ့်"

"မင်းလုပ်ပုံက ရင်ထဲက မပါတဲ့အတိုင်းပဲ၊ အရင်အဖြစ်အပျက်တွေလိုပဲ လှိုင့်ရဲ့အခွင့်အရေးတစ်ခုပေးမှုအပေါ်မှာ အပြည့်အဝ အသုံးချလိုက်သလိုမျိုးကြီး ဖြစ်နေတာပေါ့၊ ခွင်ကြုံတာနဲ့ မင်းလက်တည့်စမ်းလိုက်တာလို့ လှိုင်ရော စုစုပါ စွပ်စွဲနေတာ၊ မင်းနဲ့ရုပ်ရှင်ကြည့်မိတာကို အမှားပါလို့ လှိုင် နောင်တရနေတယ်၊ မင်း

www.burmeseclassic.com

www.burmeseclassic.com



လုပ်တာကိုင်တာ အရမ်းလောသွားတယ်”

“မင်းက ဝင်ပြီး ငါ့ဘာဖြစ်နေခဲ့တယ်ဆိုတာကို မရှင်းပြဘူးလား၊ သက်သေမခံဘူးလား အောင်ခြိမ့်”

“အေး အခုအခြေအနေမှာ မင်းဘက်က ရှေ့နေလိုက်ခဲ့ရင် ငါပါ မင်းနဲ့ တစ်ဂိုဏ်းတည်းဖြစ်သွားလိမ့်မယ်၊ မင်းအနေနဲ့ အလုပ်သင့်ဆုံးက ပြောခဲ့လုပ်ခဲ့မိတာတွေကို သွားမတောင်းပန်မိစေနဲ့၊ ဒီတိုင်းပဲ ထားလိုက်တော့၊ နေမြဲတိုင်း နေထိုင်ရင်းကပဲ တဖြည်းဖြည်း အယုံသွင်းရတော့မှာပဲ ဇော်သက်ထွန်း၊ မင်းအနေနဲ့ အနေအထိုင် အပြောအဆိုဆက်မှားတာနဲ့ လှိုင့်အနေနဲ့ အလုပ်က ထွက်ဖို့တောင် စဉ်းရင်စဉ်းစားမှာလို့ စုစုက ပြောတယ်၊ ငါ့အနေနဲ့လည်း အနေအထိုင်ဆင်ခြင်ရတော့မယ်၊ မင်းနဲ့ငါက တစ်ရက်တည်းမှာ နာရီခြားပြီး သူတို့နှစ်ယောက်ကို လက်တည့်စမ်းလိုက်သလို ဖြစ်သွားတာလေ”

တရားကျစရာတော့ ကောင်းနေသေး၏။ အခုဖြစ်ပျက်ခဲ့သည့်ကိစ္စမျိုးက အရင်အခြေအနေမှာဆိုရင်တော့ ခေါင်းထဲထည့်ဖြစ်မှာ မဟုတ်။ တကယ့်ကို သေးသေးမွှားမွှား အဖြစ်အပျက်ပင်။

အခုတော့ကျမှာ လှိုင်နှင့်ပတ်သက်ပြီး အရေးတကြီးလုပ်ကာ အောင်ခြိမ့်၏တရားဟောခြင်းတွေကို ကလေးငယ်တစ်ဦးလို



www.burmeseclassic.com

www.burmeseclassic.com



နားထောင်နေဖြစ်သည်ပဲလေ။

## ၄

သူတို့သုံးယောက် ထမင်းစားသောက်ပြီးချိန်မှာတော့ စက်ရုံသို့ လှိုင်ရောက်လာသည်။ လှိုင့်ကိုမြင်သည်နှင့် အရင်ကလို သူ နှုတ်မသွက်ဖြစ်။ စုစုကတော့ လှိုင့်ဖခင်၏ကျန်းမာရေးအခြေ အနေကို တန်းမေး၏။

"ဦးလေးအခြေအနေ ဘယ်လိုနေသေးလဲ"

"အားလုံးသေသေချာချာ စစ်ဆေးကြည့်တော့ နှလုံးသွေး ကြောပိတ်တာတဲ့၊ အခုလောလောဆယ်မှာ ဆရာဝန်တွေကတော့ ကြိုးစားကုနေကြတယ်"

"ဒါနဲ့များ ဦးလေးအနားမှာနေတာ မဟုတ်ဘူး၊ ငါပြောပြ ထားပြီးသားပါဟာ၊ ကိုဇော်သက်ထွန်းလည်း သိနေတာပဲ"

"မဟုတ်ဘူး စုစု၊ စက်ရုံအလုပ်ထက် ဆိုက်ထဲက ပစ္စည်း စာရင်းတွေ ဒီဇိုင်းစာရွက်တွေ ကိုဇော်သက်ထွန်းနောက်ကို ပါသွား လို့၊ ဒါတွေကိုယူပြီး ငါ ဒီနေ့ သွားပေးရမယ်လေ၊ အဲဒီကိစ္စကြောင့် ခဏလေးထွက်လာတာ"

www.burmeseclassic.com

အင်ပါယာတာဒီ

www.burmeseclassic.com



"အလုပ်တွေကို ဖြစ်နိုင်မယ်ဆိုရင် အောင်ခြိမ့်ကို ခိုင်းပါလိုင်၊ ပြီးတော့ အောင်ခြိမ့်ကို ကားနဲ့အတူ လှိုင်သာ အရေးပေါ်ခေါ်ထားလိုက်ပါ"

သူ့မှာ ပြောချင်တာတွေ ကျန်နေသေးသော်လည်း ဟန်းဖုန်းက ကောက်ခါငင်ခါထမြည်လိုက်သောကြောင့် ခဏရပ်ထားလိုက်သည်။

"ဟဲလို . . . အမိန့်ရှိပါ"

"ကိုဇော် . . . ဇာခြည်ပါ၊ ကိုဇော်နဲ့ တွေ့ချင်လို့ စက်ရုံရှေ့ကနေ ဖုန်းလှမ်းဆက်နေတာ"

လူတွေရှေ့မှာမို့ သူဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။ စက်ရုံအပြင်ကို မျှော်ကြည့်လိုက်တော့လည်း ဇာခြည့်ကား ရပ်ထားတာကို တွေ့ရ၏။

"နောက်နေ့မှတွေ့လို့ မဖြစ်ဘူးလား ဇာခြည်၊ ကိုဇော့်မှာ အရေးပေါ်ကိစ္စတစ်ခု ရှိနေလို့ပါ၊ ကိုဇော်အားတဲ့အခါ ဇာခြည့်ဆီ ဖုန်းလှမ်းဆက်ပါ့မယ်"

"ကိုဇော့်ကို ရန်တွေ့မလို့ မဟုတ်ပါဘူး၊ ခဏလေးဖြစ်ဖြစ် ထွက်ခဲ့ပါ ကိုဇော်၊ စကားတစ်ခွန်းနှစ်ခွန်း ပြောရုံတင်ပါ"

ဖုန်းဆက်နေသူမှာ ဇာခြည်မှန်း အားလုံးသိကြမည်။ သူ့



www.burmeseclassic.com

www.burmeseclassic.com



အကျပ်အတည်းကို လှိုင်ကပင် ဝင်ပြောလိုက်၏။ လှိုင့်အသံတွေ ဖုန်းထဲမဝင်အောင် လက်ဖြင့် အုပ်ထားမိသည်။

"သွားတွေ့လိုက်ပါ ကိုဇော်သက်ထွန်း"

လှိုင့်၏စကားကြောင့်ပင် ဇာခြည့်အား တွေ့ခွင့်ပေးလိုက်မိသည်။

"ဒါဆိုလည်း . . . အခု ကိုဇော် ထွက်လာခဲ့မယ် ဇာခြည်"

သူ့ကတိစကားကြောင့်ပင် ဇာခြည် ဖုန်းပိတ်လိုက်သည်။

"ဇာခြည်က စက်ရုံရှေ့ရောက်နေတာ၊ လှိုင်ရော အောင်ခြိမ့်တို့ပါ ငါ့ကို ခဏလေးစောင့်ပေး၊ ဇာခြည်နဲ့ပြောပြီးဆိုပြီးတာနဲ့ ဆေးရုံကို တစ်ခါတည်း လိုက်ခဲ့မယ်"

အားလုံးကို ခြုံပြောလိုက်သလို ပြောလိုက်ပြီး စက်ရုံရှေ့သို့ သူအပြေးထွက်လာခဲ့သည်။ ဇာခြည့်ကိစ္စကိုတော့ အခုရှုပ်မှ နောင်ရှင်းဆိုသလို ပြတ်ပြတ်သားသားရှင်းမည် . . . ဟု ဆုံးဖြတ်ပြီး ထွက်လာဖြစ်သည်။

## ၄

"မနေ့ကကိစ္စမှာ ကိုဇော်ပါ ပူးပေါင်းကြံစည်ခဲ့တာပေါ့

www.burmeseclassic.com

www.burmeseclassic.com



နော်၊ မေမိုးက အတော်လျှင်ပြီး ပါနပ်လွန်းတဲ့ မိန်းမတစ်ယောက်ပဲ၊ အလုပ်ကို လက်ဦးမှုရအောင် ယူတတ်ရုံတင်မကဘူး၊ ကိုဇော့်ကိုပါ တစ်ချက်ခုတ်နှစ်ချက်ပြတ်ဆိုသလို သိမ်းသွင်းပြလိုက်တာ မဟုတ်လားဟင်"

"လှိုင့်ကိုချည်း အပြစ်တင်မနေနဲ့ ဇာခြည်၊ ဒီအစီအစဉ်တွေမှာ ကိုဇော့်အကြံအစည်တွေ အများကြီးပါနေခဲ့တာ၊ အဓိက, ကတော့ကွာ ကိုယ့်အစ်မနဲ့မင်းဦးလေးကို တမင်အထိနာအောင် ပူးပေါင်းကြံစည်ခဲ့တာပဲ ဇာခြည်"

"ဒီအလုပ်ကိစ္စမှာ ထားလိုက်ပါ၊ ဇာခြည့်မှာ အပြစ်ရှိတယ်ဆိုပေမယ့် ပြဿနာမဟုတ်ဘူး၊ အခုပြဿနာကို ဇာခြည်ကြောင့်လို့ လေးလေးတို့ မမြင်ဘူး၊ လေးလေးတို့ရဲ့ မဟာရန်သူဟာ မေမိုးလှိုင်ဖြစ်သွားပြီ၊ ဒါနဲ့ မနေ့က ဇာခြည့်ကို တမင်လှည့်ဖြားပြီး ကိုဇော်ပြုမူခဲ့တာပေါ့နော်"

"ဒီလိုပဲ ပြောရမှာပဲ ဇာခြည်"

"ကောင်းပြီ ကိုဇော်၊ ကိုဇော် မြဲမြဲမှတ်ထားပါ အဲဒီလိုလှည့်ဖျားတဲ့ မာယာတွေကို ဇာခြည်က အမျက်မသင့်ဘဲ မက်မောနေခဲ့မယ်ဆိုရင်ရော ကိုဇော်"

"ဒါက ဇာခြည့်အပိုင်းပဲလေ၊ ကိုဇော်ကတော့ အပြစ်

www.burmeseclassic.com

www.burmeseclassic.com



အပျက်တွေကို ပွင့်လင်းစွာ ပြောခဲ့ပြီးပြီပဲ”

“ကိုဇော်ကို ဇာခြည်မေ့လို့ရမှာ မဟုတ်ဘူး၊ ပြီးတော့ ကိုဇော်ကို ပိုင်ဆိုင်နိုင်အောင် စက္ကန့်နဲ့အမျှ ဇာခြည် ကြိုးစားနေမယ်၊ ဇာခြည်ပြောချင်တာ ဒါပဲ ကိုဇော်၊ ကိုဇော် အလုပ်တွေများနေရင် လည်း သွားတော့လေ၊ ဇာခြည်ကတော့ ကိုဇော်နဲ့ လုံးဝဆက်သွယ် နေဦးမှာပဲ၊ ကိုဇော်ကပဲ ပြေးနိုင်မလား၊ ဇာခြည်ကပဲ လိုက်နိုင်မလား ဆိုတာကို ဆက်ကြည့်ကြတာပေါ့၊ ကိုဇော် မှတ်ထားပါ၊ ကိုဇော်ဟာ မေမိုးလှိုင်အတွက် လုံးဝမဖြစ်စေရဘူး၊ ဇာခြည့်အတွက်ပဲ ဖြစ်နေ စေရမယ် ကိုဇော်”

ဇာခြည့်နှုတ်ဖျားမှ ဒီစကားမျိုးတွေ ကြားရလိမ့်မည် . . . ဟု သူ မထင်ထားဖြစ်ပေ။ ဇာခြည့်စကားတွေကို နားထောင်ပြီး သူ ငိုင်သွားတာကိုတော့ ဝန်ခံရပေမည်။

ဇာခြည်တစ်ယောက်ကတော့ ပြောချင်တာတွေကို လက်ဦး မှုရအောင် ပြောပြီးသည်နှင့် ကားမောင်းပြီး ထွက်သွားတော့၏။

သူနှင့်ဇာခြည်တို့နှစ်ယောက်၏ လှုပ်ရှားမှုတွေကို စက်ရုံထဲ မှနေပြီး လှိုင်တို့တစ်တွေ ကြည့်နေကြမှာ သေချာသည်ပဲလေ။

Q C R

www.burmeseclassic.com

www.burmeseclassic.com

# ( ၈ )

ဖခင်ဖြစ်သူ အသည်းအသန်ဖြစ်နေချိန်မှာပင် လှိုင်ကတော့ သူမ, လုပ်ရမည့် အလုပ်များကို ပစ်ပယ်ထားခြင်းမရှိပေ။

သူနှင့်စုစုကို ဆေးရုံမှာ ချထားပေးပြီး အောင်ခြိမ့်နှင့်အတူ အလုပ်ရှိရာသို့ ထွက်သွားဖို့ပြင်၏။

"လှိုင် . . . ဒီအချိန်အခါမျိုးမှာ လှိုင့်အနေနဲ့ အဖေလုပ်သူ အနားမှာပဲ ရှိနေသင့်တယ်"

"မဖြစ်ဘူး ကိုဇော်သက်ထွန်း၊ လှိုင့်ဆီက စာရွက်စာတန်းတွေကို သွားပို့မှဖြစ်မယ်၊ ဒါတွေမရှိရင် တမင်သက်သက် တစ်ရက်

www.burmeseclassic.com

www.burmeseclassic.com



ပုပ်သွားမှာ၊ သိပ်ကြာမှာ မဟုတ်ပါဘူး ကိုဇော်သက်ထွန်း”

သူကိုယ်တိုင် တားမရမှန်း သိနေမှတော့ ကျန်တဲ့သူတွေက လည်း လှိုင့်ကို ဝင်မပြောဖြစ်ကြတော့ပေ။

“သမီးလေးက သိပ်မကြာဘူး မဟုတ်လားဟင်”

“မကြာဘူး မေမေ၊ ကားနဲ့သွားပြီး ကားနဲ့ပြန်မှာပဲ၊ ဒီမှာ အားလုံးလည်း ရှိနေကြတာပဲ”

“မြန်မြန်တော့ ပြန်လာခဲ့နော် မမေမိုး၊ ဦးရဲ့အခြေအနေ က ဘာမှပြောလို့ရသေးတာ မဟုတ်ဘူး”

လင်းသန့်တစ်ယောက်ကတော့ ဆေးတွေဝယ်ပြီး ပြန်လာ ခိုက်မှာပင် လှိုင့်ကို မှာဖြစ်အောင် မှာနေလိုက်သေး၏။

“လင်းသန့်ရေ . . . ဖေဖေအတွက်ရော ကိုဇော်သက်ထွန်း ကိုပါ နင်ပဲ တာဝန်ယူလိုက်ပါဦးဟာ”

လှိုင်ကတော့ စကားတွေကို အမြန်ဖြတ်ပြီး အောင်ခြိမ့်နှင့် အတူ ထွက်သွားလေတော့သည်။

“ဒေါ်ဒေါ် . . . ဒါ မမေမိုးတို့ရဲ့ အလုပ်ရှင် ကိုဇော်သက် ထွန်းလေ”

လှိုင့်မိခင်ဖြစ်သူနှင့်သူ့ကို လင်းသန့်ကပင် မိတ်ဆက်ပေး ၏။

www.burmeseclassic.com

www.burmeseclassic.com


"အေးကွယ် အိမ်ကို အပို့အကြိုလုပ်တုန်းက ပါပါလာတာကို မြင်ရတွေ့ရပေမယ့် အခုချိန်ကျမှပဲ လူချင်းအေးအေးဆေးဆေး တွေ့ဖြစ်တာပါပဲ"

"ဟုတ်ပါတယ် ဒေါ်ဒေါ်၊ ကျွန်တော်တို့လည်း ဒီမနက်မှ အကျိုးအကြောင်း သိရတာ၊ ဖြစ်ကတည်းက လှိုင့်ဖုန်းလှမ်းဆက် သင့်တာ၊ ကျွန်တော်တို့ရောက်လာမှတော့ ဘာမှအားငယ်မနေပါနဲ့ ဒေါ်ဒေါ်"

"အေးကွယ် ရုတ်တရက်ကြီး ကောက်ခါငင်ခါ ထဖြစ်တော့ ဒေါ်ဒေါ်တို့လည်း ဘာမှမလုပ်တတ်ကြဘူး၊ မောင်လင်းသန့်ကိုပဲ အားကိုးနေကြရတာ၊ မနေ့ညကတည်းက မောင်လင်းသန့်လည်း မနားရသေးပါဘူး"

လှိုင့်ဖေဖေကတော့ အရေးပေါ်အခန်းထဲမှာပင် ဆေးဝါးကုသမှုခံနေရ၏။ စက်ကိရိယာအစုံအလင်နှင့် ဆရာဝန်များက အပူတပြင်း ကြိုးစားနေကြ၏။ အခန်းအတွင်းသို့ ဝင်ခွင့်မရကြသောကြောင့် အပြင်မှာပင် သူတို့အားလုံး ရင်မ,နေကြရ၏။

၈

www.burmeseclassic.com
အင်ကြင်းတောင်

www.burmeseclassic.com



စုစုနှင့် လှိုင့်မေမေ့ကို ခဏထားရစ်ပြီး လက်ဖက်ရည်ဆိုင်းသောက်ဖို့ လင်းသန့်ပြောလာသည်။ လူနာနှင့်ပတ်သက်ပြီး အခြေအနေမှန်ကိုတော့ လင်းသန့်သိနိုင်မည်ဟု ယူဆပြီး မေးမြန်းကြည့်ဖို့ သူလိုက်ခဲ့မိသည်။

“လူနာအခြေအနေက ဘယ်လိုလဲ လင်းသန့်”

“အဲဒီအကြောင်းပြောချင်လို့ ကိုဇော်သက်ထွန်းကို တမင်ခေါ်ထုတ်လာတာပဲ၊ တကယ်ဆို ဒီနာရီပိုင်းအတွင်းမှာ မမေမိုးရှိနေသင့်တယ်၊ တစ်စုံတစ်ခုများ အလွဲလွဲအချော်ချော်ဖြစ်သွားရင် ဦးလေးအသက်ထွက်တာကို မမေမိုး မီမှာမဟုတ်ဘူး ကိုဇော်သက်ထွန်း”

“ဒီလောက်တောင် အခြေအနေဆိုးတာလား၊ ဒီလိုမှန်းကြိုသိရင် ကိုယ့်အနေနဲ့ လှိုင့်ကို ပေးမလွှတ်ပါဘူး”

“ကိုဇော်သက်ထွန်း အတင်းတားလည်း မမေမိုးက ရမှာမဟုတ်ဘူး၊ မမေမိုးစိတ်ကို ကျွန်တော် အသိဆုံးပဲ၊ အခုလုပ်နေတဲ့အလုပ်အပေါ်မှာ အနိုင်ရလိုစိတ် အရမ်းကြီးနေတာ”

“အင်းလေ . . . ကိုယ့်အစ်မတွေအပေါ်မှာ လှိုင်နာမယ်ဆိုလည်း နာသင့်ပါတယ်၊ ဒီအလုပ်ကို သူဂရုစိုက်လွန်းတာ သဘာဝတော့ ကျတယ်၊ လှိုင်တို့မိသားစုလေးအနားမှာ လင်းသန့်ရှိနေတာ



www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းတယ်လို့ ပြောရမှာပဲ”

“ကျွန်တော့်အနေနဲ့ကလည်း မမေမိုးတို့မိသားစုလေးကိုပဲ ကျွန်တော့်မိသားစုလို စိတ်ထဲမှာ အမြဲအောက်မေ့ပြီး အသေးအဖွဲ ကိစ္စလေးကအစ ဂရုတစိုက် အမြဲရှိနေခဲ့တာပါ”

ပတ်ဝန်းကျင်ကတော့ လင်းသန့်နှင့်လှိုင်တို့ကို သားပုပ် လေလွင့် ရစရာမရှိအောင် ပြောဆိုနေကြတာကို သူအသိဆုံး။

လင်းသန့်နှင့်ဆုံဖူးတွေ့ဖူးကြပေမယ့် ခရီးသွားဟန်လွဲ သဘောမျိုးသာရှိခဲ့၏။ အခုလိုအချိန်မျိုးကြမှ လင်းသန့်နှင့် ရင်းရင်း နှီးနှီးစကားပြောဖြစ်ကြတော့သည်။

“သံယောဇဉ်ဆိုတာကလည်း အပြောရခက်ပါတယ်၊ လှိုင်နဲ့ ပတ်သက်ပြီး အလုပ်ကိစ္စအတွက် ရင်းနှီးဆက်ဆံခဲ့တယ်၊ လှိုင်ဖြစ် ချင်တာတွေကို ကိုယ့်အနေနဲ့ တတ်စွမ်းသမျှ လိုက်လျောခဲ့ဖြစ်တယ်၊ တကယ်ဆို လင်းသန့်ထက် အများကြီးနောက်ကျပြီးမှ လှိုင်နဲ့သံယော ဇဉ်ဖြစ်ပြီး ရင်းနှီးခွင့်ရခဲ့တာပါ၊ လှိုင်တို့မိသားစုလေးအပေါ် အရေး ပေးပြီး စောင့်ရှောက်ခဲ့တာတွေအတွက် လင်းသန့်ကို ကိုယ်ချီးကျူး လေးစားနေမိပါတယ်”

“ဒေါ်ခင်သက်ချိုနဲ့ မောင်နှမအရင်းဆိုပေမယ့် ကိုကျော် သက်ထွန်းကိုတော့ ကျွန်တော် လေးစားမိတယ်၊ မမေမိုးကို အရေး



www.burmeseclassic.com

www.burmeseclassic.com



တယူနဲ့ နေရာပေးတဲ့အတွက်ရော ပြီးတော့ မမေမိုးဖြစ်ချင်တာတွေကို ပံ့ပိုးပေးတဲ့အတွက်ရောပေါ့၊ ကျွန်တော် မမေမိုးအတွက် တစ်ခုပဲ အထူးစိုးရိမ်တယ် ကိုဇော်သက်ထွန်း”

သူနှင့်ပတ်သက်ပြီး ပြောချင်သောစကား . . . ဟု နားလည်လိုက်မိသည်။

“ဘာများစိုးရိမ်စရာရှိနေလို့လဲ လင်းသန့်”

“တခြား မဟုတ်ပါဘူး၊ အရင်တုန်းကဆိုရင် မမေမိုးရဲ့ စိတ်ဟာ အလွန်သန့်ရှင်းနေခဲ့တယ်၊ လူတွေအပေါ်မှာ အမြဲလို ခွင့်လွှတ်တတ်ပြီး အကောင်းမြင်တတ်တဲ့ မိန်းမတစ်ယောက်ပါ၊ ကျွန်တော့်ကိစ္စနဲ့ပတ်သက်ပြီး မမေမိုး အလုပ်ထုတ်ခံပြီးကတည်းက အဲဒီစိတ်တွေက တစ်မျိုးအဓိပ္ပာယ် ဖြစ်သွားတယ်၊ ဒေါ်ခင်သက်ချိုနဲ့ ဦးတင်မြင့်တို့ကို အနိုင်ရလိုမှုမီးတွေ မမေမိုးဆီမှာ တအုံနွေးနွေး လောင်ကျွမ်းနေတာ၊ အခုလည်း ဒေါ်ခင်သက်ချိုတို့အလုပ်ကို ထိုးနှက်ပြီး အနိုင်ယူဖို့ ကြိုးစားနေတယ်၊ ကိုဇော်သက်ထွန်းနဲ့ ဒေါ်ခင်သက်ချိုတို့က မောင်နှမအရင်းတွေ မဟုတ်လား၊ မမေမိုး အနေနဲ့ လုပ်ရင်းကိုင်ရင်းကနေ လွန်လွန်ကျူးကျူးတွေ ဖြစ်လာခဲ့ရင် ကိုဇော်သက်ထွန်း ငြိငြင်မှာကို ကျွန်တော် အရမ်းစိုးရိမ်မိတယ်”

သံယောဇဉ်ထက်မကသောကြိုးတွေကြောင့်သာ လင်းသန့်

www.burmeseclassic.com



စိတ်ခုနေခြင်းဟု သူနားလည်လိုက်သည်။

"လှိုင်လုပ်တာမှန်သမျှကို တရားနည်းကျလိမ့်မယ်လို့ ကိုယ်အမြဲတမ်းမှတ်ယူထားတယ် လင်းသန့်၊ လှိုင့်အပေါ် ကိုယ်ငြိုငြင်ဖို့ဆိုတဲ့ကိစ္စက မဖြစ်နိုင်ဆုံးပါပဲ၊ ဒီအတွက်တော့ ရဲရဲကြီး ကိုယ်ကတိပေးပါတယ်"

"မမေမိုးနဲ့ပတ်သက်ပြီး ဒီစကားမျိုး ကြားရတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ"

"နေပါဦး လင်းသန့်၊ အခုမေးမယ့်မေးခွန်းက မမေးသင့်မှန်း ကိုယ်သိတယ်၊ လင်းသန့်ကို ညီလိုသဘောထားပြီး ကိုယ့်ကိုမေးခွင့်ပြုမလား"

"မေးပါ ကိုဇော်သက်ထွန်း"

"တခြားတော့ မဟုတ်ဘူး လင်းသန့်၊ ပတ်ဝန်းကျင်က လင်းသန့်နဲ့လှိုင်တို့အနေအထားကို ပြောကြဆိုကြတာနဲ့ ပတ်သက်လို့ပါ၊ ဒီစကားတွေကို လင်းသန့်လည်း သိမှာပါ၊ ကိုယ်သိချင်တာက လင်းသန့်အနေနဲ့ လှိုင့်အပေါ်မှာ အစ်မတစ်ယောက်လိုမျိုး သံယောဇဉ်ထက် ပို မပိုဆိုတာပါပဲ"

"ကိုဇော်သက်ထွန်းနှုတ်က ဒီမေးခွန်းမျိုး မေးလိမ့်မယ်လို့ထင်မထားတာ အမှန်ပဲဗျာ၊ တကယ့်ကို ဖြေရခက်တဲ့ မေးခွန်းမျိုး

www.burmeseclassic.com



ပါပဲ”

“မဖြေနိုင်ဘူးဆိုတဲ့သဘောလား လင်းသန့်”

မရည်ရွယ်ပါဘဲနှင့် လင်းသန့်၏စိတ်ကို ဆွပေးနေဖြစ်ပြန်သည်။

“ညီလိုသဘောထားတယ်ဆိုမှတော့ ဖြေရမှာပေါ့ဗျာ၊ ဒါပေမဲ့ ဒီစကားတွေကိုတော့ မမေမိုး သိလို့မဖြစ်ဘူး”

“စိတ်ချပါ လင်းသန့်၊ ကိုယ်က ယောကျ်ားတစ်ယောက်ပါ”

“ကျွန်တော့်ဘက်ကသာ ဖြစ်နေရတာပါ၊ မမေမိုးကတော့ တကယ့်ကို ဖြူဖြူစင်စင်ပါပဲ၊ မရှက်စတမ်း မကြောက်စတမ်း ပြောရရင်တော့ အစ်မတစ်ယောက်လို သံယောဇဉ်မျိုးထက်တော့ ပိုတာ အမှန်ပါပဲ၊ ကျွန်တော် မမေမိုးကို နှစ်ပေါင်းများစွာကတည်းက တိတ်တခိုးနဲ့ စွဲလမ်းပြီး ချစ်မြတ်နိုးနေမိတာပါ ကိုဇော်သက်ထွန်း၊ ဒါပေမဲ့ ကျွန်တော့်အချစ်ကြောင့်တော့ မမေမိုး စိတ်ညစ်ညူးမှု မဖြစ်စေရဘူး၊ ဘယ်အချိန်မှာပဲဖြစ်ဖြစ် မမေမိုး ပျော်ရွှင်နေတာ ကိုပဲ မြင်ချင်တွေ့ချင်သူပါဗျာ”

လင်းသန့်စကားတွေကတော့ သူ့ရင်ကို ဖမ်းစားနိုင်တာတော့ သေချာနေ၏။

လင်းသန့်စိတ်ကို ဖုံးဖိမရအောင် ဖြစ်ပေမယ့် သူ့စိတ်ကို

www.burmeseclassic.com

အင်ပါယာစာပေ

www.burmeseclassic.com



တော့ လှစ်ဟာမပြုဖြစ်ခဲ့ပေ။

လှိုင်နှင့်အောင်ခြိမ့်တို့ စီးလာသောကားလေး ဒီထက် နည်းနည်းနောက်ကျခဲ့ရင်တော့ လှိုင့်အပေါ်ထားသော မေတ္တာတရားကို လင်းသန့် ကြားနာရမှာ သေချာနေပြန်၏။

"ဟော . . . မမေမိုးတို့တောင် ပြန်လာကြပြီ ကိုဇော်သက်ထွန်း"

ကျသင့်ငွေကိုရှင်းပြီး လှိုင်တို့နောက်ကို အမီလိုက်ခဲ့၏။

လှိုင့်ဖေဖေရှိရာ အခန်းရှေ့သို့ ရောက်ခါနီးမှာပင် မထင်မှတ်ထားသော ကြေကွဲမှုကို ရင်ဆိုင်လိုက်ရ၏။

"ဖေဖေ ဆုံးသွားပြီတဲ့ လင်းသန့်ရယ်"

သူနှင့်အတူတူ လျှောက်လာသော လင်းသန့်ကိုမှ ရွေးချယ်ပြီး လှိုင်တစ်ယောက် ဖက်ငိုလိုက်လေ၏။

"လှိုင် . . . ကိုယ်တို့ရှိနေကြသေးတာပဲ"

လှိုင့်ဆံစများကို သပ်တင်းရင်းကပင် သူနှစ်သိမ့်နေဖြစ်၏။

လှိုင်ကတော့ လင်းသန့်ရင်ခွင်ထဲမှာ မျက်ရည်အပ်ထားတုန်းပင်။

စုစုနှင့်လှိုင့်မေမေတို့ကလည်း မျက်ရည်ချောင်းစီးငိုကြွေးနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်ခြိမ့်သည်လည်း ဝမ်းနည်းမှု၏ ကူးစက်ခြင်းဒဏ်ကြောင့် မျက်စိပျက် မျက်နှာပျက် ဖြစ်နေလေ၏။

Q C R

www.burmeseclassic.com

www.burmeseclassic.com

ရက်ရှည်လွမ်းဖို့

မျက်ရည်ကမ်းခြေမှာ

ပန်းတွေတောင် ပွင့်ပြီကွယ် . . .။

ကိုယ့်ခနွာနဲ့

သူစေရာသွား . . .

နှလုံးသားက

သူထားရာမှာ နေခဲ့မယ် . . .။

သတိရခြင်း တောင်စွယ်ပေါ်

မျှော်လင့်ရာသစ်ပင်များ

အချစ်မြင်ရဲလားကွယ်  . . .။

သံယောဇဉ် . . . ခေါ်တဲ့

မျှော်လင့်ခြင်းနောက်ကို

တစ်ယောက်စီလှမ်း . . .

တစ်လမ်းစီ လျှောက်နေမှ

(ဘယ်တော့များ . . .) ရောက်မလဲကွယ် . . .။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# ( ၁ )

ဖေဖေဆုံးသွားတာ ရက်နှစ်ဆယ်ကျော် ရှိသွားခဲ့ပြီ . . . ဟု အိပ်ရာအထမှာပင် စိတ်ထဲမှာ ဝမ်းနည်းစွာဖြင့် သတိရဖြစ်လိုက်သည်။ ရုတ်တရက်ကြီး ဖေဖေဆုံးပါးသွားခြင်းကို အိပ်မက်တစ်ခုနှယ် ထင်နေမိသည်။

စားစားသွားသွား အရိပ်အယောင်များကို မြင်ရလေတိုင်း ဖြေဆည်မရခဲ့ပြန်။

"ဟော . . . သမီးလေး အိပ်ရာက နိုးပြီး ခုတင်ပေါ်မှာ ဒီတိုင်းကြီး ငုတ်တုတ်ထိုင်နေတော့တာကိုး"

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ကို မေ့မရစိတ်ကြောင့်ပင် ငိုင်တွေနေခဲ့မှုကြောင့် အခန်းတွင်းသို့ မေမေဝင်လာခဲ့သည်ကို သတိမထားဖြစ်ပေ။

အလုပ်ပိတ်ရက်မို့ စိတ်ချလက်ချအိပ်လိုက်သောကြောင့်ပင် မနက်အိပ်ရာထနောက်ကျမှာ သေချာနေ၏။

"မေမေ ဈေးသွားပြီးပြီလားဟင်"

"မောင်လင်းသန့်ကားနဲ့ လိုက်သွားပြီး ပြန်ရောက်လို့ ချက်ပြုတ်ဖို့ ပြင်နေတာလေ"

"သမီးတော့ အိပ်ပုပ်ကြီးသွားတယ် မေမေ၊ လင်းသန့်ကိုတောင် အုန်းနို့ခေါက်ဆွဲ လိုက်မကျွေးခိုင်းရတော့ဘူး"

"ညတုန်းက သမီးတို့ စားဖို့သောက်ဖို့ ပြောသံဆိုသံတွေကို မေမေ ကြားထားတာနဲ့ နှိုးဖို့ ပြောသေးတယ်၊ သမီးအိပ်ရေးဝပါစေ ဆိုပြီး မောင်လင်းသန့်က တမင်မနှိုးခိုင်းတာလေ၊ အခုလည်း သမီးလေး စားချင်တဲ့ အုန်းနို့ခေါက်ဆွဲကို ဝယ်ပေးလိုက်တယ်၊ မေမေ အသင့်ပြင်ထားပြီးပြီ၊ သမီးလေး နိုးမနိုး လာကြည့်တာ"

"သမီးကတော့ အိပ်ရာထနောက်ကျတာနဲ့ အုန်းနို့ခေါက်ဆွဲ ဝတ်ပြီထင်နေတာ"

မေမေကတော့ သူမနှင့်အတူ အိပ်ရာတွေ ကူသိမ်းပေးနေပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



စားဖို့သောက်ဖို့ မေမေပြင်ဆင်ထားပြီဆိုမှတော့ မျက်နှာသစ်ခြင်းနှင့်အတူ လန်းဆန်းသွားအောင် ရေတစ်ခါတည်းချိုးလိုက်၏။

"သမီးစားကောင်းရဲ့လား"

"ကောင်းတယ် မေမေ၊ မေမေ စိတ်မကောင်းဖြစ်မယ်ဆိုတာ သိပေမယ့် အုန်းနို့ခေါက်ဆွဲစားနေရင်းကပဲ ဖေဖေ့ကို အရမ်းသတိရတာပဲ၊ သမီးစိတ်ထဲမှာတော့ သမီးတို့နဲ့အတူ ဖေဖေ ရှိနေသေးတာပဲဆိုတဲ့အသိက ဝင်ဝင်နေတယ်၊ သမီးအိပ်ရာအထမှာ ငိုင်တွေတွေဖြစ်နေခဲ့ရတာ အဲဒီအသိကြောင့်ပဲ မေမေ"

သူမတောင် ဒီလောက်ဖြစ်နေမှတော့ မေမေ့ရင်ထဲမှာ မချိတင်ကဲ ဖြစ်နေမည်ကို သိနေ၏။ သူမ အားငယ်မည်စိုးသောကြောင့်ပင် သောကအရိပ်အငွေ့တွေကို မမြင်သာအောင် မေမေ ဖုံးဖိနေမှန်း နားလည်သည်လေ။

"တစ်ခုတော့ ဖြေသာရသေးတယ် သမီး၊ ဒီအိမ်ပေါ်မှာ မေမေနဲ့သမီး နှစ်ယောက်တည်းသာ ကျန်ခဲ့ကြမယ်ဆိုရင်တော့ ဒီလောက်ထိ မေမေ ကြံ့ကြံ့ခိုင်ပါ့မလားလို့ တွေးမိတယ်၊ မောင်လင်းသန့်ရှိနေတာဟာ မေမေတို့နှစ်ယောက်အတွက် တအားပဲ၊ အလိုင်ထက်ပိုပြီး မေမေ့အပေါ်မှာရော သမီးအပေါ်မှာပါ မောင်လင်းသန့်



www.burmeseclassic.com

www.burmeseclassic.com



က ဂရုစိုက်ရှာတယ်”

“သမီးပြောချင်နေတာကလည်း ဒီကိစ္စပဲ မေမေ၊ မိန်းမ တွေချည်းပဲ ကျန်မနေခဲ့ဘဲ အားကိုးအားထားလောက်တဲ့ လင်းသန့် ရှိနေတာဟာ သမီးတို့ရဲ့ စိတ်သက်သာရာ ရသွားတဲ့ အခွင့်အရေး တစ်ခုပဲ မေမေ”

“မောင်လင်းသန့်လေးကလည်း အားကိုးလောက်သလို သနားစရာလည်းကောင်းနေတယ်၊ သူ့ခမျာ စိတ်ပင်ပန်းလူပင်ပန်း ဖြစ်ရှာမှာပဲ၊ မေမေတို့နှစ်ယောက်စလုံးက အားမငယ်အောင် ဂရု စိုက်ရတာရယ်၊ အပြင်ထွက်ပြီး အလုပ်လုပ်ရတာနဲ့ နားရတယ် မရှိပါဘူး”

“သွေးမတော်သားမစပ်ဘဲ သမီးတို့ မိသားစုအပေါ် အနွံ တာခံနိုင်တာ ရှေးအတိတ်ရေစက်ကံလို့ပဲ ပြောရမှာပဲ မေမေ၊ သမီး ကတော့ လင်းသန့်ကို ကွယ်ရာမှာပဲ ချီးကျူးနေချင်တာ၊ ရှေ့မှာ တော့ ဗိုလ်ကျပြီး သူ့ကို အမိန့်ပေးချင်နေတာလေ”

“သမီးလေး ဗိုလ်ကျတာ၊ အမိန့်ပေးတာတွေကို ဟိုးအရင် ကတည်းက မောင်လင်းသန့်က မဖယ်ရှားခဲ့တာပါ၊ သိပ်ပြီးတော့ လည်း ဗိုလ်မကျနဲ့သမီး၊ တော်ကြာ မေမေတို့ဆီကနေ ထွက်သွားမှ ဖြင့် အားကိုးစရာ ယောကျ်ားသားမရှိဖြစ်နေပါဦးမယ်ကွယ်”

www.burmeseclassic.com

အင်ပါယာစာပေ

www.burmeseclassic.com



"လင်းသန့်စိတ်ကို သမီးသိနေလို့ တမင်ဗိုလ်ကျတာပေါ့ မေမေရဲ့၊ ကုတ်နဲ့ကော်ချတာတောင်မှ သမီးတို့ မေမေတို့အနားက လင်းသန့်ခွာမှာ မဟုတ်ဘူး"

မီးဖိုခန်းထဲတွင် သူမတို့သားအမိနှစ်ယောက် စကားပြောနေစဉ်မှာပင် ခြံရှေ့မှာ ကားရပ်သံကြားလိုက်ရ၏။ ကားရပ်သံကြားလိုက်ရ၏။

လင်းသန့်ကားမဟုတ်ဘူးဆိုတာကို ချက်ချင်း သိလိုက်ရ၏။

လူခေါ်ဘဲလ်တီးသံကြောင့်ပင် သူစိမ်းဧည့်သည်တစ်ယောက်ယောက်ပဲ ဖြစ်ရမည်။

"ဧည့်သည်ထင်တယ် သမီး၊ ဘယ်သူများလဲလို့ ဆင်းကြည့်လိုက်ပါဦးကွယ်"

"ဟုတ်ကဲ့ မေမေ"

ကိုဇော်သက်ထွန်းတို့ ကိုအောင်ခြိမ့်တို့ မဖြစ်နိုင်ဘူးဆိုတာကို တွေးရင်းကပင် အိမ်ရှေ့သို့ ထွက်လာခဲ့မိသည်။

၄

www.burmeseclassic.com

အင်ပါယာတာဒီ

www.burmeseclassic.com



အိမ်ပေါ်မှဆင်းလိုက်သည်နှင့် ခြံရှေ့သို့ အကြည့်ရောက်မိသည်။

မထင်မှတ်ထားဘဲ တွေ့လိုက်ရသောကြောင့် အတော်လေး အံ့အားသင့်သွားမိ၏။

ဇာခြည်တစ်ယောက် သူမရှိရာသို့ တစ်ယောက်တည်း ဘာကြောင့်ရောက်လာခဲ့ပါလိမ့်။

"ရှိပ့်ါမလားလို့ တထိတ်ထိတ်နဲ့ လာခဲ့ရတာပဲ မမေမိုး၊ ဟန်းဖုန်းကို လှမ်းဆက်ကြည့်တော့လည်း ခေါ်သာခေါ်ရတယ်၊ မကိုင်ဘူးလေ"

"ဟုတ်တယ် ဇာခြည်၊ ဒီနေ့ ရုံးပိတ်ရက်ဆိုတော့ အိပ်ရာထနောက်ကျသွားတယ်၊ ဖုန်းကိုလည်း အံဆွဲထဲထည့်ထားလိုက်မိတယ် ထင်တာပဲ"

သူမကလည်း အိမ်ပေါ်သို့ မဖိတ်ခေါ်မိသလို ဇာခြည်ကလည်း ခြံဝရှေ့မှာပင် ရပ်မြဲတိုင်းရပ်လို့နေ၏။

"ဇာခြည် ဒီကိုရောက်အောင်လာခဲ့တာ လုပ်ငန်းကိစ္စတွေနဲ့ မပတ်သက်ဘူးဆိုတာကိုတော့ မမေမိုး သိစေချင်တယ်၊ တော်ကြာအတွေးတွေများပြီး လိုတာထက်ပိုပြီး ဇာခြည့်အပေါ် ဒေါသတွေများနေမှာစိုးလို့ အသိပေးတာနော်"

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ဇာခြည်၊ တို့ကို လာတွေ့ပြီဆိုကတည်းက အလုပ်နဲ့ မပတ်သက်ဘူးဆိုရင်တောင်မှ ကိစ္စတစ်ခုခု ရှိနေပြီဆိုတာကို နားလည်ပါတယ်"

ရန်မလိုသော်လည်း နှစ်ယောက်စလုံး၏စကား အသွားအလာများက အချိတ်ကလေးတွေ ကိုယ်စီရှိနေကြ၏။

သူမတို့နှစ်ယောက်ရှိရာသို့ မေမေ ထပ်ရောက်လာပြန်သည်။

"သမီးရယ် ညော့်သည်ကို အိမ်ပေါ်ခေါ်ပါလားကွယ်၊ ဒီတိုင်းကြီး မတ်တပ်ရပ်ပြီး စကားပြောရတယ်လို့"

မေမေကတော့ အကျိုးအကြောင်း အစုံအလင်မသိဘဲ လူကြီးပီပီ ဧည့်ဝတ်ကျေချင်ဟန်ပြနေပြန်သည်။

"ဟုတ်သားပဲ ဇာခြည်၊ အိမ်ပေါ်သွားကြရအောင်"

သူမ၏ဖိတ်ခေါ်မှုကိုရော မေမေ၏ဧည့်ဝတ်ကျေပွန်ခြင်းကိုပါ တစ်ပြိုင်နက်ငြင်းဆိုသည့်သဘောမျိုး ဇာခြည် ပြောလိုက်သည်။

"ရပါတယ် ဒေါ်ဒေါ်၊ သမီးနဲ့ မမေမိုးတို့က မိတ်ဟောင်းဆွေဟောင်းကြီးတွေပါ၊ ခြံထဲမှာပဲ အေးအေးလူလူနဲ့ စကားပြောချင်လို့ပါ၊ အိမ်ပေါ်မတက်တော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်မှာဆိုရင်တော့ သူမတို့နှစ်ယောက် ပြောကြဆိုကြမည့်စကားတွေကို မေမေကြားမှာ သေချာသည်။

မေမေကတော့ ညှော်ဝတ်ကျေပြီဟု ယူဆကာ မီးဖိုချောင်ဆီသို့ ပြန်ဝင်သွားလေ၏။

"ဇာခြည့်ကို တို့ ဘာအကူအညီပေးရမလဲ"

သူမအနေဖြင့် ကွန္ဒြေရစွာဖြင့် အပေါ်စီးက ပြောလိုက်ခြင်းကြောင့် ဇာခြည် မဲ့ပြုံးပြုံးသွားလေသည်။

"အခုအခြေအနေမှာ အကူအညီပေးရဖို့ထက် မမေမိုးသိသင့်သိထိုက်တယ် ထင်တာတွေကို စေတနာရှေ့ထားပြီး အပင်ပန်းခံလာပြောပြတာပါ"

"ပြောစရာရှိတာကိုသာ ပြောပါဇာခြည်"

"ကိုဇော်နဲ့ပတ်သက်တဲ့ကိစ္စတွေဆိုတာကို မမေမိုးသိရင်သိနေပါလိမ့်မယ်"

"ကိုဇော်သက်ထွန်းနဲ့ ပတ်သက်တာ ဟုတ်လား ဇာခြည်"

"ဟုတ်ပါတယ် မမေမိုး၊ ဇာခြည်နဲ့ကိုဇော်ဟာ နှစ်ပေါင်းများစွာကတည်းက တရင်းတနှီး နေထိုင်ခဲ့ကြတာပါ၊ ကိုဇော်နဲ့လေးလေးတို့လင်မယား စီးပွားခွဲပြီး စိတ်ဝမ်းကွဲသလို ဖြစ်ကြပေမယ့်ကိုဇော်နဲ့ဇာခြည်တို့က အရင်အတိုင်းပါပဲ၊ ကိုဇော် ရှုပ်တာပွေ


www.burmeseclassic.com

www.burmeseclassic.com



တာတွေကို ဇာခြည်သိသလို မမေမိုးလည်း သိမှာပါ”

“အဲဒီတော့ ဇာခြည် ပြောချင်တာက . . . ”

“ဒီလိုပါ မမေမိုး၊ ကိုဇော်ဟာ ဇာခြည့်အပေါ် သံယောဇဉ်ရှိသလိုပဲ ဇာခြည်ကလည်း ထိုနည်းတူပါပဲ၊ အလုပ်ကိစ္စနဲ့ပတ်သက်ပြီး မသိမသာနဲ့ ဇာခြည့်ကို အသုံးမချဘဲ တရားဝင်ဖွင့်ပြောရင်တောင်မှ ဇာခြည်က ကိုဇော်ဖြစ်ချင်တာကို အကူအညီပေးဖို့ အသင့်ပါပဲ၊ အဲဒီနေ့က ဇာခြည့်အတွက် တစ်ခုဆုံးရှုံးရသလို အကြီးအကျယ် အမြတ်အစွန်းတစ်ခုလည်း ရခဲ့တယ် မမေမိုး၊ အဲဒါကတော့ သံယောဇဉ်ထက်ပိုတဲ့ လူနှစ်ယောက်ကို ချည်နှောင်ထားနိုင်တဲ့ ကိုဇော်ရဲ့အယုအယတွေပါပဲ”

ဇာခြည့်အနေဖြင့် သူတို့ချင်းသာ သိသင့်သည်များကို သူမရှေ့မှာလာပြီး အိတ်သွန်ဖာမှောက် ပြောပြခြင်းပါလိမ့် . . . ဟု နားမလည်နိုင်။

ဇာခြည်နှင့်ဇော်သက်ထွန်းတို့ ဘယ်လောက်ရင်းနှီးပြီး ဘယ်လောက်ယုယုယယဖြစ်ကြသည်ကို ဘာကြောင့်များ ပုံကြီးချဲ့ပြနေပါလိမ့်။

သူမအနေဖြင့် စကားပြန်မပြောဘဲ ငြိမ်သက်ပြီး စဉ်းစားနေသလို ဇာခြည်ကလည်း သူမကို အကဲခတ်ကြည့်နေပြန်၏။

အင်ကြင်းမောင်

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှသာ ပြောချင်ရာများကို ဇာခြည် ဆက်ပြောလေ သည်။

"အဲဒီနေ့က မမေမိုးအနေနဲ့ အလုပ်နဲ့ပတ်သက်ပြီး အရည်အချင်းပြခွင့် အနိုင်ရခွင့်တွေနဲ့ ကြုံနေချိန်မှာပဲ ဇာခြည့်အနေနဲ့ လည်း ကိုဇော့်ရဲ့ အယုယတွေကြားမှာ ပျော်ရွှင်နေတဲ့အချိန်ပါ၊ ကိုဇော် ရှုပ်တာပွေတာက တစ်ပိုင်းပါ၊ ဇာခြည့်အပေါ် သံယောဇဉ် ထားတာက တစ်ပိုင်းပါ၊ ဘယ်လောက်ပဲ ရှုပ်ပွေတတ်တဲ့ ယောကျ်ား ပဲဖြစ်ဖြစ် နောက်ဆုံးကျတော့ သူတို့အနားမှာ အနားလည်ဆုံးဖြစ် တဲ့ အဖော်တစ်ယောက်ကိုပဲ ရာသက်ပန်လက်တွဲဖော်အဖြစ် ရွေးချယ်ကြတာပါ၊ ကိုဇော့်ရဲ့ လက်တွဲဖော်ဟာ ဇာခြည်ကလွဲလို့ ဘယ်သူမှ ဖြစ်မလာနိုင်ဘူး မမေမိုး၊ သူတို့မောင်နှမချင်းတွေ ရှုပ်ထွေးနေချိန်မျိုးမှာ ကိုဇော့်အနားကို မမေမိုး ရောက်လာပြီး စိတ်ကူးယဉ်နေမှာစိုးလို့ သတိပေးရတာပါ၊ ပြီးတော့ မိန်းမတွေနဲ့ ပတ်သက်လာရင် ကိုဇော်က သားကောင်တွေ ပြားပြားဝပ်သွား လောက်အောင် အရည်အချင်းရှိတဲ့ မုဆိုးတစ်ယောက်ပဲ၊ မမေမိုးကို သတိပေးတာပါ"

"မလိုဘူး ဇာခြည်၊ သူ မုဆိုးဖြစ်လည်း ဂရုစိုက်စရာ မလို သလို သူနဲ့ပတ်သက်ပြီးတော့လည်း စိတ်ကူးယဉ်စရာ မလိုဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ငါ့ရဲ့ပြိုင်ဘက်က ဦးတင်မြင့်နဲ့ဒေါ်ခင်သက်ချို့ပဲ ဇာခြည်၊ မင်းနေသာသလို နေပါ၊ အကြောင်းမဲ့သက်သက်နဲ့တော့ ငါ့ရဲ့ပြိုင်ဘက်တစ်ယောက် ဖြစ်မလာချင်ပါနဲ့ ဇာခြည်”

“ပြိုင်ဘက်လို့ သတ်မှတ်ချင်လည်း သတ်မှတ်လိုက်ပါ မမေမိုး၊ ဇာခြည်ကလည်း မမေမိုးနဲ့ ပြိုင်ဘက်ဖြစ်ချင်နေတာ၊ အနိုင်အရှုံးကို ကြိုသိနေတဲ့အတွက်တော့ တကယ်စိတ်မကောင်းပါဘူး မမေမိုးရာ”

“မင်းပြောချင်တာတွေ ပြီးလောက်ပြီဆိုရင်တော့ မင်း ဒီကနေထွက်သွားတော့ ဇာခြည်၊ ကိုယ့်ဆီ တကူးတကရောက်လာတဲ့ သူကို ဧည့်သည်လို့ အသိအမှတ်ပြုပြီး ရိုင်းပျတာမျိုး တို့မလုပ်ချင်ဘူးနော်”

“သွားမှာပါ မမေမိုး၊ ဇာခြည်ပြောခဲ့တဲ့စကားတွေကို မမေ့ပါနဲ့၊ အဓိကအကျဆုံးကတော့ ကိုဇော်ဟာ ဇာခြည့်အတွက်က လွဲလို့ဘယ်သူ့အတွက်မှ မဖြစ်ရဘူးဆိုတာပါပဲ”

ဇာခြည့်စကားတွေကို နားထောင်နေရင်းကပင် ဘာမှပြန်မပြောဖြစ်ဘဲ ရင်ထဲမှာ ဟားတိုက်ရယ်မောဖြစ်ခဲ့သည်။

သူမ၏ပြိုင်ဘက်တစ်ယောက်အနေဖြင့် မသတ်မှတ်ချင်ပါဘူး . . . ဟု ပြောနေပေမယ့် မရ။



www.burmeseclassic.com

www.burmeseclassic.com



ဇာခြည်ကတော့ သူမနှင့်ပြိုင်ဘက်ဖြစ်ချင်နေသူ . . . ဟု ဆိုသည်။ သူမနှင့်ဇာခြည်တို့ ပြိုင်ဘက်တွေသာဖြစ်ခဲ့ကြရင်တော့ ဇော်သက်ထွန်းခမျာ အသုံးချခံ နယ်ရုပ်လေးတစ်ရုပ် ဖြစ်နေတော့မှာ သေချာနေသည်လေ။

Q c R

www.burmeseclassic.com

www.burmeseclassic.com

( ၂ )

တိုက်ဆိုင်သည်ပဲ ပြောရမည်လားမသိ။ ဇာခြည့်ကား ထွက်သွားတော့မှ လင်းသန့်ကားလေးလည်း လမ်းထဲသို့ ချိုးဝင်လာသည်ကို မြင်၏။ လင်းသန့်နှင့်ဇာခြည်တို့က အလုပ်ထဲမှာ တွေ့ဖူးမြင်ဖူးကြသည်မို့ . . . လမ်းမှာပင် ကားချင်းယှဉ်ပြီး နှုတ်ဆက်ကြသည်ကို လှမ်းမြင်လိုက်ရသည်။

သူမလည်း ဆက်ကြည့်မနေတော့ဘဲ အိမ်ပေါ်တက်လာဖြစ်သည်။

မေမေနှင့် မီးဖိုချောင်ကိစ္စများကို ဝိုင်းပြီးကူညီပြီးချိန်အထိ

www.burmeseclassic.com

www.burmeseclassic.com



လင်းသန့်တစ်ယောက် အိမ်ပေါ်ရောက်မလာပေ။ သူမစိတ်မှန်းခြေ တစ်နာရီနီးပါး ကြာသောအခါမှ လင်းသန့် အိမ်ပေါ်ရောက်လာခဲ့၏။

"မောင်လင်းသန့်ရေ အားလုံးချက်လို့ပြုတ်လို့ပြီးပြီ၊ ရေမိုးချိုးပြီး ထမင်းစားလိုက်တာ"

မေမေကတော့ လင်းသန့်ကို မြင်သည်နှင့် လှမ်းပြော၏။ သူမစိတ်ထဲမှာ လင်းသန့်နှင့်ဇာခြည်တို့ ကိစ္စတစ်ခုခုနှင့်ပတ်သက်ပြီး စကားပြောဖြစ်ကြမှာကို သိနေပြန်သည်။ မေမေရှေ့မှာမို့လားမသိ ဇာခြည်နှင့်ပတ်သက်သည့်အကြောင်းကို လင်းသန့် မဟပေ။

"မမေမိုးပါ ထမင်းဝင်စားလိုက်ပါလား"

"မစားတော့ဘူး လင်းသန့်၊ အိပ်ရာထနောက်ကျတာရယ် ပြီးတော့ မင်းဝယ်ပေးလိုက်တဲ့ အုန်းနို့ခေါက်ဆွဲစားထားတာရယ် ကြောင့်ပဲ ဗိုက်ပြည့်နေတာ"

ဝင်မစားဖြစ်ပေမယ့် လင်းသန့်နံဘေးမှာတော့ ထိုင်နေမိသည်။ မေမေကလည်း မီးဖိုချောင်လက်ကျန်အလုပ်များကို လက်စသတ်နေသည်မို့ သူမတို့နှင့်မလှမ်းမကမ်းမှာပင် ရှိနေသေးသည်။

လင်းသန့်ထုံးစံအရဆိုရင်တော့ မနက်ခင်း ကားဆွဲပြီးသည်နှင့် စားပြီးသောက်ပြီး အိမ်မှာ တစ်ရေးအိပ်နေကျဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူမကလည်း တစ်ခုခုမေးချင်နေသလို လင်းသန့်ကလည်း တစ်ခုခုပြောချင်နေတာ သေချာနေသည်။

စားပြီးသောက်ပြီးတော့ ဧည့်ခန်းမှာ အတူထိုင်ရင်းကပင် လင်းသန့်စကားစတော့သည်။

"ဒီနေ့ မစု မလာဘူးလား မမေမိုး"

"လာလိမ့်မယ် လင်းသန့်၊ သူ့ကို ခိုင်းထားတာရှိလို့ တစ်နေရာ ဝင်နေတာနေမှာ၊ ဒီမှာပဲ ထမင်းစားဖြစ်လိမ့်မယ်"

"မဇာခြည် လာတွေ့သွားသေးတယ် မဟုတ်လား မမေမိုး"

"ဟုတ်တယ် လင်းသန့်၊ ငါနဲ့ မိနစ်နှစ်ဆယ်လောက်ပဲ စကားပြောဖြစ်တာပါ၊ သူ အိမ်ပေါ်တောင် မတက်သွားဘူး၊ နင်နဲ့ ကားချင်းယှဉ်ရပ်ပြီး နှုတ်ဆက်တာကို မြင်လိုက်သားပဲ၊ နင်တို့ နှစ်ယောက် တစ်နာရီနီးပါးလောက်ကြာအောင် ဘာကိစ္စတွေများ အရေးတကြီး ဆွေးနွေးကြတာလဲ လင်းသန့်"

"အင်း . . . ပြောရမှာတော့ ခပ်ရှုပ်ရှုပ်ပဲ မမေမိုး"

"ဘာလဲ . . . ဇော်သက်ထွန်းအကြောင်းကို ရင်ဖွင့်သွားတာပဲ မဟုတ်လား၊ ဇာခြည်က ငါ့ကို အမြင်မရှင်းဘူး၊ လုပ်ငန်းကိုင်ငန်းကိစ္စဆိုရင် ငါ ခံသာသေးတယ်၊ အခုကိစ္စက ဇော်သက်ထွန်းနဲ့မဆီမဆိုင်ကြီး လာစွပ်စွဲပြနေလိုက်တာ၊ သူနဲ့ဇော်သက်ထွန်းတို့



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေဖြစ်ထားကြမှန်းလည်း ငါ တကယ်မသိဘူး”

ကိုယ့်တပ် ကိုယ်လုံသည့်သဘောမျိုး လင်းသန့်အား ပြောလိုက်မိသည်။ ဇော်သက်ထွန်းနှင့်ရုပ်ရှင်အတူကြည့်ဖြစ်ပြီး ဇော်သက်ထွန်း ချစ်ခွင့်တောင်းသည့်ကိစ္စကိုတော့ ထိမ်ချန်ထားလိုက်သည်။

“ဇာခြည်ကတော့ ကိုဇော်သက်ထွန်းကို လုံးဝအလွတ်မပေးချင်တဲ့ပုံပဲ၊ မမေမိုးနဲ့ ကိုဇော်သက်ထွန်းတို့ အနေနီးပြီး ငြိတွယ်သွားမှာကို အတော်စိုးရိမ်နေတာ”

“ငါနဲ့ဇော်သက်ထွန်း ရင်းနှီးဖြစ်ကြတယ်ဆိုတာကလည်း အဲဒီကိစ္စအတွက် မဟုတ်တာတော့ အာမခံတယ်၊ ဒေါ်ခင်သက်ချိုတို့ လင်မယားကို ပခုံးချင်းယှဉ်ပြီး ထိုးနှက်ချင်တဲ့စိတ်တစ်ခုတည်းကြောင့် လိုတာထက်ပိုပြီး ရင်းနှီးဖြစ်သွားကြတာ၊ တကယ်တော့ သူဟာ ငါ့ရဲ့ အလုပ်ရှင်တစ်ယောက်ပဲ”

“ဘာပဲပြောပြောလေ . . . ဇာခြည်ကတော့ သူ့ဆင်ခြေသူ့သံသယနဲ့သူ ဟုတ်နေတာပဲ၊ အခုချိန်မှာတော့ ဒေါ်ခင်သက်ချိုနဲ့ ဦးတင်မြင့်အပြင် မမေမိုးမှာ ဇာခြည်ဆိုတဲ့ ရန်သူတစ်ယောက် ထပ်တိုးလာတာတော့ သေချာနေပြီ”

“သူနဲ့တော့ ငါ ပြိုင်ဘက် မဖြစ်ချင်ဘူး၊ ဘာဖြစ်လို့လဲဆို

www.burmeseclassic.com

www.burmeseclassic.com



တော့ ဇော်သက်ထွန်းဟာ ငါ့အတွက် အဲဒီလောက်ထိ အရေးပါလာနိုင်စရာမှ မရှိဘဲဥစ္စာ”

“တကယ်ပဲ ကိုဇော်သက်ထွန်းနဲ့ မမေမိုးတို့ ဘာမှမဖြစ်ကြသေးဘူးလားဟင်”

“ဘာလဲ . . . နင်ကပါ ဇာခြည်ပြောသွားတာတွေကို ယုံပြီး ငါ့ကို မသင်္ကာဖြစ်နေတာလား လင်းသန့်”

သူမမျက်နှာအနေအထားကို သိသိသာသာကြီးပင် လင်းသန့် အကဲခတ်နေပြန်သည်။

“မသင်္ကာစရာကောင်းတဲ့ အနေအထားတစ်ခုကို ရောက်နေတယ်ဆိုတာကိုတော့ ကျွန်တော် ပြောချင်တယ်၊ ဒါပေမဲ့ မမေမိုး စကားကိုတော့ ကျွန်တော် အမြဲယုံကြည်နေရတဲ့သူပါ”

“ငါ့ကို ယုံကြည်တယ်ဆိုရင်တော့ ဇာခြည် ဘာတွေပဲ ပြောခဲ့ ပြောခဲ့ နင့်ခေါင်းထဲက ထုတ်လိုက်တော့၊ ဇော်သက်ထွန်းလို လူစားမျိုးရဲ့ မာယာတွေကိုတော့ ငါ့နည်းငါ့ဟန်နဲ့ လွတ်အောင် ရှောင်နိုင်ပါသေးတယ်”

“အလုပ်ကိစ္စနဲ့ပတ်သက်ပြီး ဒေါ်ခင်သက်ချို့တို့က မကျေမနပ်ဖြစ်နေကြသလိုပဲ၊ ဇာခြည်နဲ့ပတ်သက်ပြီးတော့လည်း ပြဿနာက ရှိနေပြန်တယ်၊ မမေမိုးမှာ ရန်သူတွေ ဝိုင်းနေတယ်၊ တစ်ချက်

www.burmeseclassic.com

www.burmeseclassic.com



မှားတာနဲ့ သူတို့တွေအားလုံးက မမေမိုး နာလန်မထူနိုင်အောင် လုပ်ကြတော့မှာပဲ”

“ပွဲမပြီးသေးဘဲနဲ့ ဘယ်သူနိုင်တယ် ဘယ်သူခံရမယ်ဆိုတာကို နင် ကြိုမတွေးနဲ့ လင်းသန့်၊ ငါခံလိုက်ရတယ်ပဲထားဦး . . . ငါ့အောင်မြင်မှုက သူတို့တွေ ဒီထက်ပိုတုန်လှုပ်သွားအောင် အကြီးကြီးဖြစ်နေစေရမယ် လင်းသန့်”

“မမေမိုးစိတ်ရော လူရော ပင်ပန်းနေတာကို မကြည့်ရက်လို့ပါ”

“ငြိမ်ငြိမ်လေးပဲ ကြည့်နေလိုက်ပါ လင်းသန့်၊ ငါ ခဲမှန်ဖူးထားတဲ့သူပါ၊ ငါလုပ်ချင်တာ ဖြစ်ချင်တာတွေ ပြီးတာနဲ့ ဇော်သက်ထွန်းကိုပါ ငါ အနိုင်နဲ့ပိုင်းပြမှာပါ လင်းသန့်ရာ”

“မမေမိုး . . . ဇာခြည်ကိုယ်တိုင်က ကိုဇော်သက်ထွန်းကို တန်းတန်းစွဲဖြစ်နေသလိုပဲ၊ ဦးတင်မြင့်ကလည်း ဇာခြည်နဲ့ကိုဇော်သက်ထွန်းကို နေရာချထားပေးချင်နေတဲ့ပုံပဲ၊ ဒီအစီအစဉ်ကို ဒေါ်ခင်သက်ချိုကလည်း မကန့်ကွက်ဘူးနော်”

ဇာခြည်ပြောခဲ့သော စကားတွေဆိုတာကို ချက်ချင်းသိလိုက်၏။ သူမအတွက်တော့ ဗျူဟာတစ်ခုကို အကွက်ချစီစဉ်နိုင်အောင် အချက်တစ်ချက် ရလိုက်သည်ဟုပဲ သဘောထားလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

## ၈

"ဒီပုံစံအတိုင်းဆိုရင်တော့ မမေမိုး မဖြစ်ချင်ဘူးဆိုရင် တောင်မှ ဇာခြည်ကတော့ မမေမိုးရဲ့ ပြိုင်ဘက်တစ်ယောက်ဖြစ် လာမှာ သေချာနေပြီ"

စုစုစကားကြောင့်ပင် နည်းနည်းတော့ လိပ်ပြာလန့်သွားမိ သည်။ ဒီအရှုပ်ကြီးထဲမှာ သူမ တက်ကြွစွာပါဝင်နေသရွေ့ ဇော် သက်ထွန်းနှင့်လည်း အတော်လေး ရင်းရင်းနှီးနှီး နေဖြစ်ဦးမည်။ ပြီးတော့ ဇော်သက်ထွန်းကလည်း သူမကို သွေးတိုးစမ်းထားတာ လည်း ရှိနေပြန်၏။

"ဇာခြည်ကတော့ သူ့အလိုလို ပြိုင်ဘက်အဖြစ်နဲ့ ဝင်လာ တာပဲ၊ နေစမ်းပါဦး စုစု . . . ဖေဖေ့နာရေးကိစ္စတွေ ဘာတွေ ကြောင့် နင်နဲ့စကားမစပ်ဖြစ်ကြတာ၊ နင်နဲ့ ကိုအောင်ခြိမ့်တို့ အခြေ အနေက ဘယ်အနေအထားထိ ရောက်နေကြပြီလဲ"

လင်းသန့်ပြောသွားသလိုဆိုရင်တော့ သူမမှာက ရန်သူ တွေ ဝိုင်းရံနေ၏။ စုစုနှင့်ကိုအောင်ခြိမ့်တို့အနေအထားကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



မေ့လျော့ထားလို့ မဖြစ်ပေ။ ကိုအောင်ခြိမ့်က ဇော်သက်ထွန်း၏ လူအရင်းကြီးဆိုတော့ စုစုကလည်း သူ့ဘက်လူ ငါ့ဘက်သား ဖြစ်လာနိုင်သည်ပဲ။

"တစ်ယောက်နဲ့တစ်ယောက် လေ့လာကြတုန်းအဆင့်ပဲ ရှိပါသေးတယ် မမေမိုး၊ သူ့သဘောထား သူ့စရိုက်တွေကို စုစု အနီးကပ်စောင့်ကြည့်နေတုန်းပါပဲ"

စုစုကတော့ ကိုအောင်ခြိမ့်လူ ဖြစ်ချင်နေတာ ထင်ရှားနေ၏။

"နင် လေ့လာစောင့်ကြည့်နေပြီဆိုမှတော့ သိပ်မဝေးတော့တဲ့အချိန်မှာ နှစ်ကိုယ့်တစ်စိတ်ဖြစ်သွားကြတော့မှာပဲ မဟုတ်လား စုစု၊ ကိုအောင်ခြိမ့် ဘာဆိုတာကို ငါမပြောချင်ပေမယ့် ကိုအောင်ခြိမ့်ဟာ ဇော်သက်ထွန်းရဲ့လူအရင်းကြီးဆိုတာကိုတော့ နင်မမေ့နဲ့နော်၊ ငါနဲ့ဇော်သက်ထွန်းက ယာယီမဟာမိတ်လုပ်ထားကြတာနော်၊ အချိန်မရွေး မိတ်ဆွေကနေ ရန်သူဖြစ်သွားနိုင်တဲ့ အနေအထား မျိုးပဲ စုစု"

"မမေမိုး"

"တစ်ခုတော့ ရှိပါတယ်၊ လူဆိုတာက ကိုယ့်အရေးထက် ဒို့ပြင်လူကိစ္စကို အလေးမပေးဘူးဆိုတာ ငါသိထားပါတယ်၊ နင်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်ခြိမ့်ကိစ္စက နင့်ရဲ့ကိုယ်ရေးကိုယ်တာပဲလေ၊ နင့်ဘာသာဆုံးဖြတ်ရမယ့်ကိစ္စမျိုးပဲ၊ ငါပြောချင်တာကတော့ ငါ့သံယောဇဉ်တွေက ဖယ်ခွာပြီး နင်ဟာ ငါ့ရန်သူဖြစ်မလာဖို့ပဲ အရေးကြီးပါတယ်”

“မမေမိုး ဒုက္ခရောက်မယ့်ကိစ္စမျိုး၊ စိတ်ဆင်းရဲရမယ့်ကိစ္စမျိုးကို စုစု ဘယ်တော့မှ လုပ်မှာမဟုတ်ပါဘူး၊ ကိုအောင်ခြိမ့်နဲ့ပတ်သက်ပြီးတော့ စုစုကို မယုံသင်္ကာမဖြစ်ပါနဲ့ မမေမိုးရာ”

“နင် စိတ်တိုင်းကျ ဖြစ်ပြီဆိုတာနဲ့ ကိုအောင်ခြိမ့်ကို အဖြေပေးတော့မှာ မဟုတ်လား စုစု”

စောင့်စည်းရမှန်း သိနေပေမယ့် လွှတ်ခနဲ မေးလိုက်မိသည်။

“ဟုတ်တယ် မမေမိုး”

“အခုအချိန်အထိတော့ နင် မညာသေးဘူးဆိုတာကို ငါယုံသွားပြီ စုစု၊ နင်နဲ့ကိုအောင်ခြိမ့်ကိုတော့ ဖူးစာရေးနတ်က နဖူးစာရွာလယ်စေပြီ”

“ကိုဇော်သက်ထွန်းအပေါ် မှာရော မမေမိုး ဘယ်လိုမြင်ပြီး ဘယ်လိုခံစားနေလဲဟင်”

သူမကိုယ်တိုင် စောင့်စည်းမှုကို ချိုးဖျက်မှတော့ စုစုကလည်း သူမကို ပြန်လှန်မေးခွန်းထုတ်လေ၏။

အင်ကြင်းတောင်

www.burmeseclassic.com

www.burmeseclassic.com



စုစုမေးခွန်းကိုတော့ ချက်ချင်းပြန်မဖြေနိုင်သေးဘဲ ဇော ချွေးပြန်ချင်သွားသည်။ သူမမှာတော့ အဖြေရှိပြီးသားပါလေ။

"ဘာလဲ စုစု . . . ငါ့ကို ရုပ်ရှင်ရုံထဲမှာ သွေးတိုးစမ်းလိုက်တဲ့ကိစ္စကို မေးတာလား"

"ဟုတ်တယ် မမေမိုး"

"ငါပြောမယ် စုစု . . . နင်က ငါမဟုတ်သလို ငါကလည်း နင်မဟုတ်တော့ တုံ့ပြန်မှုချင်း မတူသလို ခံစားမှုချင်းလည်း တူမှာမဟုတ်ဘူး၊ ကိုအောင်ခြိမ့်နဲ့ ဇော်သက်ထွန်းတို့ရဲ့ စရိုက်သဘာဝချင်းကလည်း တူကြတာမှ မဟုတ်ဘဲ၊ ကိုအောင်ခြိမ့်အနေနဲ့ နင့်ကို တကယ်မြတ်နိုးတဲ့စိတ်နဲ့ လူချင်းနီးချင်တာဖြစ်နိုင်ကောင်းပေမယ့် ဇော်သက်ထွန်းလို လူစားမျိုးကတော့ အခွင့်အရေးတစ်ခုအပေါ်မှာ လက်မလွှတ်စတမ်း သွေးတိုးစမ်း အသုံးချသွားတာပဲ စုစု၊ ဒီတော့ အဲဒီအပေါ်မှာ ငါလိုက်ခံစားနေရင် အလိုလို အရှုံးပေးနေသလိုပဲ၊ ငါ အရှုံးကြီးဖြစ်သွားမှာပေါ့ စုစုရာ"

"လူဆိုတာ ပြောရခက်ပါတယ် မမေမိုး၊ စုစုအနေနဲ့က လည်း စကားကုန်အောင် ပြောဖို့လည်း မဝံ့မရဲဘဲ၊ မမေမိုးနေရာ စုစုဆိုလည်း ဒီအတွေးမျိုးပဲ တွေးမိမှာပါပဲ"

"ဇော်သက်ထွန်းရဲ့အပြုအမူအပေါ်မှာ ငါလိုက်ခံစားရင်

www.burmeseclassic.com

www.burmeseclassic.com



မှားမှာပေါ့၊ အခုပဲကြည့်လေ . . . ဇာခြည်တစ်ယောက် ဘယ်လောက်များ သွေးရူးသွေးတန်းဖြစ်နေသလဲလို့၊ ဇော်သက်ထွန်းက မိန်းမတစ်ယောက်ကို အရုပ်တစ်ရုပ်လို၊ ပန်းတစ်ပွင့်လို သဘောထားပြီး ဆက်ဆံတတ်တဲ့ယောကျ်ားပဲ၊ သူ့မှာ ခံစားမှုဆိုတာ လုံးလုံးကင်းမဲ့နေတယ် စုစု၊ ဇော်သက်ထွန်းနဲ့စပြီး လက်တွဲကတည်းကိုက ငါ သေချာစဉ်းစားခဲ့တာ၊ ငါလုပ်ချင်တာတွေဖြစ်အောင်လည်း သူ့ကို အသုံးချမယ်၊ ပြီးတော့ ငါလိုချင်တာတွေ ရအောင်လည်း ယူမယ်၊ ငါ့ဆီကတော့ ဘာတစ်ခုမှ သူ့ကို ပြန်ပေးမိမှာ မဟုတ်ဘူး စုစု”

အတ္တများပြီး မာနတွေပြည့်နှက်နေသော သူမနှလုံးသားကိုတော့ ဇော်သက်ထွန်း ထိပါးလို့မရပေ။

ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမှုတွေထားပြီး ဇော်သက်ထွန်းကို တွေ့စ,ကတည်းက အပေါ်စီးကနေပြီး ဆက်ဆံနေခဲ့တာကို, ကိုယ်တိုင်အသိဆုံးပဲလေ။

Q C R

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# ( ၃ )

ဖေဖေ တစ်လပြည့်အတွက် ရည်စူးပြီး အိမ်မှာ အရက် ဆွမ်းကပ်ဖြစ်သည်။ စုစုတစ်ယောက် ညကတည်းကပင် သူမတို့အိမ်မှာ လိုက်အိပ်၏။ ဒံပေါက်ကျွေးသော်လည်း ဟင်းအပိုချက်ရ ပြုတ်ရသည်မို့ သူမနှင့်စုစုတို့ မေမေ့ကို ဝိုင်းကူပေးရပြန်သည်။

တကယ်တမ်းကျတော့ သူမနှင့်စုစုတို့ထက် လင်းသန့်က ပိုပင်ပန်းလေ၏။ လင်းသန့် ဘုန်းကြီးပင့်နေတုန်းမှာပင် သူမတို့တစ်တွေက အသင့်ဖြစ်အောင် ပြင်ဆင်ထားကြရ၏။

ဘုန်းကြီးတွေ ဒံပေါက်ဆွမ်းစားပြီး တရားနာတော့ ခနီး



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်မှ လူများပါ ရောက်လာကြသည်။

ဘုန်းကြီးများ ပြန်ကြွသွားသည်နှင့် အိမ်နီးနားချင်းတွေကို ကျွေးမွေးတော့လည်း လင်းသန့်တစ်ယောက် ပျာယာခတ်ရပြန်၏။

မနက်ရှစ်နာရီကျော်ကျော်လောက်မှာတော့ ဧည့်သည် တွေ ကျဲပါးစပြုသွားသည်။

"လင်းသန့်ရေ . . . ငါတို့ တစ်ဝိုင်းဝိုင်းပြီး စားလိုက်ကြ မလား"

လူရှင်းတုန်းမို့ စုစုက စားဖို့သောက်ဖို့ ပြောလာသည်။

စုစုပြောမှပင် ဇော်သက်ထွန်းနှင့်ကိုအောင်ခြိမ့်တို့ လာကြ မည် . . . ကို သတိရဖြစ်သွားသည်။

"လင်းသန့်ဘာသာ စားရင်စားနှင့်ပစေလေ၊ ငါတို့က ကိုအောင်ခြိမ့်တို့ကို စောင့်ဦးမှ ကောင်းတယ်ထင်တာပဲ စုစု"

"မမေမိုးတို့ စုစုတို့ စောင့်စားရင်စားကြတော့၊ ကျွန်တော် ကတော့ ဆာတာနဲ့ ဘယ်သူ့ကိုမှ မစောင့်နိုင်တော့ဘူး"

လင်းသန့်က ပြောလည်းပြော၊ ပန်းကန်လည်းဆွဲရင်း စားဖို့ ပြင်၏။

"သမီးရေ ခြံရှေ့မှာ ကားရပ်တာတွေ့တယ် မောင်ဇော် သက်ထွန်းတို့ လာတယ်ထင်တယ်၊ ခရီးဦးကြိုလိုက်ပါဦးလား"

www.burmeseclassic.com

www.burmeseclassic.com



မေမေ့စကားကြောင့်ပင် စုစုနှင့်အတူတူ အိမ်ပေါ်မှ ဆင်းဖြစ်သည်။

"ကျွန်တော်တို့ နောက်မကျပါဘူးနော်၊ စားစရာ သောက်စရာတွေရော ကျန်သေးတယ် မဟုတ်လား လှိုင်"

သူမတို့ကို တွေ့သည်နှင့် ကိုအောင်ခြိမ့်က အပြောင်အနောက်စကားပြောသည်။

"ကိုအောင်ခြိမ့်တို့ မလာနိုင်တာနဲ့ စုစုက စားဖို့ပြင်နေတာ၊ လှိုင် မနည်းစောင့်ခိုင်းထားရတာ၊ လှိုင့်ကို ကျေးဇူးတင်ဦးနော်၊ ကိုအောင်ခြိမ့်တို့ အတူတူလက်ဆုံစားနိုင်ဖို့ စီစဉ်ထားရတာ"

သူမစကားကြောင့် စုစုမျက်စောင်းထိုးလိုက်သေးသည်။

ဇော်သက်ထွန်းကလည်း ဝင်ပြော၏။

"ဆာရင်လည်း စားထားရောပေါ့၊ ကျွန်တော်တို့ လာမှ တစ်ခါထပ်စားတော့ ပိုဗိုက်ပြည့်တာပေါ့"

သူမတို့တစ်တွေ အိမ်ပေါ်ရောက်သည်နှင့် စားလက်စကို ပစ်ထားပြီး ဧည့်သည်တွေအတွက် လင်းသန့်ပြင်ပေးပြန်သည်။

"လင်းသန့်က စားလက်စကြီး မဟုတ်လား၊ စုစုတို့နဲ့ တစ်ခါတည်း ဝိုင်းလိုက်ပါလား"

"ရတယ် စုစု၊ ဝသလောက်ရှိသွားပြီ၊ မစုတို့ အေးအေးဆေး



www.burmeseclassic.com

www.burmeseclassic.com



ဆေးသာ စားကြပါ”

“ဟုတ်သားပဲ ကျွန်တော်တို့နဲ့ အတူတူ ဝိုင်းလိုက်ပါလား ဗျာ”

“ရတယ် ကိုဇော်သက်ထွန်း၊ ကျွန်တော်က ကိုဇော်သက်ထွန်းတို့ကို ဧည့်ခံပေးရမယ့်သူပါဗျာ”

“ကဲ . . စားကြနော်၊ မောင်ဇော်သက်ထွန်းနဲ့မောင်အောင်ခြိမ့် . . . မင်းတို့ဦးလေးဆုံးပြီးကတည်းက အခုမှပဲ အေးအေးဆေးဆေး ပြန်တွေ့ဖြစ်ကြတော့တယ်”

“ဒေါ်ဒေါ်ရော စားပြီးပြီလား”

“မဆာသေးပါဘူးကွယ်၊ ပြီးမှပဲ အေးအေးဆေးဆေး စားတော့မယ်”

ဇော်သက်ထွန်းပန်းကန်ထဲသို့ ကြက်သားဖတ်တွေကို အသင့်စားလို့ရအောင် သူမ နွှာထည့်ပေးမိသည်။

သူမလုပ်ရပ်ကို လင်းသန့်ပါမက စုစုနှင့်ကိုအောင်ခြိမ့်တို့ပါ သတိထားဖြစ်ကြမှာပါလေ။

၄

www.burmeseclassic.com

www.burmeseclassic.com



စားပြီးသောက်ပြီးတော့လည်း အေးအေးဆေးဆေးပင် ဝိုင်းဖွဲ့ပြီး စကားပြောကြသည်။ ဖေဖေ့တစ်လပြည့်လုပ်ပေမယ့် စက်ရုံကိစ္စတွေပါ သူမတို့ ရှိနေကြသေးသည်။

ဇော်သက်ထွန်းကတော့ သူမနှင့်စုစုကို ပင်ပန်းမည်စိုး၍ အလုပ်နားဖို့ ပြောသေးသည်။

“ဒီနေ့ နားလိုက်ပါလား လှိုင်၊ ညကလည်း ပင်ပန်းထားတယ်မဟုတ်လား၊ လုပ်စရာရှိတာတွေ နောက်နေ့မှလုပ်ကြတာပေါ့”

“ရတယ် ကိုဇော်သက်ထွန်း၊ ကိုဇော်သက်ထွန်းတို့နဲ့ အတူတူ လှိုင်တို့လိုက်မှာ၊ ပြီးတော့လည်း လှိုင်လုပ်ထားတဲ့ သံပန်းတွေ၊ စတိန်းလက်စတီးလက်ရန်းတွေ၊ ဝရန်တာတွေ တပ်ထားတာကို လိုက်ပြမယ်လို့ ပြောထားပြီးသား မဟုတ်လား၊ တကယ်ပင်ပန်းတာက လှိုင်နဲ့စုစု မဟုတ်ဘူး ကိုဇော်သက်ထွန်း၊ လင်းသန့်ပဲလေ”

လင်းသန့်ကိုတော့ ဦးစားပေးပြီး ပြောလိုက်မိသေး၏။

လင်းသန့်ကလည်း တာဝန်တွေကျေပြနေသေးသည်။

“ဟုတ်ပါတယ်၊ ကိုဇော်သက်ထွန်းတို့ လုပ်စရာရှိတာတွေသာ လုပ်ကြပါ၊ ဒီမှာ သိမ်းတာလောက်ပဲ ကျန်တော့တာ၊ ကျွန်တော်နဲ့ ဒေါ်ဒေါ်တို့ လုပ်ထားလို့ ဖြစ်ပါတယ်”

ဇော်သက်ထွန်းအပြန်မှာ တစ်ခါတည်းလိုက်ဖို့ စုစုရော



www.burmeseclassic.com

www.burmeseclassic.com



သူမပါ ပြင်ထားဆင်ထားပြီးလည်း ဖြစ်နေ၏။

"ဟုတ်တယ် ကိုဇော်သက်ထွန်း မင်းနဲ့လှိုင်က သွားစရာရှိသလို ငါနဲ့စုစုကလည်း နယ်ကိုယ်စားလှယ်တွေနဲ့တွေ့ဖို့ ချိန်းထားတာရှိတယ်၊ ငါနဲ့စုစုကို စက်ရုံပို့ပေးပြီးမှ မင်းတို့သွားစရာရှိတာ သွားပေါ့"

"ကျွန်တော့်ကားလည်း အားနေတာပဲ၊ ကိုအောင်ခြိမ့်နဲ့မစုကို ကျွန်တော် စက်ရုံလိုက်ပို့ပေးပါ့မယ်၊ ကိုဇော်သက်ထွန်းတို့ သွားစရာရှိတာ သွားပစေလေ"

"လင်းသန့်ပြောတာ မဆိုးဘူး၊ ဒါဆိုရင် မင်းနဲ့စုစုကို စက်ရုံလိုက်ပို့စရာ မလိုတော့ဘူး၊ ဆိုက်ထဲကို သွားကြည့်ပြီးရင် ငါတို့ဝင်စရာရှိသေးတယ်၊ ဒီနေ့ကလည်း ပါးပါးဆုံးတာတစ်နှစ်ပြည့်လေ"

"ဟုတ်လား ကိုဇော်သက်ထွန်း"

"ဟုတ်တယ် လှိုင်၊ ကိုယ်က တစ်ယောက်တည်းသမားဆိုတော့ ဘာမှမလုပ်တာ၊ မမတို့ကတော့ နေ့ဆွမ်းကပ်မယ် ပြောတယ်လေ"

ဇော်သက်ထွန်း ဒီစကားပြောသည်အထိ တစ်နှစ်ပြည့်ဆွမ်းကျွေးသို့ သူမကို ခေါ်သွားလိမ့်မည် . . ဟု မထင်ထားမိခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



သူမတို့ အလုပ်ရလိုက်သော အဆောက်အအုံကြီးဆီမှ လုပ်ငန်းတွေ ပြီးစီးနေကြောင်းကို မျက်မြင်အဖြစ် လိုက်ပြမိသည်။

"လှိုင်က တကယ်တော်တာပဲ၊ ကိုယ်အနေနဲ့သာဆိုရင် ဒီလို တွေးမိမှာ မဟုတ်သလို ဒီလိုအောင်မြင်အောင်လည်း လုပ်နိုင်မှာ မဟုတ်ဘူး"

"သိပ်ပြီး ချီးမွမ်းမနေပါနဲ့၊ ဒီလုပ်ငန်းတွေက လှိုင်တို့သာ မရလိုက်ရင် လှိုင့်နေရာမှာ ဇာခြည်က ဦးစီးပြီး ကိုဇော်သက်ထွန်း အစ်မတွေက လုပ်သွားကြမှာလေ"

"လှိုင်"

"ပြောလေ ကိုဇော်သက်ထွန်း"

"မမတို့လုပ်တဲ့ တစ်နှစ်ပြည့်ဆွမ်းကျွေးကို ကျွန်တော်နဲ့ အတူတူ လိုက်ခဲ့ပါလား"

"လှိုင့်ကို ပို့ပြီးမှသွားရင် အချိန်မရလို့လား၊ ဒါဆိုရင် လှိုင့်ဘာသာ ကားငှားပြီး စက်ရုံကို ပြန်နှင့်မယ်လေ ကိုဇော်သက်ထွန်း"

ခရီးကြုံလို့ ပြောမထွက်လို့ဟု နားလည်ပြီး သူမ ပြောလိုက်မိသည်။ တကယ်တမ်းကျတော့ အဲဒီပွဲကို သူမနှင့်အတူတူ ဇော်သက်ထွန်း သွားချင်နေမှန်း သိသာသွားစေ၏။

www.burmeseclassic.com

အင်ယါးမာကာတင်

www.burmeseclassic.com



"လှိုင့်ကို တမင်လိုက်စေချင်လို့ပါ၊ ကိုယ်နဲ့အတူတူ ဒီပွဲကို တက်တာဟာ လှိုင်နဲ့ကိုယ်တို့ရဲ့ စည်းလုံးမှုကို ပြစေချင်လို့လေ၊ လှိုင်လိုက်မယ် မဟုတ်လား၊ လူတွေရှေ့မှာတော့ မမက ရိုင်းရိုင်းပျပျ ဆက်ဆံမှာ မဟုတ်ပါဘူး လှိုင်"

"ကိုဇော်သက်ထွန်းက တကယ်လှိုက်လှိုက်လှဲလှဲ ခေါ်နေမှတော့ လှိုင် မငြင်းချင်တော့ပါဘူး၊ လှိုင်ကလည်း သူတို့တွေနဲ့ လူဘုံအလယ်မှာ မျက်နှာချင်းဆိုင်ချင်သေးတာလေ"

ကိုယ့်တွက်ကိန်းနှင့်ကိုယ်မို့ ဇော်သက်ထွန်း၏ဖိတ်ခေါ်ခြင်းကို အသာတကြည်ပင် လက်ခံလိုက်၏။

ပွဲကတော့ကြည့်ကောင်းမှာ သေချာနေ၏။

ပခုံးချင်းယှဉ်ပြချင်သော ဒေါ်ခင်သက်ချိုနှင့်ဦးတင်မြင့်တို့ မျက်နှာကို မြင်ရမည်မှာ အရသာရှိနေသေး၏။

ပြီးတော့ သူမအား ပြိုင်ဘက်တစ်ယောက်အဖြစ် အတင်းသတ်မှတ်ချင်နေသော ဇာခြည်ကိုလည်း မျက်နှာချင်းဆိုင်ရမည့်ပွဲပဲလေ။

Q C R

www.burmeseclassic.com

www.burmeseclassic.com

## ( ၄ )

အမှန်အတိုင်းဝန်ခံရရင်တော့ ဒေါ်ခင်သက်ချိုတို့ဆီမှာ ကြာမြင့်စွာ အလုပ်လုပ်ခဲ့ပေမယ့် အိမ်ကိုတော့ တစ်ခေါက်မှ မရောက်ခဲ့ဖူးပေ။

ဒေါ်ခင်သက်ချိုနှင့်ဦးတင်မြင့်တို့၏ ပိုင်ဆိုင်မှုစနေအင်အားနှင့်အညီ အဆောက်အအုံကြီးကလည်း တကယ့်ကို တခမ်းတနားရှိနေ၏။

"လှိုင် . . . အခုလောက်ဆိုရင်တော့ ဘုန်းကြီးဆွမ်းကပ်ပြီးလောက်ရောပေါ့၊ ဧည့်သည်တွေတော့ ရှိနေကြဦးမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



တမင်ကြံစည်ပြီး ဇော်သက်ထွန်းနှင့် ပူးကပ်စွာတွဲပြီး ဝင်လိုက်မိသည်။ သူမတို့စုံတွဲကို အရင်ဦးဆုံး ခရီးဦးကြိုသူက ဇာခြည်ဖြစ်နေ၏။

"ကိုဇော့်ကို လေးလေးတို့က မျှော်နေကြတာ၊ မမေမိုးပါ, ပါလာတာကိုး"

ဇာခြည့်မျက်နှာအပြုံးရိပ်များ ယှက်သန်းနေသော်လည်း စိတ်ထဲမှာတော့ သူမကို ကျိန်ဆဲနေမှာ သေချာနေ၏။

"လေးလေးရေ . . . ကိုဇော် ရောက်လာပြီ"

လူကုံထံအသိုင်းအဝိုင်း၊ စီးပွားရေးသမားတွေ အများစုရှိသောနေရာမျိုးမှာပင် ဇော်သက်ထွန်းနှင့်တွဲပြီး တက်ရောက်ဖြစ်ခဲ့သည်။

"မေမိုးလှိုင်ကတော့ မောင်ဇော့်ဆီ ရောက်သွားမှ ပိုချောပြီး ပိုလှလာသလိုပဲ"

သူမတို့ထိုင်နေရာဝိုင်းဆီသို့ ဦးတင်မြင့် အရင်ရောက်လာပြီးမှ ဒေါ်ခင်သက်ချို ထပ်ရောက်လာ၏။ ဦးတင်မြင့်ပြောသောစကားကို ဒေါ်ခင်သက်ချို ကြားသလိုပဲ သူမ ပြန်ပြောလိုက်သည့်စကားကိုလည်း ကြားမှာသေချာနေ၏။

"ဟုတ်တယ် ဦးတင်မြင့်၊ စိတ်ရောလူပါ ပျော်ရွှင်နေမှုရနေ



www.burmeseclassic.com

www.burmeseclassic.com



တော့ ဦးတင်မြင့် ပြောသလိုပါပဲ၊ ကိုဇော်သက်ထွန်းရဲ့လုပ်ငန်းတွေမှာ မန်နေဂျာလုပ်ပေးရတာ အားလုံးအဆင်ပြေနေတာပဲလေ”

“ဟုတ်တယ် မေမိုးလှိုင်၊ မောင်ဇော့်ဆီမှာ မေမိုးလှိုင်လို တော်တဲ့ထက်တဲ့ မန်နေဂျာကောင်းတစ်ယောက်ကို တန်ခိုးရှင်တစ်ယောက်က ဖန်ဆင်းပေးလိုက်သလိုပဲ၊ အစ်မရဲ့မောင်ကတော့ အားလုံးပြောင်းလဲပြီး ကံကောင်းတဲ့သူဖြစ်နေတာ အမှန်ပဲ မေမိုးလှိုင်”

လူရှေ့သူရှေ့မှာပင် စကားတွေ ပြောဖြစ်ကြပေမယ့် အချိတ်ကလေးတွေပါနေတာကိုတော့ ကာယကံရှင်တွေကိုယ်တိုင် သိနေကြမှာ သေချာ၏။

“ဆွမ်းကပ်တာအမီ တရားနာအမီ လာမလို့ပဲ မမရေ၊ လှိုင်က ကျွန်တော်တို့လုပ်ထားတဲ့အလုပ်ထဲကို လိုက်ပြနေတာနဲ့ နည်းနည်းနောက်ကျသွားတာ၊ လှိုင့်အကြံဉာဏ်နဲ့ ဒီအလုပ်ကို လုပ်ဖြစ်သွားတာ မမတို့ကိုများ စိတ်အနှောင့်အယှက်ပေးမိသလို များဖြစ်နေမလား မသိဘူး”

“မဖြစ်ပါဘူးကွာ၊ ဒီအလုပ်တစ်ခုကို လက်လွှတ်ရလိုက်ရုံနဲ့တော့ အိပ်ရေးမပျက်လောက်သေးဘူး မောင်ဇော်၊ မင်းက အခုမှ စီးပွားရေးကို ထလုပ်တဲ့သူ၊ မင်းကိုတော့ အမှတ်နည်းနည်းတိုးပေး



www.burmeseclassic.com

www.burmeseclassic.com



မိတာ အမှန်ပဲ၊ မင်းလည်း မေမိုးလှိုင်လိုပဲ တော်ပါတယ် မောင်ဇော်”

အစားအသောက်ကိစ္စကို ဒီတိုင်းပစ်ထားကြပြီး စကားလုံးလှလှလေးတွေဖြင့် ပစ်ခင်းနေကြတာ သေချာလွန်းနေ၏။

ဇာခြည်ကတော့ အတင်းကြီးစားခိုင်းသောက်ခိုင်းနေ၏။

“စားကြဦးလေ၊ ဘာမှလည်း မတို့မထိကြဘူး”

“ကျေးဇူးပဲ ဇာခြည်၊ ဒီမလာခင် အိမ်မှာစားခဲ့သောက်ခဲ့ကြတာ၊ တို့ဖေဖေဆုံးတာလည်း ဒီနေ့ တစ်လပြည့်ပဲလေ”

ဇော်သက်ထွန်းကို ဘယ်လောက်စည်းရုံးထားနိုင်ကြောင်း သက်သေပြလိုက်သောစကားမှန်း သူမကိုယ်တိုင် သိသိကြီးနှင့် ပြောလိုက်သည်။

ဇာခြည်ရော ဒေါ်ခင်သက်ချိုတို့ပါ နည်းနည်းတော့ မျက်နှာပျက်သွားကြသည်။

C

ဒေါ်ခင်သက်ချို တွယ်တော့မည်ဆိုတာကိုတော့ သူမ ရိပ်စားမိသည်။ လူတွေရှေ့မှာမို့ ပြုံးနေသော်လည်း အတော်အခံ ခက်မှာ သေချာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမတို့ ထပြန်ဖြစ်တော့ ဒေါ်ခင်သက်ချိုတစ်ယောက်တည်း ကားနားအထိ တကူးတက လိုက်ပို့ကတည်းက ပြဿနာ၏ အငွေ့အသက်များကို ကြိုရပြီးသား ဖြစ်နေ၏။

"မင်းတို့ကို လိုက်ပို့ချင်လို့တော့ မဟုတ်ဘူး မောင်ဇော်၊ လူတွေရှေ့မှာ မပြောချင်လို့ ဒီအထိ လိုက်လာပြီး ပြောမလို့ပဲ"

"မမက ဘာများပြောချင်လို့လဲ၊ စီးပွားရေးလုပ်တဲ့နေရာမှာ လုပ်ငန်းလုပ်တဲ့နေရာမှာ မမမျက်နှာကို ထောက်ထားနေရင် ကျွန်တော် လူညံ့ဖြစ်သွားမှာပေါ့"

"မင်းကို ပြောချင်တာထက် မေမိုးလှိုင်ကို ပြောချင်တာ များတယ် မောင်ဇော်၊ မင်း အသာနေ . . . ငါနဲ့ မမေမိုးလှိုင် စာရင်းနည်းနည်းရှင်းမှဖြစ်မယ်"

ဇော်သက်ထွန်းကတော့ အရိပ်အခြည်ကို အသာကြည့်နေ၏။ သူမ ခေါင်းငုံ့မခံဘူးဆိုတာကို သိနေသောကြောင့် ကြားမဝင်ဘဲ လွှတ်ပေးထားသည်။

"ပြောပါ ဒေါ်ခင်သက်ချို၊ စိတ်ထဲမှာ တအုံနွေးနွေးဖြစ်နေတာထက်စာရင်တော့ ပြောချင်တာကို ပြောလိုက်ရတာက ပေါ့ပါးသွားမှာပါပဲ ဒေါ်ခင်သက်ချို"

"ငါမွေးထားတဲ့ မျောက်က ငါ့ကို တမင်ပြန်ချောက်ပြတာ



www.burmeseclassic.com

လား မေမိုးလှိုင်၊ ညည်းတော်ပါတယ်၊ ငါ့မောင့်ဆီမှာ အပိုင်အမိအရ တွယ်တာကိုက ညည်းရဲ့အရည်အချင်းပဲ၊ ညည်း ဘာအကြံဉာဏ်တွေ ဆက်ပေးဦးမလဲ၊ ငါ့မောင်ရဲ့လုပ်ပုံကိုင်ပုံတွေ အားလုံးပြောင်းသွားတဲ့အတွက်တော့ ကျေးဇူးတင်ချင်ပေမယ့် ညည်းကိုတော့ ငါ လုံးလုံးမလိုလားဘူး”

“ဒါကတော့ ဒေါ်ခင်သက်ချိုရယ် . . . ကျွန်မက အခုချိန်မှာ ဒေါ်ခင်သက်ချိုရဲ့လက်အောက်ငယ်သားမှ မဟုတ်တော့ဘဲ၊ ကျွန်မကိစ္စကို ကျွန်မရဲ့ပိုင်ရှင် ကိုဇော်သက်ထွန်းကသာ စီမံပိုင်ခွင့်ရှိတာပဲလေ၊ ဒေါ်ခင်သက်ချိုအနေနဲ့ မလိုလားပေမယ့် ကိုဇော်သက်ထွန်းကတော့ ကျွန်မကိုယုံလို့ သဘောကျလို့ မန်နေဂျာရာထူးတောင် ပေးထားခဲ့တာပဲ”

ဒေါ်ခင်သက်ချိုနှင့် မျက်လုံးချင်းဆိုင်ပြီး စကားယှဉ်ပြောရတာကိုက အရသာရှိလွန်းနေ၏။

“ထားပါ မေမိုးလှိုင်၊ ငါတစ်ခုတော့ ပြောလိုက်ချင်တယ်၊ နင် သေသေချာချာ မှတ်ထားပါ၊ ဇော်သက်ထွန်းဟာ ငါ့မောင် အရင်းကြီးနော်၊ လုပ်ငန်းနဲ့ပတ်သက်ပြီး နင် အကြံဉာဏ်ပေးလို့ ရချင်ရမယ်၊ ဇော်သက်ထွန်းကိုတော့ နင်ပိုင်ဆိုင်ဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ နင် အနားမှာရှိနေလို့ပဲ ငါတို့မောင်နှမ ပိုပြီးတော့ ဝေးသွားစည်း

www.burmeseclassic.com

www.burmeseclassic.com



ပြတော့မယ်၊ နင့်လက်ထဲကနေ ငါ့မောင့်ကို ရအောင်ပြန်ယူပြမယ် မေမိုးလှိုင်၊ နင် ဘယ်ဘဝက လာတာလဲဆိုတာကို ကိုယ့်ဘာသာ နားလည်စမ်းပါ"

"နားလည်ပါတယ် ဒေါ်ခင်သက်ချို၊ ကျွန်မကလည်း ပြန်ပြောလိုက်ချင်ပါသေးတယ်၊ ဒေါ်ခင်သက်ချိုက ကျွန်မနဲ့ရှင့်မောင်ကို ဒီအခြေအနေအထိ မြင်နေတာကိုး၊ ကောင်းပြီလေ . . . စောင့်ကြည့်ကြသေးတာပေ့ါ၊ ဒေါ်ခင်သက်ချိုကပဲ ဇော်သက်ထွန်းကို ပိုင်ပိုင်နိုင်နိုင် စည်းရုံးထားနိုင်မလား၊ ကျွန်မကပဲ ချုပ်ကိုင်ထားနိုင်မလားဆိုတာကို ရင်ခုန်ကြည့်ကြတာပေ့ါ"

"မမ ပြောချင်တာ ဒါပဲမဟုတ်လား၊ ဒီထက်ပိုပြီးတော့ လှိုင့်ကို ပြောစရာမလိုတော့ဘူး၊ ကျွန်တော်တို့ သွားတော့မယ်"

တစ်ယောက်နှင့်တစ်ယောက် စကားစစ်ထိုးရင်းက ရုပ်ပျက်ဆင်းပျက်တွေ မဖြစ်ခင်မှာပင် ဇော်သက်ထွန်းက အခြေအနေကို ဝင်ထိန်းလိုက်၏။

သူမကတော့ အကျေနပ်ကြီး ကျေနပ်နေ၏။

၄

www.burmeseclassic.com

www.burmeseclassic.com



"မမအနေနဲ့ ဒီစကားမျိုးတွေအထိ ပြောလိမ့်မယ်လို့ မထင်ထားမိဘူး၊ လုပ်ငန်းလုသွားတာလောက်ကိုပဲ မကျေမနပ်ဖြစ်ပြီး ပြောလိမ့်မယ်လို့ တွက်ထားခဲ့တာ၊ လှိုင့်ကို အားနာစရာ ကောင်းနေပြီ၊ ကြားထဲက ကိုယ်တောင်းပန်ပါတယ် လှိုင်"

"ဘာလို့ တောင်းပန်ရမှာလဲ ကိုဇော်သက်ထွန်း၊ သူတို့က ဒီလိုဖြစ်စေချင်ကြမှတော့ တမင်ဖြစ်အောင်လုပ်ပြရမှာပေါ့ရှင်"

"လှိုင် . . . အခုကိစ္စက အလုပ်ကိစ္စမဟုတ်ဘူး လှိုင်၊ မမပြောခဲ့တာက လူမှုရေးကိစ္စ၊ ပြီးတော့ လှိုင်နဲ့ကိုယ်ကလည်း . . ."

"ဘာလဲ သူတို့ထင်နေသလို မဖြစ်ကြသေးဘူးလို့ ပြောချင်တာလား၊ လွယ်လွယ်လေးပါ၊ တခြားယောကျ်ားတစ်ယောက်အတွက် ဒီကိစ္စက ခက်ချင်ခက်ပါလိမ့်မယ်၊ ကိုဇော်သက်ထွန်းအတွက်တော့ အသေးအမွှားပဲ မဟုတ်လား"

"လှိုင် နားလည်မှု လွဲနေတာလား၊ ကိုယ့်အနေနဲ့ လှိုင့်ကို ပြောခဲ့ဆိုခဲ့တယ်ဆိုတာကလည်း . . ."

"ရှင်းပြမနေပါနဲ့ ကိုဇော်သက်ထွန်း၊ ရှင်ဖြစ်ချင်တဲ့အတိုင်းသာ သတ်မှတ်လိုက်ပါ၊ ရှင်နဲ့ကျွန်မ ယာယီတွဲကြတာပေါ့ မဟုတ်ဘူးလား"

"မဟုတ်ဘူး လှိုင်၊ ကိုယ် လှိုင့်ကို ထာဝရပိုင်ဆိုင်ချင်တာ၊



www.burmeseclassic.com

www.burmeseclassic.com



လှိုင့်ကို အလေးအနက် တကယ်ထားတာပါ”

“အဲဒီလောက်ထိ လေကုန်ခံပြီး စကားတွေနဲ့ မာယာမများချင်စမ်းပါနဲ့ရှင်၊ ရှင် ဘာပြောပြော ကျွန်မ မယုံဘူးဆိုတာကိုတော့ ရှင်းရှင်းပြောထားချင်တယ်၊ ဒါပေမဲ့ ရှင်နဲ့ကျွန်မ အတိုင်းတာတစ်ခု အထိတော့ လက်တွဲချင်တယ်”

ဒီစကားမျိုးတွေ မပြောသင့်မှန်းကိုတော့ သိနေသည်။ ရင်ထဲက မပါပေမယ့် မခံချင်စိတ်တွေဖြင့် ပြောဆိုမိပြီးသား ဖြစ်နေပြန်သည်လေ။

Q C R

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## ( ၅ )

ဒေါ်ခင်သက်ချို၏စကားတွေကြောင့်ပင် ပြိုင်ဘက်ဖြစ်ချင်နေသော ဇာခြည့်ဆုတောင်းက အလိုလိုပြည့်သွားတော့၏။

သူမ၏ဆန္ဒတွေကို လင်းသန့်အား အသိမပေးဖြစ်ခဲ့ပေမယ့် စုစုတစ်ယောက်ကတော့ ရိပ်စားနေဖြစ်ခဲ့သည်။

“မမေမိုးကို ရှူးများနေသလားတောင် အောက်မေ့မိတယ် . . . ဟု သက်ပြင်းတွေချရင်း စုစုပြောရှာသည်။ ဘယ်သူတွေ ဘာပဲပြောပြော အတိုင်းအတာတစ်ခုအထိတော့ ဇော်သက်ထွန်းကို ထိန်းချုပ်ထားနိုင်မှ ဖြစ်ပေမည်။

www.burmeseclassic.com

www.burmeseclassic.com



သူမအနေဖြင့် စိတ်ထင်ရာတွေ လျှောက်ရမ်းနေချိန်မှာ ပင် မထင်မှတ်ဘဲ တင်တင်ဟန်နှင့် ဆုံဖြစ်ကြပြန်၏။

"မေမိုးလှိုင် . . . နင်အိမ်ထောင်ကျတာကိုတောင်မှ သူများပြောလို့ ငါသိရတာ"

"နင်က စွပ်စွပ်စွဲစွဲလုပ်ပြီ တင်တင်ဟန်"

"ငါကြားတာ မဟုတ်ဘူးလား၊ ငါ့အမျိုးသားရဲ့အမျိုးတွေက နင်တို့လမ်းထဲမှာ နေတာလေ၊ သူတို့တွေ ငါတို့ဆီကို အလည်လာ ရင်းကနေ နင့်အကြောင်းကို စကားစပ်မိပြီး ပြောဖြစ်ကြတာ"

တင်တင်ဟန်က ရန်ကုန်လာခိုက်မှာပင် ဈေးဝယ်ရင်းက အမှတ်မထင် ဆုံဖြစ်ကြခြင်း ဖြစ်၏။ တင်တင်ဟန်ကြားသည့် သတင်းက လင်းသန့်နှင့်ပတ်သက်မည်ဆိုတာကို ချက်ချင်း သိလိုက် ရပြန်သည်။

"ပြောစမ်းပါဦး . . . သူတို့တွေက ဘာစကားတွေများ ပြောကြလို့တုန်း"

"နင်နဲ့အလုပ်အတူတူလုပ်နေတဲ့ ကောင်လေးတစ်ယောက် နဲ့ ညားတာဆို၊ သူတို့ပြောတဲ့အချိန်က နင်တို့ မင်္ဂလာမဆောင်သေး ဘူးနဲ့တူတယ်၊ ဦးလေးလည်း မဆုံးသေးဘူး၊ အဲဒီကောင်လေးက နင်နဲ့ တစ်အိမ်တည်းနေကြတာဆို"

အင်ပါယာစာအုပ်

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ကတော့ ဖေဖေမဆုံးခင်ကပင် လင်းသန့်နှင့် ပတ်သက်ပြီး ပြောကြဆိုကြတာတွေ ရှိနေခဲ့၏။

နှစ်တွေအကြာကြီး ကွဲကွာနေခဲ့သော တင်တင်ဟန်ကို တော့ လင်းသန့်နှင့်ပတ်သက်သည်ကိုရော၊ ဇော်သက်ထွန်းနှင့် ပတ်သက်နေသည်တို့ကိုပါ နားရည်လည်အောင် ရှင်းပြမိ၏။

## ၎

"ဒါဆို လင်းသန့်နဲ့ နင်နဲ့က အခုထိ ဘာမှမဖြစ်ကြသေး ဘူးပေါ့နော်"

"မယုံဘူးဆိုရင် နင်အချိန်ရရင် မေမေ့ကို မေးကြည့်လို့ ရသလို လင်းသန့်ကိုလည်း ကိုယ်တိုင်မေးလို့ရတယ် တင်တင်ဟန်၊ ငါပြောပြခဲ့တာတွေက အမှန်တရားတွေပဲ"

"အေးဟယ် . . . ဘာပြောပြော အခြေအနေကတော့ ပတ်ဝန်းကျင်က ပြောစရာဖြစ်နေရတာ အမှန်ပဲ၊ နင့်ကို ငါယုံပါ တယ်၊ ဒေါ်ဒေါ်နဲ့လည်း တွေ့ချင်သေးတယ်၊ နောက်တစ်ခေါက် ရန်ကုန်ရောက်မှပဲ အေးအေးဆေးဆေး လာတော့မယ်ဟာ"

ဇော်သက်ထွန်းနှင့် ပတ်သက်နေသည်များကိုတော့ စကား



www.burmeseclassic.com

www.burmeseclassic.com



မဟာပေ။ လမ်းခွဲချင်နေသော တင်တင်ဟန်ကို အားမလို အားမရ ဖြစ်နေမိပြန်၏။

"နောက်တစ်ခေါက် အိမ်လာတာကို အသာထားဦး တင်တင်ဟန်၊ အခုတွေ့တုန်းမှာတော့ နင်နဲ့ဆက်ပြီး စကားပြောချင်သေးတယ်၊ ငါ နင့်ကို ပြောပြခဲ့တာ လင်းသန့်ကိစ္စတင် မဟုတ်ဘူး၊ ဇော်သက်ထွန်းကိစ္စတွေပါ ပါတယ်လေဟာ၊ သူနဲ့ပတ်သက်ပြီးတော့ နင်ဘာမှ မပြောခဲ့တော့ဘူးလား တင်တင်ဟန်"

ခရီးသွားဟန်လွဲ တွေ့ကြတာဖြစ်ပေမယ့် တွေ့တုန်းအခိုက်မှာတော့ တင်တင်ဟန်နှင့် တမေ့တမော စကားတွေပြောချင်သေး၏။

ဇော်သက်ထွန်းနှင့်ပတ်သက်ခဲ့မိသည့်အပေါ် တင်တင်ဟန်၏မှတ်ချက်ချခြင်းကိုလည်း ကြားနာချင်မိ၏။

"အံ့သြစရာပဲဟာ၊ အလုပ်ကိစ္စပြီးတော့ သူ့အစ်မတွေကို ရှဲ့ချင်တဲ့ကိစ္စတွေအတွက်လို့ နင်ပြောပေမယ့် သတိတော့ထားနော် မေမိုးလှိုင်၊ ဇော်သက်ထွန်း ဘာဆိုတာကို နင်သိပါတယ်၊ ငါတောင်ဟိုတုန်းက အလူးအလဲခံစားနေခဲ့လို့ နင်မကျေမနပ်ဖြစ်ခဲ့သေးတာမဟုတ်လား၊ ငါ့ထက်စာရင်တော့ နင်က ပိုပြီးစိတ်ခိုင်ပါတယ်၊ ပြီးတော့ အခုအခြေအနေမှာ နင်က အများကြီး ရင့်ကျက်နေပြီပဲ"

အင်ပါယာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့တွဲဖို့အထိတော့ ပထမအစီအစဉ်မရှိဘူး၊ သူ့အစ်မနဲ့ သူ့အသိုင်းအဝိုင်းကို တမင်လုပ်ပြချင်လို့ တွဲလိုက်တာပဲ၊ ငါ့စိတ်ထဲမှာ ဘာမှမဖြစ်ဘူး"

"အချစ်ဆိုတာ နားလည်ရခက်သလို တစ်ယောက်နဲ့တစ်ယောက် ဖြစ်ပျက်ပုံချင်းလည်း မတူကြဘူး၊ အရေးကြီးတာ တစ်ခုပဲရှိပါတယ်၊ အခုအခြေအနေအတိုင်း နင်အကြာကြီးသွားလို့ မဖြစ်ဘူး မေမိုးလှိုင်၊ လင်းသန့်ဆိုတဲ့ကောင်လေးရဲ့ကိစ္စကလည်း နင့်မှာ အမည်းစက်လို ရှိနေတာ၊ ပြီးတော့ ဇော်သက်ထွန်းကိစ္စ၊ ငါ့သဘောပြောရရင်တော့ ဇော်သက်ထွန်းနဲ့ကိစ္စကိုတော့ လင်းသန့်လိုမျိုး အချိန်အကြာကြီး မဆွဲထားသင့်ဘူး၊ နင် ဇော်သက်ထွန်းကို ချစ်မိသွားရင် ဒုက္ခရောက်ကုန်လိမ့်မယ် မေမိုးလှိုင်"

"ငါက ဇော်သက်ထွန်းကို ချစ်မိလိမ့်မယ်"

"ဟုတ်တယ် ငါ စိုးရိမ်တာက ဒါပဲဟာ၊ နင့်စကားတွေကို နားထောင်ရင်းက ငါနားလည်လိုက်တာ တစ်ခုရှိတယ်၊ နင့်မသိစိတ်ထဲမှာတော့ ဇော်သက်ထွန်းက အများကြီးလွှမ်းမိုးထားတာအမှန်ပဲ မေမိုးလှိုင်၊ ဘာမှမဖြစ်ပါဘူး ပတ်ဝန်းကျင်ကို ရွဲ့တာပါလို့ ပြောနေပေမယ့် နင်တို့ဆုံခဲ့ကြတာရော၊ အခုထိ ဖြစ်ပျက်နေကြတာတွေက ပါ သွေးရိုးသားရိုးတော့ မဟုတ်တာ အမှန်ပဲ၊ နင် ဇော်သက်ထွန်းကို



www.burmeseclassic.com

www.burmeseclassic.com



ချစ်မိသွားမှာကို ငါစိုးရိမ်တယ်”

တင်တင်ဟန့်ကို ဆွဲထားပြီး စကားတွေဆက်ပြောချင်သေးသောစိတ်တို့ အလိုလိုကုန်ခန်းသွားသလို ခံစားလိုက်ရ၏။

တင်တင်ဟန်၏ ကောက်ချက်ချမှုတွေကြောင့် သူမစိတ်တို့လေးလံထိုင်းမှိုင်းသွားလေ၏။

## ၄

တင်တင်ဟန်နှင့် ခရီးသွားဟန်လွဲ တွေ့ဖြစ်ကြပုံ၊ လင်းသန့်နှင့် ပတ်သက်ပြီး ရှင်းပြရပုံများကို အိမ်ပြန်ရောက်သည်နှင့် မေမေ့အား ပြောပြဖြစ်သည်။ ဇော်သက်ထွန်းနှင့် ပတ်သက်သည်များကိုတော့ မေမေ့အား အသိမပေးချင်သောကြောင့် တမင်ထိမ်ချန်ထားလိုက်မိသည်။

“သမီးတို့ကတော့ သမီးတို့အနေမှန်တယ်ထင်ပြီး ဘာကိုမှဂရုမစိုက်ဘဲ နေခဲ့ကြတာ၊ အညာမှာနေတဲ့ တင်တင်ဟန်ကတောင်သမီးနဲ့လင်းသန့်အကြောင်းကို သိနေတာ၊ ပတ်ဝန်းကျင်မှာတော့လူတွေပြောကြဆိုကြမှာ ရစရာရှိမှာ မဟုတ်ဘူးနော် မေမေ”

အမေနှင့်သမီးမို့ လင်းသန့်နှင့် ပတ်သက်သည်များကို

www.burmeseclassic.com

www.burmeseclassic.com


ရင်ဖွင့်ပြလိုက်မိသည်။

သက်ရှိလူ မပြောနှင့် ခိုင်ခန့်သော ကျောက်ဆောင်များ တောင် ရေတိုက်စားပါများလာတော့ ပြိုလဲကျသေးတာပဲလေ . . . ဟု နားလည်လိုက်ပြန်သည်။

"သမီးဖေဖေရှိစဉ်ကတည်းက မောင်လင်းသန့် အိမ်ပေါ် ရောက်လာတဲ့ကိစ္စကို ပတ်ဝန်းကျင်က အမျိုးမျိုးပြောနေကြတာပဲ လေ၊ သမီးဖေဖေ မရှိတော့ ကွယ်ရာမှာတင် မဟုတ်တော့ဘူး၊ လူကြားသူကြားထဲမှာ ပြောင်ပြောင်တင်းတင်းကို ပြောကြဆိုကြ လာပြီ သမီး၊ မနေ့ကပဲ အဲဒီကိစ္စနဲ့ပတ်သက်ပြီး မေမေ စိတ် မကောင်းဖြစ်မိသေးတယ်၊ သမီးကိုယ်တိုင်က ဒီကိစ္စကို ပြောလာ တော့ အဖြေတစ်ခုခုရအောင်တော့ မေမေနဲ့သမီး ဆွေးနွေးမှ ဖြစ် တော့မယ်"

"ဘယ်သူနဲ့ဘာဖြစ်ခဲ့လို့ စိတ်မကောင်းဖြစ်ရတာလဲမေမေ၊ ပြီးတော့ လင်းသန့်နဲ့ပတ်သက်ပြီး မေမေက ဘာများ ဆွေးနွေးချင် တာလဲ"

ဇော်သက်ထွန်းနှင့်အရှုပ်အရှင်းကိစ္စက သူမဘာသာ ရင်ဆိုင်ဖြေရှင်းနေရဆဲမှာပင် မေမေကတော့ လင်းသန့်နှင့်ပတ် သက်သည့်ကိစ္စကို ပတ်ဝန်းကျင်မှာ အချေအတင်ရှင်းနေရပါလား


www.burmeseclassic.com

www.burmeseclassic.com



. . . ဟု စိတ်မကောင်းဖြစ်မိ၏။

"မနေ့က တစ်အိမ်ကျော်က မွေးနေ့ပွဲလုပ်လို့ မေမေသွားခဲ့တယ်၊ အဲဒီအိမ်မှာ လမ်းထဲကလူတွေလည်း တော်တော်များများစုံနေကြတာ၊ ဦးချစ်ပိုဆိုတဲ့လူက ကားမောင်းနေတဲ့ ကောင်လေးနဲ့ ခင်ဗျားသမီးက အခုထိ မင်္ဂလာမဆောင်ကြသေးဘူးလားလို့ တည့်တည့်မေးတယ် သမီးရယ်၊ မေမေဖြင့် မျက်နှာထူပူသွားတာပဲ၊ ဦးချစ်ပိုစကားကြောင့်ပဲ တချို့ကလည်း သံယောင်လိုက်ပြီး အကြီးအကျယ်မလုပ်ချင်တာတောင်မှ ဆွမ်းကျွေးပြီး ပတ်ဝန်းကျင်ကို အသိအမှတ်ပြုပေးသင့်တယ်၊ သမီးဖေဖေ မရှိတော့တာနဲ့ ယောက်ျားသားဦးဆောင်မှုမဲ့သွားတာနဲ့ ပြောင်ပြောင်တင်းတင်းကို ဝိုင်းပြောကြဆိုကြတာ သမီး"

"မေမေက ဘာလို့ ငြိမ်ခံခဲ့ရတာလဲ၊ မဟုတ်ဘူး သမီးနဲ့ လင်းသန့်က ရိုးရိုးသားသားပါလို့ ပြောထည့်လိုက်ပါလား"

အဲဒီလို ဝိုင်းမျိုးမှာ သူမသာ ငုတ်တုတ်ကြီးရှိနေလို့ကတော့ ပွဲကြမ်းသွားမှာ သေချာနေသေး၏။

"မပြောခဲ့ပါဘူး သမီး၊ ဘာဖြစ်လို့လဲဆိုတော့ မောင်လင်းသန့်နဲ့သမီးတို့ကိစ္စကို မေမေ့မှာ အစီအစဉ်ရှိသလိုပဲ၊ အခုအခြေအနေက ပတ်ဝန်းကျင်က ပြောလောက်အောင် ဖြစ်နေတာမို့လေ"

www.burmeseclassic.com

www.burmeseclassic.com



"မေမေ့အစီအစဉ်က ဘာများထူးခြားနေလို့လဲ"

"မေမေ တည့်တည့်ပဲပြောတော့မယ် သမီး၊ သမီးနဲ့ မောင်လင်းသန့်ကို မေမေတင် မဟုတ်ဘူး၊ သမီးဖေဖေရှိစဉ်ကတည်းက သဘောတူခဲ့ကြတာ၊ သမီးတို့လူငယ်ချင်းလည်း သံယောဇဉ် ရှိကြတယ်လို့ ထင်ထားတာ၊ မောင်လင်းသန့်နဲ့လည်း ပွင့်ပွင့်လင်းလင်း မေမေဆွေးနွေးပြီးသွားပြီ၊ သမီးသဘောထားတစ်ခုတည်းပဲ ကျန်တော့တာ"

သူမကံကြမ္မာကတော့ မထင်မှတ်သောကိစ္စက အရေးတကြီး လုပ်ပြနေပြန်တော့၏။

"ဘာတွေဆွေးနွေးကြလဲ၊ လင်းသန့်သဘောထားကရော ဘာတွေလဲ မေမေ"

"သမီး . . . သမီး မခံချင်စိတ်နဲ့ လျှောက်လုပ်နေတာ စိတ်ရောလူပါ ပင်ပန်းရုံမကဘူး၊ လူတွေရဲ့အပြောကိုလည်း ခံရတော့မှာ၊ ဒေါ်ခင်သက်ချိုတို့ကို မခံချင်တာနဲ့ မောင်ဇော်သက်ထွန်းနဲ့ ပူးပေါင်းတာရော၊ ရောရောဝင်ဝင် ဖြစ်နေတာကိုပါ မေမေသိထားသလို လင်းသန့်လည်း သိနေတယ်သမီး၊ ဒီတော့ သမီးရယ် သမီး အခုလုပ်နေတဲ့ စိတ်ရောကိုယ်ပါ ပင်ပန်းဆင်းရဲခြင်းဖြစ်နေရတာတွေဆီက ရုန်းထွက်လိုက်ပါ၊ မောင်လင်းသန့်နဲ့ လက်ထပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါ သမီး၊ မောင်လင်းသန့်က သမီးအပေါ်မှာ သံယောဇဉ်နဲ့ အနွံတာခံရုံတင် မကဘူး၊ တိတ်တခိုးနဲ့ ချစ်မြတ်နိုးနေတဲ့သူပါကွယ်”

“သမီး လင်းသန့်ကို ချစ်လို့မရတာတော့ သေချာတယ် မေမေ၊ သူ့အပေါ်မှာ မောင်နှမလို သူငယ်ချင်းလိုပဲ သံယောဇဉ်ရှိနေခဲ့တာ”

“ဒါဆိုရင် သမီးက မောင်ဇော်သက်ထွန်းကို ချစ်နေတယ်ဆိုပါတော့”

မိခင်ဖြစ်သူ၏အမေးကို ခံလိုက်ရမှပင် သူမစိတ်တို့ အချုပ်အနှောင်တစ်ခုမှာ ပိတ်မိပြီး မွန်းကျပ်ကျပ်ကြီး ခံစားလိုက်ရ၏။

“အဲဒါလည်း မသေချာပါဘူး မေမေ”

“ကောင်းပြီ သမီး၊ သမီးရဲ့အိမ်ထောင်ရေးကို အခုချိန်မှာ မေမေဝင်စွက်မှ ဖြစ်တော့မယ်၊ သမီး မောင်လင်းသန့်ကို လက်ထပ်ရမယ်၊ ချစ်တာတွေ မချစ်တာတွေကို မေမေ မသိချင်ဘူး၊ အခုဖြစ်နေတဲ့ စိတ်ရောကိုယ်ပါ ပင်ပန်းနေတဲ့နွံထဲကနေ သမီးရုန်းထွက်ရမယ်၊ သမီးဖေဖေ မရှိမှတော့ ဒီအိမ်ဒီခြံမှာ မေမေလည်း မနေချင်တော့ဘူး၊ သမီးခြံနဲ့အိမ်ကို လာလာဝယ်တဲ့သူတွေ အများကြီးပဲ၊ ဒီတော့ ခြံနဲ့အိမ်ကို အားချင်းပဲရောင်းဖို့ စီစဉ်မယ်၊ မေမေတို့ရေးသာမှာပဲ ကုန်ကားတစ်စီးဖြစ်ဖြစ်၊ တခြားကားတစ်စီးစီးဖြစ်ဖြစ် ထောင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဘဝကို အေးအေးလူလူနဲ့ ဖြတ်သန်းချင်ပြီ သမီး၊ မောင်လင်းသန့်ဟာ သမီးအတွက် မရှိမဖြစ် လိုအပ်တဲ့သူပဲ၊ မေမေတို့တွေ ရန်ကုန်ကနေ ခွာကြတာပေါ့ သမီးရယ်၊ မေမေစီစဉ်တာတွေကို သမီးလေး ခေါင်းညိတ်မယ်မဟုတ်လား"

မေမေပြောသလိုပင် အခုရက်ပိုင်းတွေမှာ စိတ်ရောကိုယ်ပါ ပင်ပန်းဆင်းရဲနေတာကတော့ သေချာလွန်းနေသည်။ မေမေ စိတ်ချမ်းသာဖို့ လက်ရှိအခြေအနေများကနေ ရှောင်တိမ်းထွက်နိုင်ဖို့ သဘောတူလိုက်မိပြန်သည်။

"သမီး မငြင်းချင်တော့ပါဘူး မေမေ၊ မေမေ ကောင်းသလိုသာ စီစဉ်ပါတော့"

ကိုယ့်ကိုယ်ကိုယ် အရှုံးပေးလိုက်ခြင်းလား . . . ဟု ဇဝေဇဝါ ဖြစ်မိသေးသည်။ တင်တင်ဟန်ပြောသွားခဲ့သလို ကာလကြာလာတာနဲ့အမျှ ဇော်သက်ထွန်းနှင့်ငြိတွယ်သွားမှာကို ကြောက်၍ ခေါင်းညိတ်သဘောတူလိုက်ခြင်းများလေလား။

Q C R

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

( ၆ )

မေမေကတော့ သူမ၏သဘောတူညီမှုကို ရသည်နှင့် လုပ်စရာရှိသည်များကို အပူတပြင်းစီစဉ်တော့၏။

မေမေ့ကို ခေါင်းညိတ်လိုက်ပြီးနောက်ပိုင်းမှာ လင်းသန့် နှင့် မျက်နှာချင်းဆိုင်ဖို့ကို လိပ်ပြာမလုံတော့သို ခံစားနေမိပြန်၏။

“မမေမိုး”

လင်းသန့်ကို တစ်အိမ်တည်းအတူနေပြီး ရှောင်လွဲဖို့ ကြိုးစားသော်လည်း လင်းသန့်က ရိပ်စားမိပြီး အတင်းစကားပြောဖို့ ကြိုးစား၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောချင်လဲ လင်းသန့်"

"တခြားမဟုတ်ပါဘူး၊ တစ်အိမ်ထဲမှာ အတူနေကြပြီး ဒီရက်ပိုင်းတွေမှာ ဘာဖြစ်လို့များ သိသိသာသာကြီး ကျွန်တော့်ကို ရှောင်နေရတာလဲ မမေမိုးရယ်"

ရှောင်ပြေးလို့ မလွတ်သောအခါမှာတော့ လင်းသန့်မျက်စိရှေ့မှာပင် သူမ ငြိမ်သက်နေရပြန်သည်။

"ကျွန်တော်နဲ့ပတ်သက်ပြီးတော့ မမေမိုးမှာ ဘာမှပြောစရာစကား မရှိတော့လောက်အောင် ဖြစ်သွားပြီလားဟင်"

"လင်းသန့်က ဘာတွေပြောချင်လို့၊ တို့က ဘာတွေ ပြန်ပြောပေးရမှာလဲ၊ မေမေ စီစဉ်နေတဲ့ကိစ္စတွေကို လင်းသန့် သိပြီးသားပဲ မဟုတ်လား"

မေမေကတော့ သူမဘဝစိတ်ချလုံခြုံမှုနှင့် စိတ်ချမ်းသာမှုရစေရန် လင်းသန့်နှင့် လက်ထပ်ပေးလိုသည်။

မေမေစီစဉ်သလို သူမလက်ခံခဲ့သော်လည်း လင်းသန့်အနားမှာ တစ်ဘဝလုံးနေပြီး ချစ်ကျွမ်းတဝင်ဖြစ်ဖို့ကိစ္စကတော့ အချိန်ဘယ်လောက်ကြာအောင် ကြိုးစားယူရလိမ့်ဦးမည်ဆိုတာကို သူမဘာသာ အသိဆုံးပင်ဖြစ်၏။

"ဒေါ်ဒေါ်စီစဉ်တာ တစ်ခုတည်းနဲ့တင် ကျွန်တော့်ကို

www.burmeseclassic.com

အင်ပါယာစာပေ

www.burmeseclassic.com



လက်ထပ်ဖို့ ခေါင်းညိတ်ဖြစ်ခဲ့တာ မဟုတ်လား မမေမိုး"

"မင်းက ဘာလို့ အဲဒီအဖြေကို သိချင်ရတာလဲ လင်းသန့်"

လင်းသန့်အကြည့်တွေမှာ သောကအရိပ်ယောင်တွေ ပြည့်နှက်လို့နေ၏။

လင်းသန့်အမူအရာတွေ၊ စကားသံတွေက ဝမ်းနည်းခြင်းတွေ ရောယှက်နေလေသည်။

"သိသင့်တာပေါ့ မမေမိုး၊ မမေမိုး တကယ်မချစ်နှစ်သက်ဘဲနဲ့တော့ ရှိခဲ့ဖူးတဲ့ သံယောဇဉ်ကိုငဲ့ပြီး ကျွန်တော့်ကို လက်ထပ်လိုက်ရတာ နှစ်ဦးစလုံးအတွက် မကောင်းဘူးလေ မမေမိုး"

"ဘာများထူးခြားသွားမှာမလို့လဲ လင်းသန့်၊ မင်းနဲ့တို့နဲ့က နှစ်တွေ အများကြီးကတည်းက သံယောဇဉ်နဲ့နေထိုင်လာခဲ့ကြတာပဲ၊ မေမေစီစဉ်လိုက်တာကြောင့် ပိုပြီး နီးနီးကပ်ကပ်နဲ့ တစ်ဘဝလုံး နေထိုင်သွားကြမှာပဲ မဟုတ်လား"

"ဘာလဲ မမေမိုး . . . ကိုဇော်သက်ထွန်းအပေါ်မှာ တစ်စုံတစ်ခု ဖြစ်သွားတဲ့အတွက် အဲဒီနွံအတွင်းက ရုန်းထွက်ဖို့ရယ်၊ ရှောင်ပြေးဖို့ရယ်ကြောင့် ကျွန်တော့်ကို လက်ထပ်လိုက်ရတာမျိုးတော့ မဖြစ်စေချင်တာ အမှန်ပဲ"

"မင်း ဘာတွေလျှောက်တွေးနေတာလဲ လင်းသန့်၊ မင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



တို့ကိစ္စ၊ ပြီးတော့ ရှေ့ရေးရှေးရာတွေအတွက်ပဲ ပြောလေ၊ ဘာလို့ တို့နဲ့မသက်ဆိုင်တဲ့ ဇော်သက်ထွန်းကိစ္စကို ခေါင်းစဉ်တပ်ရတာတုန်း လင်းသန့်”

“ဘာဖြစ်လို့လဲ သိချင်လား”

မေးခွန်းထုတ်ရင်းကပင် သူမ၏အရိပ်အခြည်ကို လင်းသန့် ကောင်းကောင်းကြီး အကဲခတ်နေလိုက်သေးသည်။

သူမခေါင်းထဲမှာတော့ ပတ်ဝန်းကျင်မှ လူများ၏ တစာစာ ပြောဆိုနေမှုများကြောင့်ပင် ဇော်သက်ထွန်းက အမှန်ပင် နေရာယူ ခဲ့ပြီလားလေ။

“မမေမိုးရဲ့စိတ်ထဲမှာ ပဋိပက္ခတွေနဲ့ ရောထွေးပြီး လုပ်မိ လုပ်ရာတွေ၊ တွေးမိတွေးရာတွေ ဖြစ်နေတာ မဟုတ်လား၊ မမေမိုး ကျွန်တော့်ကို တကယ်မချစ်နိုင်ပါဘူး၊ အခုကာလလေးကို ပြောတာ မဟုတ်ဘူးနော်၊ တစ်ဘဝစာလုံးအတွက် ကျွန်တော် ပြောနေရတာ၊ သံယောဇဉ်ရှိရုံနဲ့တော့ ကိုယ့်ရဲ့ချစ်ခြင်းတွေကို မသင်္ဂြိုဟ်လိုက်ပါနဲ့ မမေမိုးရယ်”

“ငါ့ရဲ့ချစ်ခြင်းတွေကို ငါ့ဘာသာ သင်္ဂြိုဟ်လိုက်တာ ဟုတ် လား လင်းသန့်”

“ဟုတ်တယ် မမေမိုး၊ ဘာဖြစ်လို့ ဒီစကားမျိုးပြောရတာလဲ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ကျွန်တော် ကိုယ်ချင်းစာလို့ပဲ”

“နင်က ကိုယ်ချင်းစာတာ”

သူမစိတ်တွေ ထွေရာလေးပါး ဖြစ်နေရသည့်အထဲ လင်းသန့်၏စကားတွေကြောင့် ဆောက်တည်ရာမရတော့ပေ။

“ဘာဖြစ်လို့ ကိုယ်ချင်းစာရတာလဲဆိုတော့ မမေမိုးကို တကယ့်ချစ်ခဲ့လို့ပဲ၊ ဒီဘဝမှာ အခုအခြေအနေတွေကြောင့် ဒီလို စကားမျိုးကို တရားဝင်ပြောဆိုခွင့်ရခဲ့တဲ့အတွက်ပဲ ကျွန်တော် ကျေနပ်လှပါပြီ မမေမိုး၊ မမေမိုးကို တိတ်တခိုး သံယောဇဉ် တွယ်ရာကနေ တိတ်တခိုးချစ်နေတဲ့ရတဲ့သူပါ၊ ပြီးတော့ မမေမိုးရဲ့ထားရာမှာပဲ ကျွန်တော်နှလုံးသားက ကျန်နေခဲ့ရမှာပါ”

“လင်းသန့်”

“ပြောလေ မမေမိုး”

“နင့်ကို လက်ထပ်မယ်လို့ ငါပြောခဲ့ပြီးပြီ၊ ဒီစကားတွေ နင်ထပ်မပြောနဲ့တော့၊ မေမေကလည်း စီစဉ်စရာရှိတာတွေကို သူ့ဘာသာစီစဉ်နေပြီ၊ ငါ့မှာ အားကိုးစရာ တစ်မျက်နှာပဲ ရှိတော့တာ၊ ငါ့မေမေ စိတ်ချမ်းသာတာကိုပဲ ငါရွေးချယ်ရလိမ့်မယ်”

ဒီစကားတွေကတော့ သူမအတွက် ကြိုတင်စဉ်းစားထားသော စကားတွေမဟုတ်မှန်း ကိုယ်တိုင်သိနေပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



လင်းသန့်နှင့် အကြေအလည် ဆွေးနွေးနေရင်းကပင် ရင်ထဲမှ အလိုလိုပေါ်ထွက်လာခဲ့သောစကားတွေ ဖြစ်နေလေ၏။

"ကောင်းပါပြီ မမေမိုး၊ ဒီစကားကိုတော့ ဒီတစ်ခါ ပြောခွင့်ပြုပါ၊ ကျွန်တော် မမေမိုးကို ချစ်တာ မမေမိုးအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်စေချင်ဘူး၊ မမေမိုးရဲ့ခံစားမှု စိတ်လွတ်လပ်မှုတွေကို မထိပါးစေချင်ဘူး၊ ကျွန်တော့်နှလုံးသားက ကျင့်သားရနေပြီးသားပါ မမေမိုး၊ လူချင်းမဆုံရသည့်တိုင် မမေမိုးကို ကျွန်တော်ချစ်နေနိုင်ပါတယ်"

လင်းသန့်ကတော့ ပြောချင်ရာတွေပြောပြီး သူမကိုထားကာ ထွက်သွားပြန်သည်။

သူမစိတ်တွေမှာတော့ မရည်ရွယ်ပါဘဲ ဇော်သက်ထွန်း၏ ပုံရိပ်များက ကြီးစိုးနေပြီပဲလေ။

## ၄

"ကိုဇော်သက်ထွန်းနဲ့ အေးအေးဆေးဆေး စကားပြောချင်လို့ တမင်ထွက်လာခဲ့တာပဲ"

သူမကို ပထမဆုံး ဆုံဖြစ်တွေ့ဖြစ်ကြသော ဆိုင်လေးဆီသို့ တမင်ခေါ်လာခဲ့သည်။ မေမေကတော့ စီစဉ်စရာတွေကို အပြီး

www.burmeseclassic.com

www.burmeseclassic.com



သတ်လုနီးပါးဖြစ်အောင် လုပ်ကိုင်ပြီးထားပြီဖြစ်၏။

"ဒါနဲ့ ကျွန်တော်တို့ ပထမအလုပ်ကိစ္စက ပြီးခါနီးလို့ နောက်လုပ်ငန်းတစ်ခုအတွက် ပြောစရာရှိလို့ဆို"

"ဟုတ်ပါတယ် ကိုဇော်သက်ထွန်း၊ ဒေါ်ခင်သက်ချိုတို့ဆီကနေ လက်ဦးမှုရယူပြီး လှိုင်တို့ စာချုပ်ချုပ်ပြီးလုပ်ခဲ့တဲ့ လုပ်ငန်းတွေက အပြီးသတ်တော့မှာပါ။ နောက်ထပ်စာချုပ်ချုပ်ပြီး လုပ်ရကိုင်ရမယ့်အလုပ်က ပိုပြီးတော့ လုပ်ငန်းခွင်ကြီးပါတယ်၊ လက်ရှိအခြေအနေမှာ လှိုင်တို့ကပဲ အဲဒီလုပ်ငန်းကို လက်ဦးမှုရဦးမှာပါ"

"ကောင်းတာပေါ့ လှိုင်ရဲ့ ကိုယ် စပြီးတည်ထားတဲ့ ဆပ်ပြာစက်ရုံကလည်း ကုန်ပစ္စည်းတွေ ရောင်းအားတက်လာနေတယ်၊ အခြေကျပြီလို့ ပြောနိုင်နေပြီ၊ လှိုင်တို့ စုစုတို့ ဖေးမကူညီမှုတွေ အများကြီးပါခဲ့တာပါ။ မမတို့နဲ့ အပြိုင်လုပ်ရတဲ့ လုပ်ငန်းကလည်း ထင်ထားတာထက်တောင် မြင်ရပြန်တော့ အားလုံးထင်ထားတဲ့အတိုင်း ကွက်တိဖြစ်ခဲ့တာပဲ"

လုပ်ငန်းအောင်မြင်မှုတွေအတွက် ဇော်သက်ထွန်းကတော့ အတော်လေး အားရကျေနပ်ပြီး တက်ကြွနေ၏။ သူမစိတ်ထဲမှာ ဘာတွေဖြစ်နေပြီး သူမဘာတွေစီစဉ်ထားသည်ကို ဇော်သက်ထွန်းတစ်ယောက် မသိရှာပေ။

www.burmeseclassic.com

www.burmeseclassic.com



“အဲဒါတွေကြောင့် အခုပြောပြမယ့်အစီအစဉ်တွေကို သိစေချင်တာပါပဲ ကိုဇော်သက်ထွန်း”

“လှိုင် . . . ဘာတွေများ စီစဉ်ထားတာရှိလို့တုန်း”

“ဒီလိုပါ အခု အသစ်ချုပ်မယ့်လုပ်ငန်းစာချုပ်ကို ကိုဇော်သက်ထွန်းနာမည်နဲ့ပဲ ဦးဆောင်ပြီးချုပ်ပါ၊ လုပ်ငန်းတွေကိုလည်း ကိုဇော်သက်ထွန်းပဲ ဦးဆောင်ပြီးလုပ်ပါ၊ လှိုင်ကတော့ အဓိက နေရာက မဟုတ်ဘဲ ကိုဇော်သက်ထွန်းကို အကူညီပေးဖို့ ရည်ရွယ်ထားတယ်”

“ဘာကြောင့်လဲ လှိုင်၊ ဘာလို့ရှောင်ထွက်ပြီး ဒီစကားမျိုး ပြောရတာလဲ”

“အကြောင်းရှိပါတယ် ကိုဇော်သက်ထွန်း၊ လှိုင်ပြောခဲ့ပြီးပါပြီ၊ အခုတာဝန်ယူပြီး လုပ်ရမယ့်အပိုင်းက တော်တော်လေးကို ကြီးကျယ်ပါတယ်၊ လုပ်ငန်းရဲ့ လိုအပ်ချက်တွေကြောင့်ပဲ ဒေါ်ခင်သက်ချို့တို့ကုမ္ပဏီနဲ့ မလွဲမသွေ ပူးပေါင်းရမယ့်အနေအထားပါပဲ”

“ဘာရယ် လှိုင် . . . မမတို့နဲ့ ဆက်စပ်ပတ်သက်ရမယ် ဆိုရင်တော့ စဉ်းစားရမယ်၊ မပတ်သက်လို့ မရဘူးလား၊ ဒါကြောင့် စာချုပ်ကို လှိုင်က လက်မှတ်မထိုးချင်တာကိုး၊ ကိုယ်နားလည်လိုက်ပြီ၊ အဲဒီလုပ်ငန်းမျိုးကို ကိုယ်တို့ ဆက်မလုပ်တော့ဘူး”

အင်ပါယာအက်ဆ

www.burmeseclassic.com

www.burmeseclassic.com



အတူသွားအတူလာနေရင်းကပင် ဇော်သက်ထွန်း၏ ပကတိစိတ်နေစိတ်ထားတို့ကို ဖြည်းဖြည်းချင်း သိလာခဲ့၏။

သူနှင့်ပတ်သက်ပြီး သူမ, ငြိုငြင်သော ကိစ္စတော်တော်များများကို ဇော်သက်ထွန်း ရှောင်လွဲနေခဲ့တာ များပြီ။ အခုကိစ္စမှာတော့ တကယ့်ကို သိသိသာသာနိုင်လွန်းနေ၏။

"ရှင် စီးပွားရေးလုပ်နေတာလေ၊ ဒီဆုံးဖြတ်ချက်မျိုး ရှင်ချလို့ ဘယ်ဖြစ်မလဲ ကိုဇော်သက်ထွန်း၊ လှိုင်ရှေ့က ထွက်ခဲ့ပြီးပြီ ဒီတစ်ခါ ရှင်ကိုယ်တိုင် ရှေ့ကထွက်ရမယ့်အနေအထားပဲ၊ ဒီလုပ်ငန်းကို လှိုင်တို့ မလုပ်တော့ရင် လှိုင်တို့နိုင်ခဲ့တာတွေအားလုံး သဲထဲရေသွန်သလို ဖြစ်သွားမှာတော့"

"မမတို့နဲ့ ပတ်သက်ရမှာရော၊ လှိုင် ခေါင်းရှုပ်ရမယ့် အနေအထားကိုရော ကိုယ်မလိုချင်ဘူး လှိုင်"

"စီးပွားရေးလောကမှာပဲဖြစ်ဖြစ်၊ နိုင်ငံရေးလောကမှာပဲဖြစ်ဖြစ် ထာဝရမိတ်ဆွေ၊ ထာဝရရန်သူဆိုတဲ့ ဆုံးဖြတ်ချက်မျိုး တရားသေမထားရဘူး ကိုဇော်သက်ထွန်း၊ စီးပွားရေးအရ ရန်သူတစ်ယောက်ဟာ မနက်ဖြန်မှာ ကိုယ့်အကျိုးအတွက် မိတ်ဆွေအဖြစ် ပူးပေါင်းရင် ပူးပေါင်းနေရမှာ၊ ဒီသဘောသဘာဝတွေက သူ့သဘာဝအတိုင်း ခေတ်အဆက်ဆက် အလိုလိုပြဋ္ဌာန်းထားခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



အချက်ပဲ၊ ဒီတော့ လှိုင်တို့အလုပ်တွေ ပိုပြီးအောင်မြင်ဖို့ ဒေါ်ခင်သက်ချိုတို့ ကုမ္ပဏီနဲ့ ပူးပေါင်းရလိမ့်မယ်၊ အဲဒီနေရာမှာ ကိုဇော်သက်ထွန်း ဦးဆောင်ပြီး ဆက်သွယ်လုပ်ကိုင်တာက ပိုအဆင်ပြေချောမွေ့ပါလိမ့်မယ်၊ ဒေါ်ခင်သက်ချိုတို့ကိုယ်တိုင်နဲ့ပဲဖြစ်ဖြစ်၊ ဇာခြည်နဲ့ပဲဖြစ်ဖြစ် အလုပ်တွဲလုပ်တဲ့နေရာမှာ လှိုင့်ထက်စာရင် ကိုဇော်သက်ထွန်းက ပိုကိုက်ညီလို့ ပြောရတာပါ၊ လှိုင်ပြောခဲ့တဲ့ စကားတွေကို လက်ခံပါ ကိုဇော်သက်ထွန်း"

ဇော်သက်ထွန်းနားဝင်အောင် စကားတွေအရှည်ကြီး မနားတမ်းပြောပြလိုက်မိသည်။

"ကောင်းပြီ လှိုင်၊ လှိုင်နဲ့ စပြီး လက်တွဲလာကတည်းက လှိုင့်အကြံဉာဏ်နဲ့ လှိုင့်စကားတွေကို လက်ခံခဲ့တာပဲ၊ ဒီကိစ္စမှာ လည်း လှိုင့်စကားအတိုင်း ကိုယ်လုပ်ပေးပါ့မယ်"

သူမအပေါ် ဘာကြောင့်များ ဒီလောက်ထိအောင် လိုက်လျောမှုတွေပေးပြီး ကောင်းပြနေပါလိမ့် . . . ဟု တွေးမရခဲ့။

သူမ၏ကိုယ်စိတ်နှလုံးသုံးပါးစလုံးကတော့ ဇော်သက်ထွန်းကြောင့် အနေရခက်ပြီထင်၏။

"ဒီစကားကြားရလို့ ဝမ်းသာပါတယ်"

"လှိုင်"

www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ ကိုဇော်သက်ထွန်း၊ ရင်ထဲမှာ ရှိနေတဲ့ ခံစားမှုက အခြေအနေရဲ့တွန်းပို့မှုကြောင့် လှိုင့်ကို ထိပါးသလိုမျိုးဖြစ်ခဲ့တယ်၊ အဲဒီစကားကိုပဲ အခုအခြေအနေမှာ လှိုင့်ကို ပြောပါရစေလှိုင်"

"ဘာလဲ လှိုင်တို့ အပျော်လွန်ခဲ့ကြပြီး ရုပ်ရှင်ရုံထဲမှာ ဖြစ်ပျက်ခဲ့တဲ့ကိစ္စလား"

"ဟုတ်ပါတယ် လှိုင်"

"ဒါဆိုရင်တော့ မပြောပါနဲ့လို့ တားမြစ်ချင်တယ် ကိုဇော်သက်ထွန်း၊ အဲဒီအချိန်တုန်းကလိုပဲ အခုချိန်မှာ ဒီစကားမျိုး ပြောခဲ့ရင်လည်း ဘာမှထူးခြားလာမှာ မဟုတ်တော့လို့ပါ၊ လှိုင်တို့ ပြန်ကြရအောင် ကိုဇော်သက်ထွန်း"

နေရာမှ ဦးစွာထပြီး ဖြစ်ခဲ့သလို ပြောမည့်စကားတွေကိုလည်း တားမြစ်ပိတ်ပင်ခဲ့၏။ ဇော်သက်ထွန်းကတော့ သူမအလိုကျအတိုင်း စကားထပ်မလာ,တော့ပေ။

Q C R

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## ( ၇ )

“မမေမိုးကတော့ အားလုံးကို အကွက်ကျကျ စီစဉ်ခဲ့ပြီး တော့ ရှောင်ထွက်သွားတော့မယ်ပေါ့လေ”

အလုပ်ကိစ္စများအကြောင်း မေမေစီစဉ်သည့်ကိစ္စများ အကြောင်းကိုပါ စုစုအား ပြောပြလိုက်မိသည်။

စုစုကတော့ ဒီစကားတွေကြားတော့ မျက်ရည်လည်ပြီး ဝမ်းနည်းနေလေ၏။

“လူ့ဘဝဆိုတာ ကိုယ်ဖြစ်ချင်တဲ့အတိုင်း ဖြစ်နေခဲ့ကြမယ် ဆိုရင် မတရားမှုဆိုတာလည်းမရှိဘူး၊ စစ်ပွဲတွေ၊ အငြိုးတွေ၊ အာဃာ

www.burmeseclassic.com

www.burmeseclassic.com



တတွေ ရက်စက်မှုတွေဆိုတာ လောကကြီးမှာ ဆိတ်သုဉ်းသွားမှာ ပေါ့ စုစုရယ်၊ တွေ့ဆုံကြုံကွဲဆိုတဲ့ သဘာဝအရပဲ ငါတို့တွေ ခွဲကြရမှာပါ”

“မမေမိုး မတရားဘူး၊ မမေမိုးကတော့ အနိုင်တွေနဲ့ ဝေးရာကို ပြေးထွက်သွားတယ်၊ ကျန်ခဲ့မယ့်သူတွေ မမေမိုးအနားရှိပြီး ခံစားနေရမယ့်သူတွေအတွက် လုံးဝထည့်မစဉ်းစားဘူး၊ တွက်လည်း မတွက်ခဲ့ဘူး”

“စုစုဆိုလိုချင်တာက ဘာလဲ”

မျက်ရည်တွေကို ဖယ်ရှားရင်းကပင် စကားတွေအသက်ဝင်အောင် စုစုပြောလေ၏။

ဒီလောက်ထိအောင် ခြုံငုံသုံးသပ်ပြီး စုစုတွေးလိမ့်မည် . . . ဟု မထင်ထားခဲ့မိပေ။

“ပထမဆုံး လင်းသန့်နဲ့ ပတ်သက်တာကိုပြောမယ် မမေမိုး၊ လင်းသန့်ဟာ မမေမိုးကို ဟိုးကတည်းက တွယ်တာခဲ့တာ ချစ်မြတ်နိုးခဲ့တာ၊ လင်းသန့်ရဲ့သံယောဇဉ်တွေကို မြင်ပါရက်နဲ့ မမေမိုး မျက်ကွယ်ပြုထားခဲ့တာ၊ အခုချိန်ကျမှ တစ်စုံတစ်ယောက်ကို ရှောင်လွှဲချင်တဲ့စိတ်နဲ့တော့ လင်းသန့်ကို တစ်ဘဝလုံး မနှိပ်စက်စေချင်ဘူး၊ မဖြစ်စလောက်သံယောဇဉ်တချို့နဲ့ ခန္ဓာကိုယ်ကိုသာ တစ်ဘဝလုံး

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ဆိုင်နေရမယ့် လင်းသန့်ကို သနားပါဦး၊ မမေမိုး တကယ်မချစ်ဘဲနဲ့တော့ လင်းသန့်ကို လက်ထပ်ပြီး ရှောင်ပြေးသွားတာ သဘာဝ မကျဘူး”

“မရတော့ဘူး စုစု၊ အခြေအနေတွေက အားလုံး ခြေလွန်လက်လွန်ဖြစ်ကုန်ပြီ၊ ငါ လင်းသန့်ကို လက်ထပ်မယ့် မေမေအစီအစဉ်ကို လိုက်နာရမယ်၊ ပြီးတော့ လင်းသန့်ကို ချစ်နိုင်အောင် ငါ ကြိုးစားယူရလိမ့်မယ်”

“အချစ်ဟာ ကြိုးစားယူလို့ ရရှိထိုးစံရှိလို့လား မမေမိုး ရယ်၊ ကျန်ခဲ့တဲ့ မမေမိုးအပေါ် တကယ်ချစ်နေတဲ့ ကိုဇော်သက်ထွန်း အတွက်ရော ထည့်မတွက်တော့ဘူးလား၊ အခြေအနေကြောင့် စုစု ပြောပြရတာပါ၊ မမေမိုးက တကယ်ဆုံးဖြတ်တော့မှာ မဟုတ်လား၊ ကိုဇော်သက်ထွန်းက မမေမိုးကို တကယ်ချစ်နေတာ၊ မမေမိုးစိတ်တိုင်းကျလုပ်ပိုင်ခွင့်တွေ ပေးထားတာကလည်း တကယ်ချစ်လို့ပါ၊ ဒီစကားပြောရတဲ့အတွက်တော့ လင်းသန့်ကို နာစေဆိုတဲ့သဘော မျိုးတော့ မဟုတ်ပါဘူး၊ မမေမိုးက ယတိပြတ်ဆုံးဖြတ်ချက်ချပြီးသား မို့ ပြောလိုက်ရတာပါ”

အချိန်လွန် အခါနှောင်းသော ချစ်ခြင်းတရားတွေကတော့ ဝမ်းနည်းကြေကွဲမှုမှတစ်ပါး အခြားအရာများကို သယ်ဆောင်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ခြင်း မရှိတော့ပေ။

"ကောင်းပြီ စုစု၊ ငါ့အတွက်နဲ့ ဇော်သက်ထွန်း နစ်နာမယ် ဆိုရင်တော့ လျော်ကြေးတစ်ခုခု ငါပေးခဲ့ပါ့မယ်၊ ငါ့ဘဝမှာ တစ်စုံ တစ်ယောက်ကို ကြီးကြီးမားမား ပေးပစ်လိုက်ရတဲ့လျော်ကြေးမျိုးပဲ စုစု၊ မေမေလုပ်ထားတဲ့ အစီအစဉ်အတိုင်းပဲ ငါဆက်လုပ်သွားရမှာ၊ နင့်ကို ငါ စာတစ်စောင်ရေးပေးထားခဲ့မယ်၊ ငါ လင်းသန့်နဲ့ လက်ထပ်ပြီး အဝေးတစ်နေရာကို ရောက်သွားတဲ့အချိန်ကျမှ ဒီစာ ကို သူဖတ်ပါစေ စုစု၊ အဲဒီစာဟာ သူ့အတွက် ငါပေးဆပ်လိုက်ရတဲ့ လျော်ကြေးပါပဲ စုစု"

သူမ မျက်ဝန်းတို့မှာပင် စိုစိုစွတ်စွတ် ဖြစ်လာနေ၏။

စုစုလိုပင် သူမလည်း မျက်ရည်တွေ ကျနေသည်ထင်၏။

အရာအားလုံးသည် မေ့ပျောက်နိုင်ခြင်းကို လွန်မြောက်ပြီး မှတ်မှတ်ထင်ထင် ကျန်ရစ်တော့မည် . . . ဟု နားလည်လိုက်မိ သည်။

## င

"သမီးလေး"

www.burmeseclassic.com

www.burmeseclassic.com



ဒီရက်ပိုင်းတွေမှာတော့ မေမေ့အစီအစဉ်တွေကို ဖြစ်အောင် အကောင်အထည်ဖော်နေရ၍ လင်းသန့်တစ်ယောက် မအားလပ်ပေ။

ခြံထဲကို ဆင်းထိုင်ရင်းကပင် မကြာမီ စွန့်ခွာရတော့မည့် အကြောင်းကိုတွေးကာ စိတ်မကောင်းဖြစ်နေမိ၏။

ဒီခြံဒီအိမ်ကြီးမှာတော့ ဖေဖေနှင့်အတူ နေထိုင်ခဲ့သော ပုံရိပ်များက ပျောက်ပျက်သွားမှာ မဟုတ်ကြောင်းကိုတော့ သားအမိနှစ်ယောက်စလုံး တိုင်ပင်မထားဘဲ နားလည်နေကြ၏။

"မေမေ"

"ဘာလဲ ဒီကနေ ခွဲရမယ်ဆိုတော့ ဝမ်းနည်းနေတာလား"

"ဖေဖေ့ကို အရမ်းသတိရတယ်ဆိုရင် ပိုမှန်မယ် မေမေ၊ ဒီအိမ်နဲ့ဒီခြံကို ခွဲသွားရတာ ဖေဖေ့ကို ဒုတိယအကြိမ် ဆုံးရှုံးရလိုက်သလိုပါပဲ မေမေ"

"စိတ်ကိုဖြေပါ သမီး၊ အားလုံးက စီစဉ်ပြီးသား ဖြစ်နေပြီလေ၊ ဒီအိမ်ရဲ့ ဝယ်မယ့်သူကို မောင်လင်းသန့်ကိုယ်တိုင် ရှာတွေ့တာ၊ နောက်လေးရက်ကြာတဲ့ တနင်္ဂနွေနေ့မှာ အရောင်းအဝယ် စာချုပ်ချုပ်ကြမှာ၊ သမီးအလုပ်တွေဖြတ်ဖို့အတွက် တစ်လအထိ အချိန်ပေးဦးမှာတဲ့၊ ဒီအိမ်ကြီးကို ရောင်းလိုက်ရပေမယ့် ခဏ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖြုတ် အလွမ်းပြေသဘောမျိုး မေမေတို့ နေခွင့်ရကြဦးမှာပါ”

“ဘာပဲပြောပြောပါ မေမေ၊ ဆုံးရှုံးလိုက်ရတာကတော့ အမှန်ပါပဲ”

သူမ, ပြောလိုက်သောစကားတွေက အဓိပ္ပာယ်တွေ အများကြီးသက်ရောက်နေမှန်း မေမေ သိနိုင်မည်မထင်ပေ။

င

လင်းသန့်တစ်ယောက် ကောင်းမွန်စွာ အိပ်စက်နေသလို မေမေလည်း အိပ်မက်တွေပင် မက်နေပေလိမ့်မည်။

သူမကတော့ အိပ်စက်ခြင်းတွေကို ကျော်ခိုင်းထားနေရ၏။ စုစုကို ပြောခဲ့သည့်အတိုင်း သူမ ပေးဆပ်ရမည်ဖြစ်သော လျော်ကြေးအတွက် စာတစ်စောင်ကိုရေးဖြစ်သည်။

မနက်ဖြန်မှာ စုစုကို ပေးထားဖို့ပဲ ဖြစ်၏။

သူမ ရေးချလိုက်သော စာသားများကို နှလုံးသား၏ အပြောချင်ဆုံးသော စကားလုံးများဖြင့် သီကုံးထားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ကိုဇော်သက်ထွန်း

ပြုသူကအသစ်၊ ခံရတဲ့သူက အဟောင်းဆိုတဲ့ စကားကို ကြားနာဖူးမှာပါ။

လှိုင်တို့နှစ်ယောက်ရဲ့အဖြစ်အပျက်တွေဟာ အဲဒီ စကားနဲ့ အကျုံးမဝင်ပါစေနဲ့လို့ ပြောပါရစေ။

လှိုင်လုပ်ခဲ့တဲ့ ကိစ္စတွေအတွက် ထိုက်တန်တဲ့လျော်ကြေး ပေးခဲ့ပါ့မယ်။

ကိုဇော်သက်ထွန်းတစ်ယောက် လှိုင့်နှလုံးသားကိုရော၊ လှိုင့်အဖြစ်အပျက်တွေကိုပါ နားလည်ပေးလိုက်ပါ။

ဒါဆိုရင်တော့ "ပြုသူအသစ်၊ ခံသူအဟောင်း" ဆိုတဲ့ ဝဋ်ကြွေးနဲ့ ပတ်သက်တာတွေ ဒီဘဝမှာပဲ နှစ်ဦးနှစ်ဖက် သဘောတူညီမှုနဲ့ ကြေလိုက်ပါတော့။

ကိုဇော်သက်ထွန်းကို လှိုင် 'ချစ်ပါတယ်'...။

တစ်ချိန်တစ်ခါက

လှိုင်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

(၈)

အနီးအပါးက အသိသက်သေ သုံးလေးယောက်ကို ခေါ်ထားတာ နာရီဝက်လောက် ရှိသွားပြီ။ အရောင်းအဝယ်စာချုပ်အတွက် အသိသက်သေပြုပေးကြမည့်လူကြီးများကို အားနာချင်လာ၏။

"အိမ်အရောင်းအဝယ်စာချုပ်ချုပ်ဖို့ ဆယ့်တစ်နာရီအတိမှာ ရောက်လာမယ်လို့ မောင်လင်းသန့် သေသေချာချာ မှာသွားတာပဲ၊ နာရီဝက်တောင် လွန်နေပြီ"

တိုင်ကပ်နာရီကိုကြည့်ရင်း မေမေက အားနာစကား ဆို

www.burmeseclassic.com

www.burmeseclassic.com


လိုက်၏။ လူကြီးတွေက ရပါတယ် . . . ဟု ပြောကြသည်။ အပြင်သို့ လှမ်းကြည့်ဆဲမှာပင် လင်းသန့်ကားလေးကို တွေ့လိုက်ရ၏။

"လင်းသန့်ရောက်လာပြီ မေမေ"

မေမေကို ပြောလိုက်စဉ်မှာပင် နောက်ထပ်ကားတစ်စီး ကပါ ထိုးရပ်လာ၏။

လင်းသန့်ကားပေါ်မှနေပြီး လင်းသန့်နှင့်အတူတူ ကိုအောင်ခြိမ့်နှင့်စုစုတို့ ဆင်းလာကြ၏။

ဇော်သက်ထွန်းကားပေါ်မှနေပြီး ဇော်သက်ထွန်းနှင့်အတူ ဦးရင်မောင်နှင့်လူကြီးနှစ်ယောက် ဆင်းလာကြသည်။ အိမ်ပေါ် တက်လာကြသည်များကိုကြည့်ပြီး ဘာတွေဖြစ်ကုန်ပြီလဲ . . . ဟူသော အကြည့်များနှင့် သားအမိနှစ်ယောက် အကြည့်ချင်းဆုံဖြစ် ကြတော့၏။

"မောင်လင်းသန့် . . . အရောင်းအဝယ်စာချုပ်ချုပ်ဖို့ ခေါ်လာခဲ့မယ်ဆိုလို့ လူကြီးတွေကို ဒေါ်ဒေါ်က ခေါ်ထားရတာ၊ ဒီအိမ်ကို ဝယ်မယ့်လူရော မောင်လင်းသန့်"

"ပါ,ပါတယ် ဒေါ်ဒေါ်၊ ဒီအိမ်ကို ဝယ်မယ့်သူကတော့ တခြားလူ မဟုတ်ပါဘူး၊ ကိုဇော်သက်ထွန်းနဲ့ သက်ဆိုင်တဲ့သူပါ၊ ဒီက,ရှေ့နေကြီးများရှေ့မှာရော လူကြီးတွေရှေ့မှာပါ ဒီအိမ်ကို


www.burmeseclassic.com

www.burmeseclassic.com


ဝယ်တဲ့စာချုပ်အပေါ်မှာ မမေမိုးက လက်မှတ်ထိုးပြီး ပေးလိုက်ပါ၊ ရောင်းသူက ဒေါ်ဒေါ်၊ ဝယ်လိုက်သူကတော့ မမေမိုးကိုယ်တိုင်ပါပဲ”

“ဘာတွေဖြစ်တာလဲ လင်းသန့်၊ ငါ နားမလည်တော့ဘူး”

တစ်စုံတစ်ရာ မှားယွင်းနေပြီဆိုတာကိုတော့ ကောင်းကောင်းကြီး နားလည်လိုက်၏။

“မမေမိုး နားလည်လာပါလိမ့်မယ်၊ အိမ်အရောင်းအဝယ် ထက်ပိုပြီး အမိကကျတဲ့ကိစ္စကို ဒီက ဦးရင်မောင်ကပဲ လူကြီးစုံရာ ရှေ့မှာ ပြောပြလိုက်ပါ”

လင်းသန့်တစ်ယောက် တက်တက်ကြွကြွဖြင့် သူမတို့ သားအမိတွေ နားမလည်နိုင်အောင် မျက်လှည့်တွေတစ်ခုပြီးတစ်ခု ပြနေသည့်အလား။

“ဒီလိုပါ မောင်ဇော်သက်ထွန်းတို့မိဘတွေရှိစဉ်ကတည်းက ကျွန်တော်ဟာ ဆွေမျိုးလိုနေလာခဲ့သလို စီးပွားဖက်အနေနဲ့ လုပ်ကိုင်ခဲ့တဲ့သူပါ၊ လူကြီးတွေစုံရာရှေ့မှာပဲ မောင်ဇော်သက်ထွန်းရဲ့ မိဘနေရာကနေ အစ်မကြီးရဲ့သမီး မေမိုးလှိုင်ကို တရားဝင်တောင်း ရမ်းပါရစေ”

“မဟုတ်သေးဘူးရှင့်၊ ဒီလိုမဟုတ်ဘူး”

“ဒေါ်ဒေါ် ငြင်းမနေပါနဲ့၊ ကိုဇော်သက်ထွန်းနဲ့မမေမိုးတို့ က


www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးနဲ့တစ်ဦး တကယ်မေတ္တာရှိနေကြတာပါ”

“မဟုတ်ဘူးလေ မောင်လင်းသန့်၊ ဒီအိမ်ရောင်းပြီး အရင်း အနှီးလုပ်မှာရော၊ သမီးလေးနဲ့ မောင်လင်းသန့်တို့ကို လက်ထပ်ပေး မှာရော . . . အဲဒီကိစ္စတွေကို ဘယ်သွားထားမလဲ မောင်လင်းသန့်”

“ရပ်မိရပ်ဖတွေရှေ့မှာပဲ ကျွန်တော် တရားဝင်ပြောပါရ စေ၊ ကျွန်တော်ဟာ မိဘမဲ့တစ်ကောင်ကြွက်ဘဝနဲ့ ရန်ကုန်တက် လာကတည်းက မမေမိုးနဲ့ခင်ရာကနေ ဦးနဲ့ဒေါ်ဒေါ်တို့နဲ့ပါ သံ ယောဇဉ်ဖြစ်ခဲ့ရပါတယ်၊ အတိုချုပ်ပြောရရင် ဦး မဆုံးခင်အချိန်က စပြီး ဒီအိမ်ပေါ်မှာ အကြောင်းတစ်ခုခုကြောင့် ကျွန်တော်နေခဲ့တာ ယနေ့တိုင်ပါပဲ၊ ကျွန်တော်နဲ့မမေမိုးဟာ မောင်နှမလို သံယောဇဉ် ဖြစ်ရုံကလွဲပြီး ပတ်ဝန်းကျင်က ပြောနေဆိုနေသံတွေလို ဘယ် အခြေအနေထိမှ မရောက်ခဲ့ပါဘူး၊ ဒီအိမ်နဲ့ဒီခြံကို ရောင်း၊ ပတ်ဝန်း ကျင်ရဲ့ကဲ့ရဲ့တင်းဖျင်းဒဏ်ကို မခံနိုင်လို့ အဝေးပြေးရုံမကဘူး၊ ကျွန်တော်နဲ့မမေမိုးတို့ကို နေရာချထားပေးဖို့ ဒေါ်ဒေါ် စီစဉ်ခဲ့ပါ တယ်၊ အဲဒီအချိန်မှာပဲ မမေမိုးနဲ့ကိုဇော်သက်ထွန်းတို့ဟာ လောက ရဲ့ လှည့်ဖြားတတ်တဲ့မာယာတွေကြောင့်ပဲ တစ်ဦးပေါ်တစ်ဦး ရင်ထဲ မှာပဲ ချစ်ခင်စွဲလမ်းနေကြပါပြီ၊ အခုချိန်မှာတော့ ဒီအိမ်ကြီးကို ရောင်းချင်တဲ့ ဒေါ်ဒေါ်ရဲ့ဆန္ဒပြည့်ဝခဲ့ပါပြီ၊ ကျွန်တော်နဲ့ဟုတ်သက်



www.burmeseclassic.com

www.burmeseclassic.com


ပြီး လူတွေရဲ့ ကဲ့ရဲ့တင်းဖျင်းစကားတွေကိုလည်း တရားဝင်ချေဖျက်လို့ ရသွားပါပြီ၊ မမေမိုးအတွက်ပဲ သတ်မှတ်ထားတဲ့ ငွေသားအတိုင်းကိုဇော်သက်ထွန်းက ဝယ်ပေးမှာပါ။ စာချုပ်ပေါ်မှာ လက်မှတ်ထိုးပါမမေမိုး၊ ပြီးတော့ ဒီစာချုပ်ကိုရော ငွေတွေကိုပါ ဒေါ်ဒေါ် လှူဒါန်းနိုင်ဖို့ မင်္ဂလာပွဲအကြို အထိမ်းအမှတ်အနေနဲ့ ကိုဇော်သက်ထွန်းနဲ့မမေမိုးတို့က ဒေါ်ဒေါ်ကို ကန်တော့လိုက်ပါ”

လင်းသန့်ကတော့ ဇာတ်ဆရာဟန်ပန်အတိုင်း သူမတို့ကို ဇာတ်ရုပ်တွေပမာ ထင်တိုင်းခိုင်းစေနေတော့၏။

မေမေကတော့ အခြေအနေအားလုံးကို သံဝေဂစကားဖြင့် ပြောဆိုလိုက်၏။

“အေးကွယ်၊ ဒေါ်ဒေါ်ဖြင့် ဘာတွေကို ဘယ်လိုနားလည်ရမှန်းတောင် မသိတော့ပါဘူး၊ မင်းတို့ ခေတ်ကာလသားသမီးတွေကတော့ တတ်လည်းတတ်နိုင်ကြပါတယ်”

မေမေ့စကားဆုံးတော့ ဇော်သက်ထွန်းက စတင်လှုပ်ရှားလာ၏။ သူမအနားသို့ တိုးကပ်လာပြီး ပြောလေ၏။

“လှိုင် . . . ဒေါ်ဒေါ့်ကို ကိုယ်တို့နှစ်ယောက် ကန်တော့လိုက်ကြရအောင်”

ဒီစကားကတော့ အိမ်ပေါ်ရှိ လူကြီးစုံရာအားလုံး ကြား


www.burmeseclassic.com

www.burmeseclassic.com


သာသော စကားပင်။

သူမဘာလုပ်ရမှန်း မသိအောင် ငြိမ်နေပြန်တော့ အနား နားကပ်ပြီး လေသံဖြင့် လူတွေမကြားအောင် ဇော်သက်ထွန်း တီး တိုးပြော၏။

"လှိုင် . . . ကိုယ့်အတွက်ပေးတဲ့ လှိုင်ရဲ့လျှော်ကြေးကို ကိုယ်ရပြီးပြီလေ၊ စုစုဆီပေးထားတဲ့စာကို ဖတ်ပြီးပြီ လှိုင်"

ရင်ထဲမှာ ဝမ်းနည်းဝမ်းသာစိတ်ဖြင့် ဇော်သက်ထွန်း၏ ငုံ့မိုးနေသောမျက်နှာကို အားကိုးတကြီး စိုက်ကြည့်ဖြစ်သည်။

သူမလက်ကိုဆွဲလာသော ဇော်သက်ထွန်း၏အပြုအမူကို မရှုန်းဖယ်ဖြစ်ပေ။


ဇော်သက်ထွန်းနှင့်အတူ လူကြီးစုံရာရှေ့မှာပင် မေမေ့ကို ကန်တော့လိုက်ရသည်။

သူမတို့နှစ်ယောက်အဖြစ်ကို ကြည့်ပြီး စုစုနှင့်အောင်ခြိမ့် တို့ အပါအဝင် လူကြီးတွေအားလုံး ဝမ်းသာပီတိဖြစ်နေကြ၏။

လင်းသန့်တစ်ယောက်သာလျှင် ဝမ်းသာခြင်းနောက်ကွယ် မှနေပြီ ဝမ်းနည်းမှုတွေကို ဟန်ဆောင်ဖုံးဖိထားလိမ့်မည် . . . ဟု စာနာစွာဖြင့် နားလည်လိုက်မိသည်လေ။

မောင်ညိုအေး(ဗန်းမော)

BURMESE CLASSIC .com
www.burmeseclassic.com



ချစ်သက်ဆယ်ပြန်မိုး

တနေ့မှာတော့ကြို

ဖတ်မစွာတတ် နေရောင်နဲ့ . . . ၊

သမ္မာပန်းရပ်ကြာ

ချစ်တာကမှန်သော ရင်မှာ

သံယောဇဉ်ချည်သမျှ

တည်ရှိစေရဲ့ . . . ။

www.burmeseclassic.com